
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ပုံနှိပ်မှတ်တမ်း"

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၉၉၀၇၀၇
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၈၇၅၀၈၀၇

ပုံနှိပ်ခြင်း

ပထမအကြိမ်

အုပ်ရေ — ၅၀၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် — ဒေါ်အိမွန်သက်လွင်
သစ္စာမွန်ပုံနှိပ်တိုက်
၁၀၆၊ တာမွေလမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်း။

ထုတ်ဝေသူ

ဦးနိုင်မျိုးထွန်း
အင်ပါရာစာပေ
တိုက်-၂၀၊ အခန်း-၁၁၊ ဦးဝိစာရလမ်း၊
မြောက်ဒဂုံ။

တန်ဖိုး - ၃၀၀ကျပ်

www.burmeseclassic.com

www.burmeseclassic.com


"အား. . . . ."

ကေသရီ ကြောက်လန့်တကြား အော်ဟစ်လိုက်ပြီး နောက်သို့ ပြန်လှည့်မကြည့်တော့။ မျက်လုံးများ ပြာဝေသွားပြီး ဘာကိုမှလည်း သတိမထားမိတော့။ ကြောက်စိတ်သည်သာ သူမ၏အာရုံကို ဖမ်းစားထားတော့သည်။

ပြေး. . . ပြေး. . . လွတ်အောင်သာပြေး

ညည်းပြေးနိုင်မှ လွတ်မယ် မိကေသရီ. . .

ကေသရီ စိတ်ကိုတင်းလိုက်ပြီး ဆက်ပြေးနေမိသည်။ ချွေးစေးများကလည်း တစ်ကိုယ်လုံးကိုပင် ရွှဲရွှဲစိုနေလေပြီ။ ပြေးရလွန်းသဖြင့် ဒူးတွေပင်ညွတ်ချင်နေပြီ။ သို့သော် ကေသရီ မရပ်ရဲ။ မည်မျှကြာအောင် ပြေးနေမိမှန်းမသိ။ ကြောက်လွန်း

www.burmeseclassic.com

www.burmeseclassic.com

သန့်ရှင်းလှသဖြင့် သေချင်စိတ်ပင် ပေါက်နေပြီဖြစ်သည်။

ဘယ်အထိ ဆက်ပြေးရမှာလဲ. . .

နောက်ဆုံး ဖြစ်ချင်ရာဖြစ် ကေသရီနောက်သို့ လှည့်ကြည့်လိုက်သောအခါ

“အား”

ခြေထောက်ဆီမှ ကျဉ်တက်သွားပြီး ကေသရီ မြေပေါ်သို့ ခွေခွေလေး ပုံရက်သားကျသွားသည်။ မျက်စေ့ကို စုံမှိတ်ထားမိလေတော့ အသားတွေတဆတ်ဆတ်တုန်နေသည်မှတပါး အခြားဘာကိုမှ ကေသရီသတိမထားမိ။

BURMESE CLASSIC

“ဟိတ်. . . ဘာဖြစ်သွားသေးလဲ”

တိုးတိုးညှင်းညှင်း မေးလိုက်သောအသံ။ ဤမျှနူးညံ့ညင်သာသောအသံသည် သူမကိုတော့ အန္တရာယ်ပေးလိမ့်မည်ဟု မထင်မိ။

ကေသရီ မော့ကြည့်လိုက်တော့ သူနှင့် အသက်မတိမ်းမယိမ်း ကောင်လေးတစ်ယောက်။ အနားမှာ လူတစ်ယောက်ရှိနေမှန်း သိလိုက်ရသဖြင့် ကြောက်စိတ်တို့ အနည်းငယ် ပျက်ပျယ်သွားပြီ။ မိမိတစ်ယောက်ထဲထက် စာလျှင်တော့ ပိုမို အားတက်ဖွယ်ပင် မဟုတ်ပါလား။

သက္ကလပ်ဦးထုပ် အညိုရောင်ဆောင်းထားသော ကောင်လေးတစ်ယောက် ကေသရီ့ကို ကြောင်နေ့စွာ ငုံ့ကြည့်နေသည်။ ကြောက်စိတ်ပြေသွားပြီဖြစ်သော ကေသရီမှာတော့ လဲကျနေသော သူမကို ကူညီထူမ မပေးဘဲ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ကြည့်နေနိုင်သော ကောင်လေး၏ စိတ်ခုမိချင်သလိုလိုပင်



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်လာသည်။ ကောင်လေးကတော့ မေးရှာပါသည်။

“နင် ထနိုင်ရဲ့လား”

“ရပါတယ်”

ကေသရီ နှုတ်ခမ်းလေးစူပြီး ပြန်ပြောရင်း ကိုယ်တိုင်ကြိုးစားပြီး ထရပ်လိုက်သည်။

“နင်က အရမ်းပြေးလာတာကိုးဟ။ ငါ အဝေးကြီးကတည်းက လှမ်းကြည့်နေတာ။ ဘာဖြစ်လာလို့လဲ”

ကောင်လေးအမေးကို အမောမပြေသေးသော ကေသရီ ပြန်မဖြေနိုင်သေး။ ကောင်လေးကတော့

“မှောင်တောင် မှောင်နေပြီ။ နင်တစ်ယောက်ထဲ အပြင်ထွက်လာတာလား။ တစ်ယောက်ယောက်ကများ နင့်ကို နှောက်ယှက်လို့လား။ တို့မြို့မှာ ဒါမျိုးရမ်းရမ်းကားကား လုပ်မဲ့သူတော့ မရှိလောက်ပါဘူး”

ကေသရီ ခေါင်းခါပြလိုက်သည်။ တစ်ကယ်လည်း ဒီမြို့ကလေးမှာ ကေသရီ့ကို နှောက်ယှက်မည့်သူ၊ အန္တရာယ်ပေးမည့်သူ မရှိပါ။ ယခု ကေသရီကို ကြောက်လန့်စေသည်မှာ လူမဟုတ်တာတော့ သေချာပါသည်။ ကောင်လေးကတော့ ကေသရီကို ရယ်ရယ်ကျဲကျဲနှင့် ပြုံးပြရင်းက

“ဒါဆိုနင့်ကို ခွေးလိုက်ဆွဲလို့ထင်တယ်”

ရှာရှာကြံကြံ တွေးတတ်သည့် ကောင်လေးကြောင့် ကေသရီပင် ပြုံးမိသွားသည်။

“မဟုတ်ပါဘူး။ ငါ့ကို... အဲ ကျွန်မကို သ.. သရဲခြောက်...”

www.burmeseclassic.com

"ဘာ. . . မဖြစ်နိုင်တာ"

"ဟို. . . ငါ့အဲ့ကျွန်မကို သရဲခြောက်တယ် ထင်တယ်"

"ထင်တယ် ဆိုတော့ မသေချာဘူးပေါ့"

ကောင်လေးပြောတော့ ကေသရီ ဇဝေဇဝါ ဖြစ်သွားသည်။

"ကဲပါလေ ထားလိုက်ပါတော့။ မှောင်နေပြီ။ ငါလိုက်ပို့ပေးရမလား"

ကောင်လေးပြောတော့ ကေသရီအားတက်သရော ခေါင်းငြိမ့်ပြမိသည်။ တစ်ကယ်လည်း ကေသရီ အဖော်တစ်ယောက်နှင့်သာ ပြန်လိုပါသည်။ သူကြုံတွေ့ခဲ့ရသည်များကို တစ်ယောက်ယောက်အား ပြောပြလိုပါသည်။ အိမ်မှာတော့ ပြန်မပြောပြချင်။ လူကြီးတွေ စိတ်ပူနေလိမ့်မည်။ ကောင်လေးက ကေသရီ ဝမ်းသာအားရဖြစ်သွားသည်ကို ကြည့်ရင်းပြုံးလိုက်ပြီး

"နင်က သရဲကိုတော့ ကြောက်တယ်။ ငါ့ကိုတော့ မကြောက်ဘူးလား"

"အမယ် ဘာ့လုပ်ကြောက်ရမှာလဲ။ မကြောက်ပါဘူး"

ကေသရီ ခါးထောက်ပြီး ခပ်စွာစွာလေး ပြန်ပြောတော့ ကောင်လေးက ခပ်ဟဟ ရယ်နေသည်။တစ်ကယ်လည်း ဘာလို့ကြောက်ရမှာလဲ။ လမ်းပေါ်မှာ လူသူပြတ်လပ်နေပေမဲ့ ဟိုခပ်လှမ်းလှမ်းအိမ်တွေကို အော်ဟစ်ပြီး အကူအညီတောင်းလို့ရသည်ပဲလေ။ ပြီးတော့ ကောင်လေးကိုကြည့်ရတာ ရိုးရိုးသားသားပါ။ အခုမှ သတိရမိသည်။ ခုနက ဘာဖြစ်လို့ တစ်ယောက်ယောက်ကို အကူအညီမတောင်းမိပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလိုက်ပြန်တော့ ဘယ်လိုအကူအညီတောင်းရမှာပါလိမ့်။ တော်တော်တော့ အူကြောင်ကြောင်နိုင်သည်။ 'ကျွန်မကို သရဲလိုက်ခြောက်နေလို့ပါ' လို့ အော်ပြီးပြေးရမှာလား။ ရယ်စရာကြီး။

"နင် မိုးမမြိုင်ဆို ပြန်မှာ မဟုတ်လား။ ငါလိုက်ပို့ ပေးပါ့မယ်"

"ဟယ် နင်ငါ့ကို သိတယ် ဟုတ်လား"

"ဒီမြို့လေးက ကျဉ်းကျဉ်းလေးပါဟာ။ ဒါနဲ့ နင်ဘာဖြစ်လာတာလဲ"

"ဟို ကျွန်မ လမ်းလျှောက်ထွက်လာရင်းနဲ့ အနောက်ဘက် တောစပ်မှာ ပန်းကလေးတွေတွေ့တာနဲ့ ငါလည်း. . . အဲ ကျွန်မလည်း. . ."

"အဟဲ နင်နဲ့ ငါနဲ့ပဲ ပြောပါဟာ"

"ဟုတ်. . . အင်း. . . ငါ နောက်ကျောမလုံလို့ လှည့်ကြည့်မိတော့. ."

ကေသရီ ပြောရင်းကပင် ကြက်သီးကလေးများ ပြန်ထလာမိသည်။ ညနေဘက် ခြေခင်းလက်ခင်းသာ၍ ကေသရီ လမ်းလျှောက်ထွက်လာခဲ့ခြင်းဖြစ်သည်။ အနောက်ဘက် တောစပ်သို့ရောက်သောအခါ သူမတစ်ခါမှ မမြင်ဖူးသော ပန်းကလေးများကို တွေ့လိုက်ရ၍ ဝမ်းသာအားရနှင့် ပြေးသွားပြီး ပန်းခူးနေမိသည်။ မည်မျှကြာသွားသည် မသိ။ မသိစိတ်၏ တိုက်တွန်းမှုကြောင့်ပဲလား. . .၊ ကေသရီ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားမိသည်။ ရုတ်တရက် နောက်သို့

www.burmeseclassic.com

www.burmeseclassic.com

ပြန်လှည့်ကြည့်မိတော့. . .

ခြုံနွယ်ပိတ်ပေါင်းတွေ ကြားမှ ဝင်းဝင်းတောက်နေသည့် စိမ်းစိမ်းဖန့်ဖန့် မျက်လုံးကြီးတစ်စုံ။ ကေသရီ့အား စူးစူးစိုက်စိုက် ကြည့်နေ လိုက်သည်မှာ ကြီးမားလှသော အရည်လည်နေသည့် မျက်လုံးကြီးများမှ အခိုးအငွေ့များပင် ထွက်နေသယောင် ဝင်းဝင်းတောက်နေသည်။ ကြည့်နေရင်းမှာပင် အမှောင်ထဲမှ မျက်လုံးကြီးတစ်စုံက သူမဆီသို့ တဖြည်းဖြည်းတိုးကပ် လာနေတော့. . .။ ကေသရီ နောက်သို့ချာကနဲလှည့်ပြီး ပြေးပါလေတော့သည်။ လုံးဝပင် ပြန်လှည့်မကြည့်မိ။

ကောင်လေးက ကေသရီ ပြန်ပြောပြနေသမျှကို ခေါင်းတငြိမ့်ငြိမ့်နှင့် နားထောင်ပေးနေရာမှ မှတ်ချက်ချသည်။

"သင်းကွဲလာတဲ့ တောခွေးတွေဘာတွေ ဖြစ်မှာပေါ့ဟာ။ သူတို့မျက်လုံးတွေက မှောင်နေရင် အရောင်တောက်နေ တတ်တယ်လေ"

"နင်ကလည်း တောခွေးမျက်လုံးက အဲဒီလောက် ကြီးပါ့မလား။ ငါတွေ့လိုက်တာ အကြီးကြီးမှ အကြီးကြီးပဲဟ"

ကေသရီက ကလေးတစ်ယောက်လို ပြောရင်း လက်မှလည်း သဏ္ဌာန်လုပ်ပြနေတော့ ကောင်လေးက ရယ်သည်။

"အကောင်အရမ်းကြီးတဲ့ တောခွေးတစ်ကောင်လည်း ဖြစ်နိုင်တာပဲ"

"နင်ကလည်းဟာ အဲဒီလောက် အကောင်ကြီးတဲ့ တောခွေး ရှိနိုင်ပါ့မလား"

"နင်ရုတ်တရက် လန့်သွားလို့ ဖြစ်မှာပေါ့။ ခေမာမြိုင်တို့

www.burmeseclassic.com

www.burmeseclassic.com



မိုးမခမြိုင်တို့က နင့်အတွက် အန္တရာယ်မရှိပါဘူး"

ကောင်လေးပြောသည်မှာလည်း ဖြစ်နိုင်ပါသည်။ တိရိစ္ဆာန်တစ်ကောင်ကောင်၏ မျက်လုံးကို တွေ့လိုက်ပြီး ကေသရီ အကြောက်လွန်သွားခြင်းလည်း ဖြစ်ချင်ဖြစ်လိမ့်မည်။ ကောင်လေးက ကေသရီမကြောက်စေရန် လာ၍တော့မသိ။ ခေမာမြိုင်နှင့် မိုးမခမြိုင်မှာ အန္တရာယ်မရှိတဲ့။ မိုးမခမြိုင်မှာ နေသည့် ကေသရီထက်ပင် သူကပိုသိနေသလို။ ကေသရီ့အတွေးကို ရိပ်မိသွားသည့်အလား ကောင်လေးက

"ဟို မြို့ထဲကလူတွေက မိုးမခမြိုင်တို့ ခေမာမြိုင်တို့ကို ပေါက်ကရလျှောက်ပြောနေတာတွေ နင်ယုံမှာစိုးလို့ပါ။ ဒါနဲ့ နင်ဘယ်နားမှာ တွေ့ခဲ့တာလဲ"

"ခေမာမြိုင်နောက်ဘက် ခင်တန်းနားမှာ"

"ဟင် အဲဒီကနေ ဒီလမ်းမဘက်ကို ဘယ်လိုလုပ် ရောက်လာတာလဲ၊ နင့်ကိုငါတွေ့လိုက်တာ ခေမာမြိုင်အရှေ့က လမ်းပေါ်မှာပါ"

"ငါ ငါလည်း ကြောက်တာနဲ့ ပြေးမိပြေးရာ ပြေးလာတာ"

ကောင်လေးက ဟိုအဝေးကို ငေးကြည့်နေသည်။ ကေသရီလည်း ကောင်လေးဘေးမှ တိတ်တဆိတ်ပင် လိုက်လျှောက်နေမိသည်။ ကောင်လေးက အဝေးသို့သာငေးရင်း ကေသရီကို လှည့်မကြည့်ဘဲ

"နင် ခေမာမြိုင်ကို ကြောက်သလားဟင်"

"မကြောက်ပါဘူးဟ။ ငါသိပ်သဘောကျတာ အဲဒီအိမ်ဟောင်းကြီးက ခန့်ခန့်ညားညားလည်း ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

မျက်ခင်းတွေ တောပန်းဗေဒါနဲ့ လှပါတယ်။ အဲဒီဘက်က လှတ်လှတ်လပ်လပ် အနားယူလို့ ကောင်းပါတယ်"

"အင်းလေ. . . ကြောက်ဖို့မကောင်းပါဘူး။ အခုလို မှောင်တဲ့အချိန်တော့ မသွားနဲ့ပေါ့။ နေ့ဘက်တွေဆိုရင်တော့ အန္တရာယ်မရှိပါဘူး"

"ဟို အခုလို မှောင်တဲ့အချိန်တွေဆိုရင် ဘာဖြစ်လို့. . ."

"ဩြော် တောခွေးတွေဘာတွေ လာတတ်လို့ပါ။ ဒီကောင်တွေက အုပ်လိုက်ဆိုရင် အန္တရာယ်ရှိတတ်တယ်လေ။ နေ့ဘက်ဆိုရင်တော့ အန္တရာယ် မရှိပါဘူး။ ရေတွင်းကြီးနားက ငှက်ပျောရုံမှာ ငှက်ပျောသီးတွေမှည့်နေတယ်။ သွားခူးစားပေါ့"

အမယ် သူက သိလှချည့်လား။ သူလည်း ဒီကို လာနေကျထင်တယ်။ အဘဦးအိုက်မောင်းရဲ့ တပည့်တွေ ထဲကပဲလား မသိဘူး။ သူလည်း ခေမာမြိုင်တို့ မိုးမခမြိုင်တို့နဲ့ ပတ်သက်နေသူပဲလား။ မေးကြည့်ရကောင်းမလား စဉ်းစားနေဆဲ မှာပင်. . .

"ကဲ မိုးမခမြိုင်ရှေ့ရောက်ပြီ။ ငါသွားတော့မယ်နော်"

ပြောပြောဆိုဆို ကောင်လေးက လှည့်ထွက်သွားသည်။

"ကျေးဇူးပဲ အိမ်ထဲဝင်ဦးလေ"

"ရပါတယ်ဟာ သူငယ်ချင်းတွေ ဖြစ်သွားပြီပဲ။ နောက်မှ ထပ်တွေ့ကြတာပေါ့"

သူငယ်ချင်းတွေတဲ့။ ဒီမြို့ကလေးကို ရောက်ကာစ ကေသရီအတွက်တော့ အသိမိတ်ဆွေ တိုးပွားလာသည်မှာ ဝမ်းသာစရာပင် မဟုတ်ပါလား။ အထူးသဖြင့် သက်တူရွယ်တူ

www.burmeseclassic.com

www.burmeseclassic.com


အပေါင်းအသင်းမရှိသော ကေသရီမှာ ပျင်းရိလှပါသည်။ ထိုကောင်လေးမှတဆင့် တခြားမိတ်ဆွေတွေလည်း ထပ်မံရရှိနိုင်သည်လေ။ နောက်တစ်ခါ ထပ်တွေ့လျှင် ထိုကောင်လေး၏ မိန်းကလေးသူငယ်ချင်းများနှင့် မိတ်ဆက်ပေးခိုင်းရမည်ဟု ကေသရီ စဉ်းစားမိသည်။

♠♠♠♠♠

www.burmeseclassic.com

www.burmeseclassic.com

ကေသရီ လုပ်စရာရှိတာတွေလုပ်ပြီး စောစော အိပ်ယာဝင်မိသည်။ ခါတိုင်းကြည့်နေကျ ရုပ်မြင်သံကြား အစီအစဉ်ကိုပင် မကြည့်တော့။ "မြင့်မြင့်" လည်း အိပ်ပျော်နေပြီ။ မြင့်မြင့်ဆိုသည်က မိုးမခမြိုင်၏ အရှင်သခင် ကေသရီ ပြုစုပေးနေရသောအဘွားကြီး။ ထိုအဘွားကြီး၏အမည်မှာ ဒေါ်လေးလေးမြင့် ဖြစ်သော်လည်း သူ့ကို 'မြင့်မြင့်'ဟု ခေါ်မှ ကြိုက်သည်။ ကေသရီ မိုးမခမြိုင်သို့ ရောက်ကာစက အဘွားဟု ခေါ်မိသည်နှင့် အဆူခံရသေးသည်။ ဒေါ်လေးလေးမြင့်က သူ့ကို အဒေါ်တို့ အဖွားတို့ခေါ်သည်ကို လုံးဝမကြိုက်။ ထို့ကြောင့် မိုးမခမြိုင်တစ်အိမ်လုံးတွင် အသက်အငယ်ဆုံး ဖိုးတျော် ကလေးကပင် ဒေါ်လေးလေးမြင့်ကို မြင့်မြင့် ဟုသာ



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ကြရသည်လေ။

အိပ်ယာထဲရောက်မှ ညနေကအဖြစ်အပျက်များကို ကေသရီ ပြန်စဉ်းစားမိသည်။ ဒီမြို့ကလေးကိုရောက်မှ ထိန့်လန့်စရာ အချို့ကို ကြုံတွေ့ခဲ့ရသည်။ သို့သော် မြို့သူမြို့သားများက ခင်မင်နှစ်လိုဖွယ်ကောင်းပြီး သဘောကောင်း ကူညီတတ်ကြသဖြင့် နေပျော်သလိုလို ဖြစ်လာပြီ။ ဟော အခုညနေပင် သူငယ်ချင်းတစ်ယောက် တိုးလာပြီ မဟုတ်ပါလား။ အခုမှသတိရသည်။ ကောင်လေးနာမည်ကို မေးမထားမိ။ ကိစ္စတော့မရှိ။ မြို့ကလေးက ကျဉ်းကျဉ်းလေးပဲ။ နောက်တော့ သိလာမှာပေါ့။ အဲဒီကောင်လေးလို ရည်ရည်မွန်မွန် သဘောကောင်းသူများနှင့် သူငယ်ချင်းဖြစ်လိုပါသေးသည်။ ကောင်လေးက သဘောကောင်းပုံရပေမဲ့ လူကတော့ အူကြောင်ကြောင်။ ဝတ်တာစားတာကလည်း သက္ကလပ်ဦးထုပ်နှင့် သက္ကလပ်ဘောင်းဘီနှင့်။ အဖိုးကြီးအို ပေါက်စကလေးလို။ ခုခေတ်ကြီးမှာ တောရောမြို့ပါ ဒီလိုဒီဇိုင်းမျိုးကို ဘယ်သူမှ သိပ်မဝတ်ကြ။ သူကတော့ အူကြောင်ကြောင်။ သူငယ်ချင်းတွေ ကတော့ ဘယ်လိုပုံစံတွေ ရှိကြမည်မသိ။ ကေသရီ သိချင်လှ ပါသည်။

သို့သော် တစ်သက်နှင့်တစ်ကိုယ် မကြုံတွေ့ဘူးသော ထိတ်လန့်ဖွယ်ရာများကို စတင်ကြုံတွေ့နေရသော ကေသရီမှာ နောက်ထပ် မည်သို့သော ထူးခြားမှုများ၊ ထိန့်လန့်ဖွယ်ရာများကို ကြုံတွေ့ရဦးမည်နည်း။ အသိမိတ်ဆွေ သူငယ်ချင်းများကလည်း အမြဲတမ်းတော့ အကူအညီ ပေးနိုင်လိမ့်မည်မထင်။ မိုးမခမြိုင်ကို



www.burmeseclassic.com

စတင်ရောက်ရှိလာကတည်းက ထူးဆန်းမှုများနှင့် ကြုံတွေ့လာခဲ့ရသည်။ ကေသရီကိုယ်တိုင်လည်း သတ္တိကောင်းလှသူ မဟုတ်သော်လည်း ထို ထူးဆန်မှုများကိုတော့ စိတ်ဝင်စားနေမိပြီ။ သိချင်စိတ်နှင့် ကြောက်လန့်စိတ်တို့က တစ်လှည့်စီရောယှက်နေပြီး ကေသရီ့ကို စိတ်လှုပ်ရှားစေသည်။

မိုးမခမြိုင်နှင့် ခေမာမြိုင်တို့ကလည်း စိတ်ဝင်စားစရာမည် ဆိုပါက စိတ်ဝင်စားချင်စရာ။ ဒီအိမ်ကြီးနှစ်လုံးရဲ့ သက်တမ်းကို ကေသရီသေသေချာချာမသိ။ အိုမင်းလှပြီ ဆိုတာကတော့ သေချာပါသည်။ မိုးမခမြိုင်၊ ခေမာမြိုင် ဆိုသော အမည်များကို ကေသရီ ကြားဖူးနေသည်ကတော့ ငယ်စဉ်ကတည်းကပင်။ ကေသရီ၏ဖခင် ဦးလှမောင်မှာ မိုးမခမြိုင်၏ လက်ရှိအရှင်သခင် ဦးအိုက်မောင်း၊ ဒေါ်လေးလေးမြင့်တို့ မောင်နှမနှင့် ဆွေမျိုးသားချင်းတော်စပ်သည်သာမကသာမက 'ဒေါ်လေးလေးမြင့်' ၏ခင်ပွန်း ဦးရန်နိုင်နှင့်ပါ သူငယ်ချင်းများဖြစ်သည်ပဲလေ။ သို့သော် ကေသရီတို့အမေနှင့် အိမ်ထောင်ကျပြီးကတည်းက ကေသရီ့အဖေက မြစ်ဝကျွန်းပေါ် မြို့ကလေး၌ အခြေချ ဖြစ်သည်မှာ ယနေ့တိုင်ပင်။

ကေသရီကတော့ ဆယ်တန်းအောင်ပြီးကတည်းက ရန်ကုန်ရှိ အဆောင်တစ်ဆောင်တွင်နေပြီး တက္ကသိုလ်ကျောင်းသူဘဝကို ဖြတ်သန်းလာခဲ့ခြင်း ဖြစ်သည်။

ကေသရီ ပူပူနွေးနွေး ဘွဲ့ရပြီးစ၊ ရန်ကုန်အဆောင်တွင်ပင် ဆက်နေပြီး အလုပ်တစ်ခုခု ရှာရကောင်းနိုးနိုး၊ မိဘများရှိရာ မြစ်ဝကျွန်းပေါ် မြို့ကလေးသို့ပဲ ပြန်ရကောင်းနိုးနိုး ဖြစ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေက အဆောင်သို့လိုက်လာသည်။ ဖေဖေတစ်ယောက်ထဲမဟုတ်။ အဘဦးအိုက်မောင်းပါ ပါလာသည်။ ဦးအိုက်မောင်းက ငယ်စဉ်ကတည်းကပင် ဖေဖေ့ထံလာနေကျဖြစ်၍ ကေသရီမှတ်မိပါသည်။ ဖေဖေနှင့် အမျိုးတော်မှန်းသိသော်လည်း မည်သို့တော်စပ်သည်ကိုတော့ ကေသရီ သေသေချာချာမသိ။

ဖေဖေက ဦးအိုက်မောင်း၏အစ်မ ဒေါ်လေးလေးမြင့် ကျန်းမာရေးမကောင်း၍ သွားရောက်ပြုစုရန် ကေသရီ့အား ပြောလာသည်။ ပထမတော့ ကေသရီလည်း အင်တင်တင်။ ဒါမျိုးဆိုတာက သူနာပြုတွေဘာတွေမှ ကျွမ်းကျင်တာမျိုးမဟုတ်လား။ ပြီးတော့ကေသရီက အဆောင်မှာ လွတ်လွတ်လပ်လပ်နေလာသူ။ လူကြီးသူမများနှင့် သိပ်ပြီးဆက်ဆံတတ်သည်မဟုတ်တော့ ခပ်လန့်လန့်။ အဆင်မှ ပြေပါ့မလားရယ်ပေါ့။ သို့သော် ဖေဖေကလည်း တိုက်တွန်းသည်ကတစ်ကြောင်း တစ်ခါမှမမြင်ဖူးသော်လည်း အမျိုးတော်စပ်သည်ကြောင့် တာဝန်ရှိသည်ဟု ယူဆမိသည်တို့ကြောင့် ကေသရီလက်ခံလိုက်သည်။

မိုးမခမြို့င်သို့ အလာခရီးတစ်လျှောက်လုံးမှာလည်း ဦးအိုက်မောင်းက ဒေါ်လေးလေးမြင့်ကို သည်းခံပေးဖို့အကြောင်း၊ ဒေါ်လေးလေးမြင့်မှာ အသက်အရွယ်ကြီးနေပြီ ဖြစ်သည့်အပြင် ရောဂါကလည်း ဖိစီးသဖြင့် သိပ်ပြီးစိတ်မူမမှန်တော့သည့်အကြောင်း၊ ဒေါ်လေးလေးမြင့် ဆိုးသည်တို့ကို ဗွေမယူဖို့ တောင်းပန်သည့်အကြောင်းတို့ကို ထပ်တလဲလဲ ပြောဆိုနေသဖြင့် ကေသရီတစ်ယောက် မနေတတ် မထိုင်တတ်ပင် ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com


လူကြီးတစ်ယောက်က တောင်းတောင်းပန်ပန် ပြောနေသဖြင့် အားနာနေမိသည်။ တစ်ကယ်ဆို ကေသရီက အငယ်ဖြစ်သည့် အပြင် ဆွေမျိုးလည်းဖြစ်သောကြောင့် ဤမျှတောင်းတောင်းပန်ပန် ပြောနေစရာမလိုဟု ကေသရီထင်မိသည်။ ဦးအိုက်မောင်းကတော့ ကေသရီ့ကို ကျေးဇူးတင်စကားတွေပါ ထပ်တလဲလဲ ပြောဆိုနေသဖြင့် ကေသရီပို၍ပင် အားနာရပြန်သည်။ ဤသို့ အပြန်အလှန် အားနာနေရင်းမှပင် ညနေဝင်ရီတရောအချိန်တွင် မိုးမခမြို့သို့ ကေသရီတို့ ရောက်ရှိလာကြသည်။

သို့သော် မိုးမခမြို့ကိုရောက်တော့ ဒေါ်လေးလေးမြင့်ကို ပြုစုရသည်မှာ သိပ်တော့မလွယ်လှကြောင်း ကေသရီ သိလိုက်ရသည်။ မည်သို့ပင်ဖြစ်စေ ကေသရီဖွဲ့မလျှော့။ မြန်မာလူမျိုးပီပီ သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ပင် ကေသရီ ခံယူထားမိသည်။ နောက်ပြီ ဒီလိုအထက်အညာ မြို့ကလေးမျိုးကိုလည်း ကေသရီ သဘောကျပါသည်။

မြို့ကလေးကတော့ ကေသရီ့ကို ဆွဲဆောင်နိုင်စွမ်း ရှိပါသည်။ အတက်အဆင်းမညီညာသော ကုန်းမို့မို့လေးများ တစ်လှည့်၊ ညီညီညာညာ လွင်ပြင်ကလေးများတစ်လှည့် ဖြစ်နေသော မြေပြင်ကပင် တမျိုးလှပနေသည်။ ကေသရီ စားနေကျ နေကြာစေ့များ၏ အပင်ကိုရော အပွင့်ကိုပါ မျက်ဝါးထင်ထင်မြင်ရ၍လည်း ကေသရီပျော်မိသည်။ ဒေသခံတို့ စီးပွားဖြစ် စိုက်ပျိုးကြသော နေကြာပန်းခင်းများမှာ ကေသရီ့ အတွက် တည်ဆောက်ပေးထားသော ဥယျာဉ်များနှယ်။ ကေသရီ စိတ်အဝင်စားဆုံးကတော့ အမျိုးအမည်မသိ



www.burmeseclassic.com

www.burmeseclassic.com

အလေ့ကျပေါက်သော တောပန်းကလေးများပင်။ ဒေသခံများ အတွက်တော့ မြင်နေကျ ပေါင်းမြက်သာသာ။ ကေသရီ အတွက်တော့ လှပကြည်နူးဖွယ်ရာ. . .။

မိုးမခမြိုင်

ငယ်ငယ်ခဲ့ကတည်းက ဖေဖေ့ထံမှ ကြားနေကျ။ ယခုတော့ ကေသရီကိုယ်တိုင် ရောက်နေပေပြီ။ မြို့ကလေး၏ အနောက်ဘက်စွန်းရှိ တောင်ကုန်းပြေပြေလေးပေါ်မှ မိုးမခမြိုင်။ ဘယ်ခေတ်လက်ရာမှန်း ကေသရီမသိသော်လည်း ရှေးလက်ရာဖြစ်ကြောင်းကတော့ ပေါ်လွင်ထင်ရှားနေသည်။ ခေတ်အဆက်ဆက် ပြုပြင်ခဲ့သောကြောင့် ယခုခေတ်အပြင်အဆင်တချို့ကိုပါ တွေ့ရသည်။ ခန့်ညားသည်။ သို့သော် ခေတ်လူငယ်သူမအဖို့တော့ လေးလံထိုင်းမှိုင်းစေသယောင်။

မိုးခမြိုင်၏လက်ယာဘက်တွင် တောင်ကုန်းကလေးက နိမ့်ဆင်းသွားပြီး အနည်းငယ်ပြန့်ပြူးသော လွင်ပြင်ကလေးတစ်ခု၊ လွင်ပြင်ကလေးက ပြန်မြင့်တက်သွားသော နောက်ထပ်ကုန်းမြင့်ပေါ်မှာတော့ မိုးမခမြိုင်နှင့် ပုံစံတူ အိမ်ကြီးတစ်ဆောင်။ မြင်လိုက်တာနှင့် ခေမာမြိုင်ဖြစ်ကြောင်းကို ကေသရီသိပါသ[illegible]။ ခေမာမြိုင်ကတော့ အနည်းငယ် ပျက်စီးယိုယွင်းနေ[illegible]။ ဘာကြောင့်များ မပြုပြင်ကြပါလိမ့်။ ယိုယွင်းစပြုနေသည်မှာ ထင်ရှားသော်လည်း ထုကြီးထည်ကြီးဖြင့် တည်ဆောက်ထားသဖြင့် မှောင်ရီဝိုးတဝါးမှာပင် ခန့်ညားမှုရှိနေသေးကြောင်းလည်း ထင်ရှားနေပါသေးသည်။ လူသူ[illegible]တ်လပ်သော [illegible]မြို့စွန်ရှိ တောင်ကုန်းနှစ်ခုပေါ်မှ အိမ်ကြီးနှစ်[illegible]ဆောင်မှာ ကြောက်တတ်



www.burmeseclassic.com

www.burmeseclassic.com



သူများအဖို့တော့ ကြောက်ချင်စရာ။ ညနေက ခပ်မှောင်မှောင်မှာ အိမ်ကြီးနှစ်ဆောင်၏ အရောင်ကလည်း မည်းနက်နေသေးသည်။ ၎င်း ကြောက်တတ်သူများစာရင်းတွင် ပါဝင်နေသော ကေသရီမှာလည်း ကြောက်မိသည်။

ကေသရီက ကြောက်တတ်သော်လည်း သရဲကိုတော့ စိတ်ဝင်စားမိပြန်သည်။ သရဲကို ကြောက်လည်းကြောက်တတ် သလို တွေ့လည်းတွေ့ချင်နေမိသည်။ ထို့ကြောင့်လည်း အဆောင် နေကျောင်းသူဘဝက သူငယ်ချင်းများနှင့် အပျော်တမ်း သရဲခေါ် ရသည်မှာ မကြာခဏ။ ကေသရီတို့ နေခဲ့သည့် အဆောင်ကလည်း သရဲခြောက်သည်ဟု နာမည်ကြီးသော အင်္ဂလိပ်လက်အောက် ကတည်းက ဆောက်ထားသော အဆောက်အဦးပင်။ သို့သော် ကိုရွှေသရဲမှာ ကေသရီတို့ အဆောင်သူများ ဘုရှုတ်ကျလွန်း သည်ကို ပြန်၍ကြောက်နေရသည်ထင်သည်။ တစ်ခါမှ ထင်သာမြင်သာ မပြရဲရှာ။ ထို့ကြောင့် ကေသရီမှာလည်း ရမ်းသမ်း၍သာ ကြောက်နေရသည်။ ယခု မိုးမခမြို့ကို ရောက်တော့လည်း ကြောက်ချင်သလိုလို၊ မကြောက်ချင်သလိုလို။ ကေသရီလို အကြောက်တတ်ခံရှိသူများအဖို့တော့ မိုးမခမြို့နှင့် ခေမာမြို့မှာ. . .

မိုးမခမြို့သို့ ရောက်ရှိလာသောအခါ ကေသရီနှင့် ဦးအိုက်မောင်းကို အသက်ငါးဆယ်ကျော် အမျိုးသမီးကြီး တစ်ဦးက ခရီးဦးကြိုပြုသည်။ ဒေါ်လုံးဟု သိလိုက်ရသည်။ မှီးသားဖော်ရွေသော တောသူမကြီးပင်။ နောက်တစ်ယောက်က ဒေါ်လုံး၏မြေး ဆယ်နှစ်အရွယ် ကျော်ကျော်။ ဒေါ်လုံးတို့

www.burmeseclassic.com

www.burmeseclassic.com

မြေးအဖွားမှာ ဒေါ်လုံးက အိမ်မှုကိစ္စများကို ဆောင်ရွက်ရန်နှင့် ကျော်ကျော်ကလေး၏ ပညာရေးအတွက် မြို့ကလေးအနီးရှိ တောရွာမှ ခေါ်ထားခြင်းဖြစ်သည်။ ကျော်ကျော်လေး၏ မိဘများမှာ ရွာတွင်ရှိသေးသည်။ မိုးမခမြိုင်၏ သွေးသား အရင်းများ င်။

"နင်တို့အဖေနဲ့ ဒေါ်လုံးက ဘယ်သူဘယ်ဝါတွေနဲ့ ဘယ်လို"

စသည်ဖြင့် ကေသရီ မကြားဖူးသော နာမည် အမြောက်အများတို့ဖြင့် မည်သို့မည်ပုံ တော်စပ်သည်ကို ဦးအိုက်မောင်းမှ ရှင်းပြသော်လည်း ရှုပ်ထွေးလှသော တော်စပ်ပုံ တို့ကို ကေသရီ နားမရှင်းလှ။ မည်သို့ပင်ဆိုစေ ဆွေမျိုးတော်လျှင် ဆွေမျိုးပေါ့။ ဒီလောက်ဆို ကေသရီအတွက် လုံလောက်ပြီ။

"ဒေါ်လုံးရေ ကလေးမဖို့ ကော်ဖီလေး လုပ်ပါကွယ်။ ဟော့ဖိုးကျော် မင်းမမဖို့ မြင့်မြင့်ကြီးအခန်းဘေးက အခန်းကို ရှင်းထားပေးလိုက်ပါကွယ်။ ဘဘ နားလိုက်ဦးမယ်"

အဘဦးအိုက်စံ ပြောပြောဆိုဆို အပေါ်ထပ်သို့ တက်သွားသည်။

"ဖွားလုံး သားကိုလည်း ကဖေးတစ်ခွက်လောက်"

ဖိုးကျော်လေးကလည်း သူ့အဖွားကို ပူဆာလိုက်ရင်းမှ အိမ်ပေါ်ထပ်သို့ ပြေးတက်သွားပြန်သည်။

"ကလေးမ ထိုင်ဦးနော်။ ဒေါ်ကြီး ကာဖီသွားဖျော် လိုက်ဦးမယ်"

ဒေါ်ကြီးလုံးလည်း အိမ်နောက်ဘက်သို့ ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ကြီးလုံးက ကာဖိ၊ ဖိုးကျော်လေးက ကဖေး၊ အဘဦးအိုက်မောင်းက ကော်ဖီ၊ ကေသရီရယ်ချင်မိသည်။ ပြီးတော့ ဒေါ်လုံးသာမက ဤဒေသမှ ိန်းမကြီးများမှာ စကားပြောပုံ၊ လေယူလေသိမ်းတို့ ထူးခြားကြောင်းကို ကေသရီ သတိထားမိသည်။ ကေသရီတစ်ယောက်တည်း ဧည့်ခန်းထဲတွင် ကျန်နေချိန်၌ ဧည့်ခန်းကို လှည့်ပတ် ကြည့်ရှုနေမိသည်။

ဧည့်ခန်းနံရံတွင်တော့ ကြက်သရေခေါင်းပေါင်း၊ ရင်ဖုံးတိုက်ပုံနှင့် ရှေးအဖိုးကြီးပုံ ပုံတူပန်းချီကားကြီးတစ်ချပ်။ ရှေးခေတ်ဒီဇိုင်း ကုတ်အကျႌဝတ် မာဖလာပတ် အမျိုးသားဓာတ်ပုံတစ်ပုံ၊ ခေတ်ဟောင်းဒီဇိုင်းနှင့်ပင် အမျိုးသမီးဓာတ်ပုံတစ်ပုံ တို့ကို တွေ့ရသည်။ ထို့နောက် သမင်ချိုကြီးတစ်ခု ချိတ်ဆွဲထားသည်ကိုလည်း တွေ့ရသည်။ သမင်ချိုကြီး၏အောက်တွင်ဇော အမျိုးသားသုံးယောက်နှင့်, အမျိုးသမီးတစ်ဦး ရိုက်ထားသော ဓာတ်ပုံတစ်ပုံ။ ထိုအုပ်စုပုံထဲမှ အမျိုးသမီးနှင့် အမျိုးသားတစ်ဦးပုံမှာ ပထမဓာတ်ပုံနှစ်ပုံမှ အမျိုးသားနှင့် အမျိုးသမီးဖြစ်ကြောင်း သိသာသည်။ နောက်အမျိုးသားတစ်ယောက်မှာလည်း ဦးအိုက်မောင်းငယ်စဉ်ကပုံဖြစ်ကြောင်း သိသာသည်။ နောက်ထပ် အမျိုးသားတစ်ဦး၏ ပုံမှာတော့ ဦးခေါင်းပိုင်းမှ ဆေးသားများ ပျက်ပျယ်နေပြီဖြစ်သည်။ မျက်နှာကို သေချာစွာမမြင်ရ။

မျက်နှာဆေးသား ပျက်ပျယ်နေသော အမျိုးသားမှာ တယောထိုးနေပြီး အမျိုးသမီးမှာ သီချင်းဆိုနေဟန် ဖြစ်သည်။ ကျန်အမျိုးသားများမှာမူ လက်ခုပ်တီးနေကြပုံ ဖြစ်သည်။ ဓာတ်ပုံများထဲတွင် ပါဝင်သောအမျိုးသမီးမှာ ဒေါ်လေးလေးမြင့်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရမည်ဟု ကေသရီ ခန့်မှန်းလိုက်သည်။ နောက် အမျိုးသားကြီးမှာတော့ ဒေါ်လေးလေးမြင့်၏ ခင်ပွန်းဖြစ်နိုင်သည်။ အသက်အရွယ်သာ ကွာခြားသည်။ နောက်အမျိုးသား တစ်ယောက်မှာ ဦးအိုက်မောင်းမှန်း ကေသရီ သေချာစွာ သိပါသည်။ မျက်နှာဆေးသားပျယ်နေသော တစ်ယောက်ကိုသာ ကေသရီ မသိ။

ကေသရီ၏ အတွေးမှန်ကန်ကြောင်းကို ဒေါ်လုံးက ထောက်ခံလာသည်။

"ကလေးမ ကာဖီသောက်ဦးကွယ့်။ အကြွမ်းရည်လေးလည်းသောက်လိုက်ဦး"

ဒေါ်လုံးက ကော်ဖီပန်းကန်နှင့် ရေနွေးအိုးတို့ကို ချပေးရင်း ပြောလာသည်။ ပြီးတော့ ဓာတ်ပုံများကို စိတ်ဝင်စားနေသော ကေသရီကို ရိပ်မိသွားပြီး နံရံသို့ လက်ညှိုးညွှန်ပြကာ

"ဒါ ကိုကြီးရန်နိုင်ရဲ့ပုံပေါ့။ ကလေးမအဖေများနဲ့ အမျိုးလည်း အမျိုး၊ သူငယ်ချင်းလိုလည်း သိပ်ခင်ကြတာပေါ့ကွယ်"

ကေသရီက အမျိုးသမီးပုံကို ညွှန်ပြလိုက်ပြီး

"ဒါဆို ဒီပုံက အဖွား ဒေါ်လေးလေးမြင့်ရဲ့ပုံလား"

"ဟုတ်တာပေါ့ကွယ်။ အဲဒီတုန်းကတော့ ဒီမြို့လေးမှာ မြင့်မြင့်က အချောဆုံးပေါ့ကွယ်"

ဟုတ်ပါသည်။ ထိုဓာတ်ပုံကို ယခုခေတ်အဝတ်အစားများ တပ်ဆင်ပေးလိုက်ပါက ယခုခေတ်တွင်လည်း အချောဆုံး၊ အလှဆုံး ဖြစ်လာပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသရီက အဖိုကြီးပုံ ပုံတူပန်းချီကားကို ညွှန်ပြကာ

"ဒါက ဒေါ်လေးလေးမြင့်တို့ရဲ့ အဖေပုံလားဟင်"

"အင်း မမမြင့် ယောက္ခမထင်ပါရဲ့ကွယ်။ ကိုကြီးရန်နိုင်တို့ အဖေဖြစ်မှာပေါ့။ မမမြင့်တို့ အဖေများပုံက အပေါ်ထပ်မှာ ရှိတယ်။အင်းလေ ...... ...ို့အဖေက အောက်ပြည်အောက် ရွာမှာ အခြေချတော့ ကလေးမတို့လည်း အဆက်ပြတ်ကုန်တာ ပေါ့ကွယ်။ ဟိုဘက်ပုံထဲမှာ တယောထိုးနေတာက ကိုလေးရန်ပိုင် ပုံလေ။ ကိုကြီးရန်နိုင်ရဲ့ညီပေါ့"

"ဖွားလုံး၊ ဖွားလုံး သားကိုလည်း ကြီးလာရင် တယောထိုး သင်ပေးမယ်တဲ့"

ဖိုးကျော်က ဝင်ပြောတော့ ဒေါ်ကြီးလုံးက

"အမလေး မျောက်လောင်းလေးရယ်။ နင့်ကို ဘယ်သူက သင်ပေးမှာလဲဟဲ့"

"ဟို ခေမာမြိုင်က အစ်ကိုကြီးက သင်ပေးမယ်တဲ့"

"ဟင်"

ဒေါ်လုံး မျက်နှာပျက်သွားသည်။ ဖိုးကျော်လေးကတော့ သတိမထားမိဘဲ အိမ်နောက်ဘက်သို့ ဝင်သွားသည်။ ကေသရီ လည်း စပ်စုလိုသည်နှင့်

"ခေမာမြိုင်မှာ တယောထိုးတတ်တဲ့သူ ရှိသလားဟင်"

ဒေါ်လုံးက ဦးခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလိုက်ပြီး

"ခေမာမြိုင်မှာ ဘယ်သူမှ မနေတာ နှစ်တွေကြာလှပြီ"

"ရှင်"

သူတို့စကားဝိုင်း ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်

www.burmeseclassic.com

www.burmeseclassic.com

သွားကြသည်။ နောက်တော့မှ ဒေါ်လုံးက

"ခေမာမြိုင်ဘက် လာတတ်တဲ့ အကိုကြီးအိုက်မောင်းရဲ့ အလုပ်သမား ရကောင်လေးတွေ ဖြစ်မှာပေါ့ကွယ်။ ခေမာမြိုင်ရဲ့ အနောက်ဘက်ခပ်လှမ်းလှမ်းမှာ ကိုကြီးအိုက်မောင်းရဲ့ ယာခင်းတွေ ရှိတယ်လေ။ ဖိုးကျော်က အဲဒီဘက်ကို သွားပြီး ဆော့နေကျလေ။ ကဲကဲ ကလေးမ ရေချိုးလိုက်ဦး။ ပြီးရင် ထမင်းစားလိုက် ကြရအောင်"

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com


ကေသရီတို့ ထမင်းစားပြီးသောအခါ ဒေါ်လေးလေးမြင့်အား သွားရောက်တွေ့ဆုံကြသည်။ မိုးမခမြို့၏ အိမ်ကြီး၏ အောက်ထပ်တွင် လျှပ်စစ်မီးများဖြင့် လင်းထိန်နေသော်လည်း အိမ်အပေါ်ထပ်တွင်တော့ မီးသီး မှိန်မှိန်ကလေးများကိုသာ ထွန်းညှိထားလေသည်။ အခန်းတစ်ခု၏ တံခါးကို ဒေါ်လုံးက ဆွဲအဖွင့်

ကေသရီ လန့်ပြီး မအော်ဟစ်မိစေရန် မနည်းသတိထားလိုက်ရသည်။ ညနေကပင် ဓာတ်ပုံကို ကြည့်လာခဲ့သော ဒေါ်လေးလေးမြင့်။ တစ်မြို့လုံး၏ အချောဆုံး၊ အလှဆုံး ဒေါ်လေးလေးမြင့်။ ယခု အသက်အရွယ်ကြီးမြင့်သောအခါ ငယ်စဉ်ကလို မနုပျို မလှပသော်လည်း ခန့်ညားထည်ဝါသော

www.burmeseclassic.com

www.burmeseclassic.com

အဖွားကြီးအဖြစ်သာ ကေ သရီ တွေးထင်ထားသည်။ ယခုတော့

အရိုးပေါ် အရေတင်နေသော အသားအရေ။ မျက်နှာမှာကလည်း မီးလောင်ဒဏ်ရာ အမာရွတ်ကြီးများဖြင့် . . .။ ခုတင်ပေါ်တွင် ထိုင်နေသည်မှာ ခပ်မှိန်မှိန်မီးလုံး အလင်းရောင်အောက်တွင် တစ္ဆေသရဲ တစ်ကောင်အလား. . .။ အနက်ရောင်စောင်ကြီးကိုလည်း ခြုံထားလိုက်သေးသည်။

“ဟဲ့ မိလုံးလား။ ဟိုတစ်ယောက်ကရော ငါ့ကိုပစ်ပြီး ထွက်ပြေးမယ့် ဟာမလေးပဲလား။ သွားကြစမ်း နင်တို့အားလုံး တစ်ယောက်မှ မလာကြနဲ့။ ထွက်သွားကြစမ်း”

အခန်းတွင်းသို့ပင် မဝင်ရသေး။ ဆီး၍ အဟောက်ခံလိုက်ရသဖြင့် ကေသရီ ထိတ်လန့်သွားသည်။ ဒေါ်လုံးက ကေသရီကို ဒေါ်လေးလေးမြင့် အနားသို့ ဆွဲခေါ်သွားရင်း

“မြင့်မြင့် ဒါ ကိုသီဟရဲ့ သမီးလေးလေ”

“ဘာ. . . သီဟသမီးလေး ဟုတ်လား။ ဒါဆို ငါ့မြေးပေါ့။ လာစမ်းပါဦးကွယ်”

အဖွားကြီးက ချက်ချင်း နူးညံ့သွားပြန်သည်။ ကေသရီ၏ လက်ကို ဆွဲကိုင်ထားရင်း

“အမလေး ငါ့မြေးလေးရယ်။ အခုမှပဲ တွေ့ရတော့တယ်။ အရွယ်တောင် ရောက်နေပြီပဲ။ သီဟ သီဟ ငါ့ကို ပစ်ထားရက်တယ်။ ဟိုကောင် အိုက်မောင်းလည်း အတူတူပဲ။ နင်လည်း ငါ့ကို ပစ်ပြီး ထွက်ပြေးသွားမှာပဲ မဟုတ်လား”

အဘွားကြီးက ပြောရင်းနှင့် ငိုပါတော့သည်။ ကေသရီ ဘာလုပ်ရမှန်း မသိ။ အဘွားကြီး စိတ်ပြေစေရန်



www.burmeseclassic.com

www.burmeseclassic.com


"စိတ်ချပါ အဘွားရယ် သမီးက အဘွားအနားမှာပဲ နေမှာပါ"

ကေသရီ ပြောကာမှ အဘွားကြီးက အငိုတိတ်သွားပြီး

"ဘာ ဘာအဘွားလဲ။ ညည်းက ငါ့ကို သေတော့မှာပါ်နီးပြီ ဆိုပြီး အဘွားလို့ခေါ်တာလား။ ဟေ့ ဒီမိုးမခမြို့ရော ခေမာမြို့မှာပါ ငါ့ကိုလူတိုင်းက မြင့်မြင့်လို့ပဲခေါ်ရမယ်ဆိုတာ မသိဘူးလား"

ကေသရီ စိတ်မပျက်သေးသော်လည်း တော်တော်လေး စိတ်ညစ်သွားသည်။ ဒီအတိုင်းဆို လွယ်ပါ့မလားမသိ။ ဒေါ်လုံး မှာလည်း အသာလေး ငြိမ်ကုပ်နေသည်။ သူကလည်း ကေသရီ ထက်ပင် ပို၍ကြောက်နေဟန်ရှိသည်။ ထိုစဉ်မှာပင် ဖိုးကျော်လေး က အပြေးရောက်လာပြီး

"မြင့်မြင့် မြင့်မြင့် ဟို သူပုန်ဗိုလ်ကြီးကို ပါးရိုက်လိုက်တာ ဗိုလ်စံရနော်။ ဒါကိုဒေါ်လုံးက မဟုတ်ဘူးတဲ့ သားကိုငြင်းနေတယ်"

အဘွားကြီးက ကေသရီတို့ကို မေ့သွားဟန်ရှိပြီး ဖိုးကျော်လေးကို

"ဟဲ့ ဖိုးကျော်ရဲ့ နင့်ကိုငါ ခဏခဏပြောနေတာ။ နင်မမှတ်မိသေးဘူးလား။ သူပုန်ဗိုလ် စံရမှ၊ စံရပေါ့။ ဘယ်ပြန်ညာပြန်ကို ငါချလိုက်တာ။ မိလုံးက ဘာမှမသိဘဲ ရမ်းပြောနေတာဟဲ့"

ဖိုးကျော်က အလိုက်သင့်ပြန်ပြောရင်း စားပွဲပေါ်မှ ဆေးပုလင်းများကို ဖွင့်ကာဒေါ်လေးလေးမြင့် လက်ထဲသို့ ထည့်ပေးရင်းက

"အဲဒီသူပုန်ဗိုလ်ကြီးက သေသွားပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

အဘွားကြီးလည်း ဖိုးကျော်ပေးသော ဆေးများကို ကြည်ကြည်ဖြူဖြူ ယူလိုက်ရင်းက

"အေးပေါ့ဟဲ့"

"ဘယ်တုန်းကလည်းဟင်"

ဖိုးကျော်က အဘွားကြီးကို စကားထောက်ပေးလိုက်ရင်း ရေတကောင်းထဲမှ ရေတစ်ခွက်ကို ငှဲ့ယူပြီး အဘွားကြီးလက်ထဲကို ထည့်ပေးလိုက်သည်။ အဘွားကြီးက ဆေးများကို ပါးစပ်ထဲ ပစ်ထည့်လိုက်ပြီး

"ကြာပြီပေါ့ကွယ်။ အဲဒီတုန်းကဆိုတာ မိုးမခမြို့င် တဝိုက်မှာ သေနတ်သံတွေဆိုတာ နားကွဲမတတ်ပဲပေါ့။ ဒင်းတို့က မြို့ကိုလာပြီး ဝိုင်းကြတာလေ။ ဘယ်ရမလဲ မြို့ကလည်း ပြန်ပြီးခုခံကြတာပေါ့ဟဲ့။ ခေမာမြို့င် နောက်ဘက် ခင်တန်းနားမှာ မြို့သားတွေနဲ့ ပြည်သူ့စစ်တွေက ခံချနေကြတာ။ ငါလည်း မိုးမခမြို့င်တံခါးဝမှာ ငှက်ကြီးတောင် ကိုင်ပြီး စောင့်နေတာပေါ့။ ဒင်းတို့တွေ မိုးမခမြို့င်နားကပ်ဖို့မပြောနဲ့ ခေမာမြို့င်နောက်က ရေတွင်းပျက်နားတောင် သီလို့မရဘူး။ တပ်မတော်ရဲ့ စစ်ကြောင်းလည်း ရောက်ရော ဒင်းတို့တွေလည်း တပ်ပျက်ပြီး ပြေးကြတာပေါ့။အဲဒီမှာ သူပုန်ဗိုလ်စံရကို အသေမိလိုက် တယ်လေ။ အဲဒီတုန်းက ရန်ပိုင်လေး ဒဏ်ရာရသွားလို့ ငါ့မှာ စိတ်ပူလိုက်ရတာ"

ပြောနေရင်းမှ အဘွားကြီးမှာ မျက်ရည်များ စီးကျလာ တော့သည်။ ဘာမှန်းမသိသော ကေသရီမှာတော့ အကြောင်သား နှင့်ပေါ့။ ကျော်ကျော်လေးကတော့ ဆေးပုလင်းများကို



www.burmeseclassic.com

www.burmeseclassic.com


သိမ်းဆည်းနေရင်းမှ

"ဒါ သားရဲ့ ဆေးတိုက်နည်းပေါ့။ အဘွား မြင့်မြင့်ကို ဆေးတိုက်လို့ရတာ ဒီအိမ်မှာ သားတစ်ယောက်ပဲရှိတာ"

ဟု ကေသရီကို ရှင်းပြလိုက်သေးသည်။ တတ်လည်း တတ်နိုင်တဲ့ကလေးပဲ။ သွက်သွက်လက်လက်နှင့် ကျော်ကျော့်ကို ကေသရီ ချစ်ခင်မိသည်ကတော့ အမှန်။

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com


"သွားစမ်း၊ သွားစမ်း ဟဲ့ရှယ်လီ ထွက်သွားစမ်း"

ကေသရီတစ်ယောက် မိုးမခမြိုင်အိမ်ကြီးသို့ ရောက်ရှိပုံ၊ မိုးမခမြိုင်အကြောင်း စဉ်းစားနေဆဲမှာပင် အဘွားမြင့်မြင့်၏ အော်သံကြောင့် အဘွားမြင့်ရှိရာသို့ အပြေးကလေး လှမ်းသွားလိုက်ရသည်။

"အဘွားမြင့် မြင့်မြင့် ဘာဖြစ်လို့လဲ"

အဘွားမြင့်မြင့် အခန်းသို့ ကေသရီ ရောက်သွားချိန်မှာတော့

"ရေ ရေ ရေတစ်ခွက်လောက်ပေးစမ်းပါအေ"

ကေသရီ ရေတစ်ခွက်ကို အမြန်ပင် ခပ်ပေးလိုက်သည်။ အဘွားမြင့်မြင့်မှာ ချွမ်းအေးနေသည့် ညလယ်မှာပင် ချွေးများပြန်



www.burmeseclassic.com

www.burmeseclassic.com

နေသည်။

"အဘွား မြင့်မြင့် ဘာဖြစ်လို့လဲဟင်"

"ဟိုကောင်မ ရှယ်လီပေါ့အေ. . . ငါ့စိတ်ဆိုးအောင် လုပ်နေတယ်"

"ရှင်"

ကေသရီကတော့ဖြင့် ဘယ်သူ့ကိုမှလည်း မတွေ့ရပါ။ ဒီမိုးမခမြိုင်အိမ်ကြီးထဲမှာ ဘယ်သူကများရော လာပြီး နှောက်ယှက်နိုင်မှာလဲ။

"မသေခင်ကတည်းက မကောင်းဆိုးဝါး ဖြစ်နေတဲ့ကောင်မ။ သေပြီးသွားတာတောင် ငါ့ကို နှောက်ယှက်နေတုန်းပဲ"

"ရှင်. . ."

"ဟဲ့ ရှယ်လီ ညည်းဟာညည်း သရဲဖြစ်ဖြစ် တစ္ဆေဖြစ်ဖြစ် ငါကကြောက်မယ်များ ထင်နေသလားဟဲ့။ ငါ မထနိုင်လို့ပေါ့။ ဟိုအကောင် အိုက်မောင်းရော အိုက်မောင်း ဘာလုပ်နေလဲ။ ဒီမကောင်းဆိုးဝါးမကို ဘယ်သူမှ မောင်း ထုတ်ကြတော့ဘူးလားဟဲ့"

အဘွားကြီးက တံခါးဝဘက်ကို ကြည့်ပြီး အော်ဟစ်နေပြန်သည်။ ကေသရီလက်မောင်းကို လှမ်းဆွဲရင်းကလည်း

"ဟဲ့ကောင်မလေး နင်ကရော ဒီအတိုင်းကြည့်နေမှာလား။ မောင်းထုတ်လိုက်ပါတော့လားဟဲ့။ သွားစမ်း နင်ထွက်သွားစမ်းရှယ်လီ"

ကေသရီကတော့ တံခါးဝမှာ ဘာကိုမှ မတွေ့ရ။ အဘွားမြင့်မြင့်ကတော့ မျိုးစုံ ကြိမ်းမောင်းရေရွတ်နေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com

ကေသရီလည်း တဖြည်းဖြည်းလန့်လာပြီး အဘွားမြင့်မြင့်ကို ဖက်ထားမိသည်။ သို့သော် အမှောင်ထဲမှာ ဘာကိုမှ မမြင်ရ။ ဘုရားဘုရား အမှောင်ထဲမှာ တစ်စုံတရာဟာ တစ်ကယ်ပဲ ရောက်ရှိနေပြီလား။ စူးစမ်းလိုစိတ်ကလေးကလည်း ရောက်ရှိလာပြန်တော့ ကေသရီ အဘွားမြင့်မြင့်ကို အသာလွှတ်ပြီး မီးခလုတ်ရှိရာသို့ လက်လှမ်းပြီး ဖွင့်လိုက်သည်။

လျှပ်စစ်မီးတို့ လင်းလက်သွားသော်လည်း ဘာကိုမျှတော့ မတွေ့ရ။ သို့သော် ကေသရီ၏ စိတ်ထဲမှာပင် နောက်ကျောမလုံသလိုလို၊ သူမနှင့် အဘွားမြင့်အပြင် အခန်းထဲ၌ တစ်စုံတစ်ခုသို့မဟုတ် တစ်စုံတစ်ဦးရှိနေသလိုလို ခံစားရသည်။ ဒေါ်လုံး၊ အဘဦးအိုက်မောင်းနှင့် ကျော်ကျော်လေးတို့ ရောက်ရှိလာမှ ကေသရီလည်း သက်ပြင်းချနိုင်တော့သည်။

"မြင့်မြင့် မြင့်မြင့် သတိထားမှပေါ့။ သိပ်လည်းစိတ်အစွဲမကြီးနဲ့လေ။ ဥပါဒ်အစွဲကြောင့် ဥပါဒ်ဖြစ်နေဦးမယ်"

ဦးအိုက်မောင်းမှာ ထိုမျှသာပြောပြီး ခေါင်းကိုသာ တွင်တွင်ခါယမ်းလျက်. . .။ ကျော်ကျော်လေးကတော့

"အဘွားမြင့်မြင့် ဘာမှမပူနဲ့။ သားခားနဲ့ ခုတ်လိုက်မယ်။ သား ဘုရားစာတွေလည်း အများကြီးရတယ်"

ကျော်ကျော်လေးက ဘုရားစာများကို ရွတ်ရင်း သူဆော့ကစားသော သစ်သားဓားကို ဟန်ပါပါဖြင့်ဝင့်နေသဖြင့် ကေသရီမှာ အကြောက်မပြေသေးသည့် ကြားထဲမှာပင် ပြုံးလိုက်မိသေးသည်။ ဒီတော့မှ အဘွားမြင့်မြင့်လည်း ငြိမ်သက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ မြင့်မြင့် ဘုရားတရားကို အာရုံပြုကြွယ်။ အိပ်တော့။ အိပ်ရေးပျက်ရင် ကျန်းမာရေးက ပိုပြီးဆိုးလာလိမ့်မယ်"

အဘ ဦးအိုက်မောင်းက ပြန်ပြီးထွက်သွားသည်။ ခဏနေတော့ ဒေါ်လုံးနှင့်ကျော်ကျော်လည်း ပြန်ထွက်သွားသည်။ ကေသရီလည်း အဘွားမြင့်မြင့်ဘေးမှာ ဝင်ထိုင်လိုက်ရင်း ဂုဏ်တော်များ၊ ပရိတ်တော်များကို ရွတ်ဖတ်နေမိတော့သည်။

ဒီ မိုးမခမြိုင်နှင့် ခေမာမြိုင်တို့တွင်တော့ ကေသရီ မသိသေးသော ဇာတ်လမ်းပေါင်းများစွာတို့ ဖြစ်ပျက်ခဲ့ပါလိမ့်မည်။ ထိုဇာတ်လမ်းများကို ကေသရီ စိတ်ဝင်စားမိပြီ။

"ဟင်း ရှယ်လီ ရှယ်လီ ခေမာမြိုင်ကို ဒုက္ခပေးရတာ အားမရလို့ မိုးမခမြိုင်ကိုပါ ဒုက္ခပေးပြန်ပြီပေါ့လေ။ ငါကိုယ်က မိုက်ခဲ့တာပါအေ။ ဒင်းလိုမကောင်းဆိုးဝါးကိုများ ငါ့ဘာလို့ ဖက်ပြီးမိုက်ခဲ့မိပါလိမ့်။ ပိုင်ပိုင်လေးကတော့ ဒင်းလက်က လွတ်သွားပြီပေါ့။ ငါ့မှာသာ. . . .။ ဟဲ့ သမီးလေး ကေသရီ မြင့်မြင့်ကို ခေမာမြိုင်ဘက် လိုက်ပို့ပါလားအေ"

"ရှင် မနက်ကျ သမီးလိုက်ပို့ပေးမယ်လေ"

"အေး မနက်ကျ စောစောသွားရမယ်ဟဲ့။ သူက မနက်ဆို အမြဲတမ်း အိပ်ယာထ နောက်ကျတတ်တယ်။ တို့တွေမ ဟာ် အစောကြီးသွားပြီး နှိုးကြတာပေါ့။ ငါကပိုင်ပိုင့်ကိုဆိုရင် အမြဲတမ်း မနက်အစောကြီးနှိုးပြီး ဒုက္ခပေးနေကျ"

"ရှင်"

ကေသရီ အူကြောင်ကြောင် ဖြစ်သွားသည်။ ခေမာမြိုင် အိမ်ကြီးမှာ လူမနေသော အစွန့်ပစ်ခံ အိမ်ကြီး။ နောက်မှ ဦးစား



www.burmeseclassic.com

www.burmeseclassic.com

မိသည်မှာ ဦးရန်နိုင်၏ညီ ဦးရန်ပိုင်ကို ဆိုလိုခြင်းဖြစ်ရမည်။ အသက်ကလည်းကြီး ရောဂါကလည်း ဖိစီးနေသဖြင့် အဘွားကြီး ဒေါ်မြင့်မြင့်မှာ အတိတ်နှင့် ပစ္စုပ္ပန်တို့ ရောထွေးနေပြီထင်သည်။ ဒီ အတိတ်က အကြောင်းတွေကို ရည်ရည်လည်လည် သိရရင်ဖြင့် ကေသရီတစ်ယောက် အဘွားမြင့်မြင့်ကို နှစ်သိမ့်နိုင်လိမ့်မည်ဟု ထင်မိပါသည်။

"ညည်းလည်း ဟိုအကောင် အိုက်မောင်းလိုပဲ။ ငါ့စိတ်ဆင်းရဲတာကို ကြည့်နေရက်တယ်။ ထွက်သွားစမ်း။ ထွက်သွားကြ အလကားဟာတွေ ငါ့အပေါ်ဆို ကောင်းတဲ့သူ တစ်ယောက်မှ မရှိတော့ဘူး"

ရုတ်တရက် ထအော်လိုက်သော အဘွားမြင့်မြင့်ကြောင့် ကေသရီမှာ ကြောက်လန့်သွားမိသည်။ ပြီးတော့ ဝမ်းနည်းမိသည်။ ကေသရီ၏ စေတနာတို့သည် အဟောသိကံ ဖြစ်ကုန်ကြပြီလော။ ကေသရီ မည်သို့ပင် ကြိုးစားစေကာမူ အဘွားမြင့်မြင့်နှင့် အဆင်ပြေနိုင်တော့မည်မထင်။ တစ်လိပ်လိပ်တက်လာသော ငိုချင်စိတ်တို့ကို ကျိတ်မှိတ်မြိုချရင်း အဘွားမြင့်ကို ဖက်ထားမိသည်။ သို့သော် အဘွားမြင့်ကတော့

"သွားစမ်းပါအေ ဝတ္တုရားအရတွေ လာပြီးတော့ ချစ်ပြမနေနဲ့ ညည်းတို့ဂရုမစိုက်လည်း ငါတစ်ယောက်ထဲ နေနိုင်ပါတယ်။ တစ်သက်လုံးက ဘယ်သူ့ကိုမှ ဂရုစိုက်ခဲ့တာ မဟုတ်ဘူး"

ကေသရီ စိတ်ကို မထိန်းနိုင်ဘဲ အဘွားမြင့်ကို ပို၍တင်းကျပ်စွာ ဖက်ထားရင်းမှ မျက်ရည်တွေ စီးကျလာမိသည်။



www.burmeseclassic.com

www.burmeseclassic.com

အဘွားမြင့်မြင့် အိပ်ပျော်သွားတော့မှ ကေသရီခြေကိုဖွနင်းကာ မိမိအခန်းသို့ ပြန်လာခဲ့တော့သည်။ မအိပ်ချင်သေးသဖြင့် ပြတင်းတံခါးကိုဖွင့်လိုက်တော့ ည၏လေနုအေးကလေးများက ကေသရီကို ဆီးကြို၍ နှုတ်ဆက်လာကြသည်။ စိတ်ထဲမှာလန်းဆန်းသွားပြီး ကြည်ကြည်လင်လင်ပြန်ဖြစ်လာသည်။ လရောင်အောက်မှာတော့ ခေမာမြိုင်မှာအထီးကျန်စွာဖြင့် မတ်မတ်ရပ်နေသည်။ ထိုအိမ်ကြီးကိုကြည့်ပြီးတော့ ကေသရီ၏စိတ်ထဲမှာ လွမ်းသလိုလို ဆွေးသလိုလို။ လရောင်အောက်မှ ရှုမျှော်ခင်းမှာ ဆွတ်ပျံ့၍ သာမောဖွယ်ကောင်းလေစွ။

ခေမာမြိုင်အိမ်ကြီးမှာ တစ်ခေတ်တစ်ခါ ကတော့ဖြင့်သူ့အရှင်သူ့သခင်များကို ထမ်းပိုးထားရင်းဖြင့် စည်ကားသိုက်မြိုက်ခဲ့မည်မှာ အမှန်ပင်။ ခေတ်အမျိုးမျိုး စနစ်အမျိုးမျိုးတို့ကိုအရှင်သခင်မျိုးစုံတို့အား ထမ်းပိုးထားရင်း ဖြတ်သန်းလာခဲ့သောခေမာမြိုင်အိမ်ကြီးမှာ ယခုတော့ ဇရာပိုင်းသို့ ရောက်ရှိလာသည့်အပြင် အရှင်သခင်ပြုစုမှုတို့က ကင်းမဲ့နေပြီ ဖြစ်သဖြင့်အခွံဟောင်းလောင်းသာ ကျန်ရစ်တော့သည်။

သို့သော် ခေမာမြိုင်မှာ ရုပ်ကြွင်းသာ အခွံသက်သက်ကျန်ရစ်ခဲ့သော်လည်း အဖြစ်အပျက်များ၊ အကြောင်းအရာဇာတ်လမ်းများကတော့ ပြည့်နှက်၍ နေပေလိမ့်မည်။ တစ်ချိန်ကထိုအိမ်ကြီးတွင် ကလေးသူငယ်များ ပျော်ရွှင်စွာ ဆော့ကစားခဲ့ကြလိမ့်။ သက်ကြီးရွယ်အို လူကြီးသူမများလည်း အလှူအတန်းများ ပွဲလမ်းသဘင်များကို ကျင်းခဲ့ကြလိမ့်မည်။

www.burmeseclassic.com


ပျိုရွယ်သူများလည်း ပျော်ရွှင်ခဲ့ကြလိမ့်မည်။

ထိုအိမ်ကြီး၏ အရှင်သခင်ဖြစ်ခဲ့သော သူများမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဖက်ဆစ်တော်လှန်ရေး ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့ဖူးသည်ဟု ဖေဖေ့ထံမှ ကေသရီ ကြားခဲ့ဖူးသည်။ ဖေဖေ၏မိတ်ဆွေ ခေမာမြိုင် မျိုးဆက်များ မှာလည်း ပြည်တွင်းဆူပူသောင်းကျန်းမှုကာလများတွင် မြို့ပြကာကွယ်ရေး ပြည်သူ့စစ်များအဖြစ်လည်း ပါဝင်ခဲ့သည်ဟု ကေသရီ သိထားခဲ့ရသည်။ ထိုအိမ်ကြီး၌ လူများ ငိုခဲ့ကြလိမ့်မည်၊ ရယ်ခဲ့ကြလိမ့်မည်။ ယခုတော့ အထီးကျန်ခြင်းတို့ဖြင့်သာ။

ကေသရီ လှမ်းမြင်နေရသော မိုးမခမြိုင်အိမ်ကြီး၏ နောက်ဘက် လွင်ပြင်ကလေးတား အနားယူ အပမ်းဖြေ၍ကောင်းသော နေရာကလေး ဖြစ်သည်။ ကလေးငယ်များအဖို့တော့ ဆော့ကစား၍ အလွန်ကောင်းသော နေရာကလေးပင် ဖြစ်သည်။ ကေသရီ ငယ်စဉ်ကဆိုလျှင်လည်း ကျယ်ပြန့်သော လယ်ကွင်းပြင်၌ ပျော်ရွှင်စွာ ဆော့ကစားခဲ့သည်များကို ပြန်သတိရမိသည်။ ယခုလည်း ထိုလွင်ပြင်ကလေးကို ကေသရီ အထူးပင် သဘောကျနေမိသည်။ နံနက်ပိုင်း နေချည်နုနုအောက်တွင် လွတ်လပ်ပျော်ရွှင်စွာ ကလေးတစ်ယောက်လို ဆော့ကစားရလျှင်၊ ညနေခင်းများ၌ အေးအေးဆေးဆေး လမ်းလျှောက်ရင်း အပန်းဖြေရလျှင် . . . .

ကေသရီအတွေးမျိုးစုံတို့ဖြင့် လွင်ပြင်ကလေးကို ငေးကြည့်နေမိစဉ် အနောက်ဘက်ခင်တန်းနားရှိ ရေတွင်းပျက် အနား၌ လူရိပ်လိုလို တွေ့လိုက်ရသည်။ ကျောထဲမှ စိမ့်ကနဲ



www.burmeseclassic.com

www.burmeseclassic.com

အေးတက်လာပြီး တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ သေသေချာချာ ကြည့်တော့လည်း မတွေ့ပြန်။ ခဏကြာတော့ ရေတွင်းပျက်နားမှာ အရိပ်လိုလို မီးခိုးလိုလို ထပ်ပြီးတွေ့ရပြန်သည်။ ထိုအခိုက် ခွေးအူသံများက လွင့်ပျံလာရာ ကေသရီ ပြတင်းတံခါးကို ကပြာကယာပြန်ပိတ်လိုက်ပြီး မီးကိုမှိတ်၍ အိပ်ယာထဲသို့ ဝင်လိုက်တော့သည်။

♠♠♠♠♠

www.burmeseclassic.com

www.burmeseclassic.com

# ရင်ခွင်တစ်လွှားကို အလျှားလိုက် ဖြတ်သန်းသွားတဲ့ တစ္ဆေ

ဒီနေ့မနက်တော့ ဒေါ်လုံး ဥပုသ်ကျောင်းသို့ သွားသဖြင့် ကေသရီတစ်ယောက်ထဲ ဈေးသို့ထွက်လာခဲ့သည်။ အထွေအထူးတော့ ဝယ်စရာရှိ၍ မဟုတ်ပါ။ မိမိရှိနေစဉ် ဒေါ်လုံးကို စိတ်လွတ်ကိုယ်လွတ် ဥပုဒ်သီတင်းစောင့်ထိမ်းစေချင်သည်။ ထို့ကြောင့် အိမ်အတွက် လိုရမယ်ရ တိုတိုထွာထွာကလေးများ ဝယ်ရန် ထွက်လာခဲ့ခြင်းပင်။ ဈေးထဲရောက်တော့ ဟင်းရွက်သည် အဒေါ်ကြီးနှစ်ယောက် စကားကောင်းနေကြသည်။ မြို့ကလေးကလည်းကျဉ်း နေ့တိုင်းလည်း ဝယ်နေကျဖြစ်သဖြင့် ကေသရီနှင့် ခင်မင်ရင်းနှီးနေပြီဖြစ်သည်။

"မနေ့ကအေ တောစပ်က ဖြတ်အပြန် တောခွေးတစ်ကောင် တွေ့လိုက်သေးတယ်။ တော်သေးတာပေါ့။

www.burmeseclassic.com

ကျုပ်တို့က အုပ်စုတောင့်တော့ ချောက်လွှတ်လိုက်တယ်"

တောခွေးဆိုတော့ ကေသရီလည်း မိမိအဖြစ်အပျက်ကို သတိရမိပြီး စျေးသည်အဒေါ်ကြီးအား

"ဒေါ်ကြီး အဲဒီတောခွေးတွေက သိပ်ပြီးဆိုးသလားဟင်"

"ချောက်လှန့်လွှတ်ရင်တော့ ရပါရဲ့။ တစ်ခါတစ်လေ တော့လည်း အတင့်ရဲတဲ့ကောင်မျိုးနဲ့ တိုးတတ်တာပေါ့။ ဒီကောင်တွေကလည်း အုပ်စုလိုက်ဆို စွာချင်တယ်ကွယ့် ကလေးမရဲ့"

"ကျွန်မလည်း ဟိုတစ်နေ့ညနေက တွေ့လိုက်ရ သေးတယ်"

ဟု အစချီကာ ကေသရီည်း သူမ ကြုံတွေ့ခဲ့ရသမျှတို့ကို စျေးသည်အဒေါ်ကြီးအား ပြောပြလိုက်မိသည်။ ကေသရီ၏ စကားများဆုံးတော့

"အမလေး ကလေးမရယ် ညနေမိုးချုပ်မှာ ခင်တန်းဘက်ကို တစ်ယောက်ထဲသွားရတယ်လို့။ ကံကောင်း ပေလို့ပေါ့။ ဘယ်သူငယ်နဲ့များတွေ့ခဲ့ပါလိမ့်ကွယ်"

"သမီးထက်တော့ နည်းနည်းကြီးလိမ့်မယ်ထင်တယ်။ သမီးတို့နဲ့ အရွယ်မတိမ်းမယိမ်းပဲ။ အရပ်မြင့်မြင့် ဘောင်းဘီရှည်နဲ့ ဦးထုပ်နဲ့ . . ."

"ခုခေတ်ကောင်လေးများတော့ အကုန်လုံးလိုလို ဘောင်းဘီဝတ်ကြတာပါပဲအေ"

"သူက ခုခေတ်လို ဂျင်းဘောင်းဘီတွေ ဘာတွေဝတ်တာ မဟုတ်ဘူး ဒေါ်ကြီးရဲ့။ သက္ကလပ်ဘောင်းဘီရှည်နဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ခုခေတ်ကောင်လေးတွေက ငါတို့ဘာမှန်းမသိတဲ့ ဘောင်းဘီမျိုးတွေပဲ ဝတ်ကြတာပါအေ။ သက္ကလပ်ဘောင်းဘီတ တို့ငယ်ငယ်က ခေတ်စားခဲ့တာပေါ့ဟဲ့။ သူ့အဖေဘောင်းဘီများ ယူဝတ်လာသလား မသိပါဘူးအေ"

ခုခေတ်မှာလည်း လူကြီးဆန်ဆန် ဝတ်စားချင်သော ကောင်လေးမျိုး ရှိနိုင်တာပါပဲဟု ကေသရီတွေးမိသည်။ စျေးသည်အဒေါ်ကြီးကတော့

"သမီးလေးရယ် နေဝင်ရီတရောတော့ ခင်တန်းဘက်ကို တစ်ယောက်ထဲမသွားပါနဲ့ကွယ်။ သမီးလေးတို့ရဲ့ မိုးမခမြိုင်တို့ ခေမာမြိုင်တို့ ဆိုတာကလည်း. . . . "

အဒေါ်ကြီးက ပြောမိပြီးတော့မှ အားတုံ့အားနာ အမူအရာဖြင့် စကားစရပ်သွားသည်။ ကေသရီ ပြုံးလိုက်ပြီး

"အားမနာပါနဲ့ ဒေါ်ကြီးရဲ့။ မိုးမခမြိုင်တို့ ခေမာမြိုင်တို့က သရဲခြောက်တယ်လို့ နာမည်ကြီးတယ်မဟုတ်လား"

"ဩော် သမီးလေးက ဒီသတင်းတွေ ကြားပြီးပြီပေါ့"

"ဒီလိုမျိုး သူများပြောတာ ကြားရတာပေါ့ ဒေါ်ကြီးရယ်။ သမီးလည်း သေသေချာချာ မသိပါဘူး"

တစ်ကယ်လည်း ကေသရီ သေချာမသိပါ။ ဖိုးကျော်လေး ကတော့

"မမ မမ သားတို့မိုးမခမြိုင်နဲ့ ခေမာမြိုင်ကို သူများတွေက သရဲခြောက်လို့ ကြောက်ကြတယ်တဲ့"

"သားကရော မကြောက်ဘူးလား" ဟု ကေသရီ မေးကြည့်ရာ



www.burmeseclassic.com

www.burmeseclassic.com

"မကြောက်ပါဘူး သားက ဘုရားစာတွေ အများကြီး ရွတ်တာ။ သားကို သရဲချောက်လို့မရဘူး"

ဒီတော့လည်း ကေသရီ ကလေးကို ဆက်လက်ပြီး မမေးမြန်းချင်ပါ။ ကလေးမှာ ကြောက်စိတ်ဝင်သွားမည်ကိုလည်း ကေသရီ မလိုလားပါ။ ခုတော့ ကြုံကြိုက်တုန်း ဈေးသည် အဒေါ်ကြီးအား စပ်စုကြည့်မည်ဟု စိတ်ကူးမိသည်။ ကေသရီက စိတ်ကူးမိရုံပင် ရှိသေးသည်။ အဒေါ်ကြီးက

"ကျုပ်တို့လည်း သေချာတော့ မသိပါဘူး ကလေးမရယ်။ နှစ်လောင်းပြိုင် အဖြစ်ဆိုးကြီး ဖြစ်ထားတော့ လူတွေကလည်း ကြောက်ကြတာပေါ့။ ဒါပေမဲ့ ခုံးသွားတဲ့ ဦးရန်ပိုင်တို့ အခု ကလေးမဘကြီး ဦးအိုက်မောင်းတို့ ဆိုတာ ဘုရားတရားနဲ့ နေကြတဲ့ တစ်ကယ့် လူကောင်းကြီးတွေပါအေ"

နှစ်လောင်းပြိုင်အဖြစ်ဆိုးကြီးတဲ့။ ထိုအကြောင်းကို ကေသရီ မသိသေးပါ။

"ရှင် ဒေါ်ကြီး။ နှစ်လောင်းပြိုင်အဖြစ်ဆိုးကြီး ဟုတ်လား။ မိုးမခမြို့မှာ ဖြစ်ခဲ့တာလား"

"ခေမာမြို့မှာပါအေ။ ကိုရန်ပိုင်နဲ့ ရှယ်လီတို့ လက်ထပ်ခါနီးမှာပေါ့။ ကိုရန်ပိုင်က အိမ်မီးလောင်တဲ့အထဲမှာ ပါသွားခဲ့ပြီး ရှယ်လီကလည်း အနောက်ဘက် ရေတွင်းထဲကို ခုန်ချပြီး သေသွားခဲ့တယ်လေ။ သေပြီးသားလူရဲ့ မကောင်းကြောင်းကိုတော့ မပြောကောင်းဘူးပေါ့။ ဒါပေမဲ့ ရှယ်လီက ရှုပ်ရှုပ်ယှက်ယှက်ပါအေ။ ဒါ့ကြောင့်လည်း သူ့တရားကို သူစီရင်သွားတာပေါ့။ ကိုရန်ပိုင်ကတော့ တစ်ကယ့်ကို

www.burmeseclassic.com


အေးအေးဆေးဆေး နေတတ်တဲ့ သူပါ။ သူများအတွက်ဆိုရင် သူကပဲ အနစ်နာခံတတ်တဲ့ သူမျိုးပေါ့။ တို့များငယ်ငယ်က ခေမာမြိုင်နောက်ဘက် ကွင်းထဲမှာ ကိုရန်ပိုင်တို့ မမမြင့်မြင့်တို့နဲ့ ခဏခဏသွားပြီးဆော့နေကျပေါ့။ နောက်ပိုင်း စစ်တွေဖြစ်ကြ၊ ပြေးကြလွှားကြနဲ့ ကျုပ်တို့က တောဘက်ရောက်သွားပြီး ကွဲကုန်ကြတာပေါ့။ ကိုရန်ပိုင်ခမျာ ငယ်ငယ်ရွယ်ရွယ်နဲ့ သနားစရာပါကွယ်"

ဈေးသည်အဒေါ်ကြီးက လွမ်းလွမ်းဆွေးဆွေးနှင့် သူ့သူငယ်ချင်းကို သတိရနေဟန်တူသည်။ ဒီထက်တော့ သူလည်း ပိုပြီးသိဟန်မတူ။ ခေမာမြိုင်အိမ်ကြီးမှာ အမည်က ငြိမ်းချမ်းသော်လည်း မည်ကဲ့သို့ အဖြစ်ဆိုးများကို ကြုံတွေ့ခဲ့ရပါလိမ့်။

ကေသရီလည်း အတွေးများစွာဖြင့် ဈေးမှ ပြန်လာခဲ့သည်။ ခေမာမြိုင်အိမ်ကြီးကို ကေသရီ လှည့်ပတ်၍ ကြည့်ရှုဖူးပါသည်။ ပျက်စီး ယိုယွင်းနေသော အနောက်ဘက် အဆောင်မှာ မီးလောင်ထားသော အဆောင်ဖြစ်ပေလိမ့်မည်။ ဘာဖြစ်လို့များ ပြန်ပြီး မပြုပြင်ကြပါလိမ့်။ အင်းလေ အဘ ဦးအိုက်မောင်းတို့ မိသားစုအဖို့တော့ မိုးမခမြိုင်တစ်အိမ်ထဲကပဲ လိုအပ်သည်ထက် ပို၍ကျယ်ဝန်းနေသည်ပဲ။

ကေသရီ လမ်းလျှောက်ရင်း စဉ်းစားလာလိုက်သည်မှာ ခေမာမြိုင် ကုန်းတက်ကလေးသို့ပင် ရောက်ရှိလာခဲ့ပြီ။

"ဟိတ် ဟိတ် ဒီမှာ"

ခေါ်သံကြောင့် ကေသရီ လှည့်ကြည့်လိုက်တော့ ဟိုတစ်နေ့က ကောင်လေး။ ကောင်လေးက တစ်ခုခုတို



www.burmeseclassic.com

www.burmeseclassic.com

ကိုင်ထားပြီး ကေသရီထံသို့ ပြေးလာနေသည်။ သေချာကြည့် လိုက်တော့မှ ကေသရီ၏ ပိုက်ဆံအိတ်ကလေး။ ဘယ်အချိန်က ထွက်ကျသွားမှန်းမသိ။

"ရော့ နင်ထွက်ကျသွားတာမြင်လို့ ငါလိုက်ပေးတာ"

"ဟယ် ကျေးဇူးပဲ။ အိတ်ထဲမှာ မှတ်ပုံတင်တို့၊ လိပ်စာစာအုပ်တို့ပါတယ်ဟ။ ပျောက်သွားရင် မလွယ်ဘူး"

"ရပါတယ်ဟာ အမျိုးတွေပဲ"

အင်း ဘယ်လိုလုပ်ပြီး အမျိုးဖြစ်သွားရပြန်ပါလိမ့်။ နောက်နေတာလားမသိ။

"ပြောစမ်းပါဦး ဘယ်လိုအမျိုးတော်တယ်ဆိုတာ၊ နင်က အဘဦးအိုက်မောင်းတို့ အမျိုးပဲလား"

"အင်း ဆိုပါတော့ ဆွေမျိုးနီးစပ်ပေါ့လေ။ ခင်ရာ ဆွေမျိုးပေါ့။ ငါက လူတိုင်းကို ခင်တတ်ပါတယ်ဟ။ ဒါပေမဲ့"

ကောင်လေးက စကားကို ဆက်မပြောတော့။ ကေသရီ ကလည်းမမေးမိ။ ကေသရီ မေးမိသည်က ခေမာမြိုင်တို့ မိုးမခမြိုင်တို့ အကြောင်းကို. . . ။

"ဒါဆိုနင် ခေမာမြိုင်တို့ မိုးမခမြိုင်တို့ အကြောင်းကို သိမှာပေါ့နော်"

ကောင်လေးက ကေသရီကို လှည့်ကြည့်သည်။ ပြီးမှ ဟိုအဝေးကိုငေးရင်း. . .

"ဆိုပါတော့လေ နင်က စိတ်ဝင်စားလို့လား"

"သိချင်တာပေါ့ဟ့၊ ကိုယ်နေတဲ့ အိမ်တွေအကြောင်းပဲ"

"နင် ဦး စိုင်းလူဆိုတာ ကြားဖူးလား"



www.burmeseclassic.com

www.burmeseclassic.com


"ဟင့်   း"

"ဒီ မိုးမခမြိုင်နဲ့ ခေမာမြိုင်ရဲ့ ဇာတ်လမ်းကိုစရင် ဦးစိုင်းလူက စပြီးပြောရမှာပဲ"

ကောင်လေးက 'ခေမာမြိုင်' အိမ်ကြီးဘက်ဆီသို့ ငေးမောကြည့်ရင်း ပြောသည်။ ကေသရီလည်း မိမိသိရှိလိုသည်တို့ကို သိရတော့မည် ဖြစ်သဖြင့် ငြိမ်သက်စွာ နားထောင်နေမိသည်။ ဒီအိမ်ကြီးနှစ်ဆောင်က မြို့ကလေးမှာ အစဉ်အလာကြီးခဲ့တာ။ ယခုလက်ရှိ သရဲချောက်တယ်ဆိုပြီး နာမည်ကြီးနေတာတွေကိုတော့ ကေသရီ သိပါသည်။ သို့သော် ထိုအိမ်ကြီးများ၏ ရာဇဝင်ကိုတော့ အဘဦးအိုက်မောင်းတို့ အဘွားမြင့်မြင့်တို့သာ သေသေချာချာ သိရှိပါလိမ့်မည်။ လယ်ယာလုပ်ငန်းများဖြင့် အမြဲတစေ အလုပ်ရှုပ်နေတတ်သော အဘဦးအိုက်မောင်းကို ကေသရီ မမေးမြန်းဖြစ်။ မြင့်မြင့်ခေါ် အဘွားဒေါ်လေးလေးမြင့်ကိုမေးရန်မှာလည်း ကေသရီ မဝံ့ရဲပါ။

"နင် အချိန်ရရဲ့လား၊ ဈေးက ပြန်လာတာ မဟုတ်လား"

"အချိန်ရပါသေးတယ်။ ဟိုရှေ့က ကုက္ကိုပင်ကြီးအောက်မှာ ခဏလောက်ထိုင်ရအောင်"

ရရှိလာသော အခွင့်အရေးကို ကေသရီ လက်လွှတ်မခံပါ။ ဆင်ခြေလျှောအစွန်းရှိ ကုက္ကိုပင်ကြီးအောက်သို့ ကေသရီ ဦးဆောင်၍ သွားလိုက်သည်။ ကြီးမားလှသောကုက္ကိုပင်ကြီး၏ အမြစ်များမှာ ထိုင်ခုံများသဖွယ်။ ကေသရီသစ်မြစ်တစ်ခုပေါ်မှာ ထိုင်လိုက်တော့ ကောင်လေးက မျက်နှာချင်းဆိုင်ရှိ သစ်မြစ်ပေါ်မှာ ဝင်ထိုင်လိုက်သည်။ ကောင်လေး၏ မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com

ဘည်ငြိမ်နေသော်လည်း ကေသရီနှင့် တွေ့စကအတိုင်း မှုန်မှုန် မှိုင်းမှိုင်းနှင့်ပင်။ သူ ဒီလိုပဲ နေတတ်လို့ ထင်ပါရဲ့။

"ဒီမြို့လေးရဲ့ အနောက်ဘက်တစ်ခွင်လုံးက မြေတွေ၊ ယာတွေ အားလုံးဟာ တစ်ချိန်ကတုန်းက ဦးစိုင်းလူတို့ မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်ခဲ့ကြတာပေါ့။ ဦးစိုင်းလူက ဝံသာနုခေတ်မှာ အတက်ကြွဆုံး လှုပ်ရှားခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပေါ့။ သူ့ရဲ့ ကိုယ်ကျိုးထက် လူမျိုးနဲ့ ဘာသာအကျိုးကိုပဲ အမြဲတမ်း ဦးစားပေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပေါ့။ သူ့လက်ထက်မှာပဲ ဒီ မိုးမခမြိုင်နဲ့ ခေမာမြိုင်အိမ်ကြီးတွေကို ဆောက်ခဲ့တာလေ"

"ဟင် ဒီအိမ်ကြီးတွေက အရင်တုန်းက ကုလားသူဌေးကြီး ပိုင်တာဆို၊ အဲဒီ ကုလားသူဌေးကြီးက အရမ်းကပ်စေးနဲပြီး သူ့အိမ်တွေကို မကျွတ်မလွတ်ဘဲ ဖြစ်နေလို့ ဒီအိမ်ကြီးမှာနေတဲ့ သူတွေကို ခိုက်တတ်တယ်ဆို"

ကေသရီက ကောင်လေးပြောသည်နှင့် သူ့အရပ်ထဲမှ ကြားခဲ့ရသည်တို့ ကွဲလွဲနေသဖြင့် မေးကြည့်လိုက်သည်။

"လူတွေ ထင်ရာမြင်ရာ ရမ်းပြီးပြောကြတာပါဟာ။ အမောင်းတို့ ငယ်ငယ်ကတည်းက နေလာခဲ့ကြတာ ဘာဖြစ်လို့လဲ"

"အမောင်းဆိုတာက. . ."

"နင့်ရဲ့ ဘကြီး ဦးအိုက်မောင်းလေ"

ကောင်လေးပြောသည်မှာလည်း မှန်နေသည်ပင်။ မိုးမခမြိုင်နှင့် ခေမာမြိုင်တို့ ကုလားသူဌေးကြီး၏ လက်တွင်းသို့ ကျရောက်ခဲ့ရပုံတို့ကို ကေသရီ မေးကြည့်တော့ ကောင်လေးက

"ဦးစိုင်းလူက ငယ်ငယ်ကတည်းက အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com

ပညာသင်လာခဲ့တာ။ အရွယ်ရောက်လို့ ပညာတတ်ဖြစ်လာတော့လည်း နိုင်ငံနဲ့ လူမျိုးအတွက်ကိုပဲ စောက်ချပြီးလုပ်နေခဲ့တာ။ သူပိုင်တဲ့ မြို့စွန်မှာ ဒီအိမ်ကြီးနှစ်လုံးကို ဆောက်ခဲ့တာကလည်း တစ်လုံးက သူ့မိသားစုနေဖို့နဲ့ တစ်လုံးမှာ မျိုးချစ်တွေ လွတ်လပ်ရေးကျိုးပမ်းမှုတွေ လုပ်နိုင်အောင် ရည်ရွယ်ပြီး ဆောက်ခဲ့တာ။ သူ့မိဘစဉ်ဆက် ပိုင်ဆိုင်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းတွေကို သူက နည်းနည်းလေးမှ စိတ်ဝင်စားတာမဟုတ်ဘူး။ ဒါပေမဲ့လည်း အမွေစားအမွေခံက သူတစ်ယောက်ထဲဆိုတော့ သူ့လက်ထဲကိုပဲ အားလုံးရောက်လာတာပေါ့လေ။ တစ်ကိုယ်ကျိုးစွန့်ပြီး တိုင်းပြည်အတွက်ပဲ အချိန်ပြည့် လှုပ်ရှားနေခဲ့တာဆိုတော့ စီးပွားရေးလုပ်ငန်းပိုင်းမှာ လစ်ဟာတာပေါ့လေ။

အဲဒီအချိန်မှာ ကုလားသူဌေးကြီးက ကူညီသလိုလိုနဲ့ ရောက်လာတော့တာပါပဲ။ ဦးစိုင်းလူက စီးပွားရေးကိစ္စတွေကို အရင်ကတည်းက စိတ်ဝင်စားတာမှ မဟုတ်တာ။ နောက်ပြီးတော့ ကုလားကြီးက အပြောလည်းကောင်းတယ်လေ။ လူ့သဘောသဘာဝတွေကို သူက ကောင်းကောင်းကျွမ်းကျင်တယ်။ ဝံသာနုစကားတွေ၊ လွတ်မြောက်ရေးစကားတွေကို သူ့နေရာနဲ့သူ နေရာနဲ့သူ ရေလဲသုံးပြီး ပြောတတ်တော့ ဦးစိုင်းလူကလည်း ယုံခဲ့တာပေါ့လေ။ စီးပွားရေးရဲ့ မာယာတွေကိုမသိတဲ့ ဦးစိုင်းလူဟာ ဖြည်းဖြည်းနဲ့ ကုလားကြီးရဲ့လှည့်ကွက်ကျော့ကွင်းထဲကို ရောက်မှန်းမသိ ရောက်သွားတော့တာပဲ။ အဆိုးဆုံးကတော့ ကိုလိုနီအစိုးရကပေးတဲ့ အမတ်ရာထူးနဲ့ လစာငွေတွေကို သွတ်အောင်မြှောင်နိုင်တဲ့ နိုင်ငံရေးသမားအရေခြုံတချို့ရဲ့

www.burmeseclassic.com

ထိုးနှက်ချက်တွေကို ဦးစိုင်းလူ ခံခဲ့ရတယ်။ လမ်းကြောင်းခြင်းတူသယောင်ယောင်နဲ့ ရယ်ရွယ်ချက်ခြင်း မတူကြတော့တဲ့အခါ ရန်သူလို ဖြစ်သွားကြတဲ့ သူတွေကလည်း အများကြီးပေါ့။ နောက်ဆုံးမှာ နိုင်ငံရေးအရေခြုံ သစ္စာဖောက်တချို့ကြောင့် ကိုလိုနီအစိုးရရဲ့ အကြောင်းအမျိုးမျိုးပြ ဖမ်းဆီးတာကို ခံခဲ့ရတယ်။ အဲဒီအချိန်မှာပဲ မိတ်ဆွေယောင်ဆောင်ထားတဲ့ ကုလားကြီးဟာ ဦးစိုင်းလူပိုင်ဆိုင်ထားသမျှ စီးပွားရေးလုပ်ငန်းအားလုံးကို စပါးကြီးမြွေလို ဝါးမြိုပစ်လိုက်တာပေါ့"

ကောင်လေးက စကားကိုရပ်တန့်လိုက်ပြီး အိမ်ကြီးနှစ်အိမ်ကို ရီဝေစွာ ငေးကြည့်နေသည်။ ကေသရီမှာ ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ရှုနေရသလိုပင်။ လောကကြီးမှာ အများအကျိုးအတွက် စွန့်လွှတ်အနစ်နာခံကြသူများ ရှိသလို အချို့ကလည်း ကိုယ်ကျိုးစီးပွားအတွက် အများကို နစ်နာစေသူများလည်း ရှိတတ်ကြသည်မှာ ခေတ်အဆက်ဆက်ပင်. . .။ လောကနိယာမအရ နောက်ဆုံးတွင် အမှန်တရားကသာ အောင်ပွဲခံရပေလိမ့်မည်။ ယခုဇာတ်လမ်းသည်လည်း မည်သို့မည်ပုံ ဆက်ဖြစ်ခဲ့ကြ၍ မည်သို့မည်ပုံ ဇာတ်သိမ်းမည်ကို ကေသရီ သိလိုလှပါသည်။ ကေသရီကသာ သိချင်နေသော်လည်း ကောင်လေးကတော့ ရုတ်တရက်ထရပ်လိုက်ပြီး

"နောက်မှပြောကြတာပေါ့။ နင်မြင့်မြင့်ကို ဆေးတိုက်ဖို့ အချိန်ရောက်ပြီ မဟုတ်လား"

ဟုတ်ပါရဲ့၊ စကားကောင်းနေလိုက်တာ အချိန်တောင် အတော်လေးလင့်သွားပြီ။ ကောင်လေးက သူ့သက္ကလပ်ဦးထုပ်ကို



www.burmeseclassic.com

www.burmeseclassic.com


ပြင်ဆောင်းကာ ကျောခိုင်းထွက်သွားသည်။ သို့သော် အကင်းပါးသော ကေသရီက

"ဟဲ့ နင်ဘယ်လိုလုပ်ပြီး သိတာလဲ"

"ဩော် မိမိုးတို့ သီတာတို့လည်း ဒီအချိန်ဆို မြင့်မြင့်ကို ဆေးတိုက်နေကျလေ"

ကောင်လေးက ထိုမျှသာပြောပြီး ဆက်ထွက်သွားသည်။ ဒီနေ့အဖို့တော့ ကေသရီမှာ မကြားဘူးသေးသော နာမည်အသစ်တွေ ထပ်ပြီးတိုးလာခဲ့သည်။ မိမိုးတဲ့၊ သီတာတဲ့ ဘယ်သူတွေများပါလိမ့်။ စိတ်အဝင်စားဆုံးကတော့ ဦးစိုင်းလူ။ ဒေါ်လုံးကို မေးကြည့်လျှင် သိတန်ကောင်းပါရဲ့။ ကောင်လေးနှင့် စကားပြောရသည်မှာ စိတ်ဝင်စားဖို့တော့ ကောင်းသည်။ သို့သော် ဘာသာပြန်စာအုပ်များ သို့မဟုတ် တရုပ်သိုင်းဝတ္ထုများကို ဖတ်နေရသလို နာမည်တွေကို မှတ်သားရတာက အလုပ်တစ်ခု။ သို့သော် စိတ်ဝင်စားနေပြီ ဖြစ်သဖြင့်

"အင်း နောက်ဆိုရင် ဒီထက်မက ဇာတ်ကောင်တွေ နာမည်တွေ ထပ်တိုးလာဦးမှာပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ ဘာသာပြန်စာအုပ်တွေ ဖတ်ရတာ၊ သိုင်းဝတ္ထုတွေ ဖတ်ရတာ လောက်တော့ မဆိုးပါဘူး။ မြန်မာနာမည်တွေပဲလေ"

♠♠♠♠♠

www.burmeseclassic.com

www.burmeseclassic.com


"ဒေါ်လုံး မိမိုးတို့ သီတာတို့ဆိုတာ ဘယ်သူတွေလဲဟင်"

ကေသရီ မီးဖိုဆောင်တွင်း၌ ဒေါ်လုံးကို ကူညီနေရင်းမှ မေးကြည့်လိုက်သည်။

"ဩော် သမီးကလေး မရောက်ခင်တုန်းက မမမြင့်မြင့်ကို ကြည့်ခေါ်ထားတဲ့ ကောင်မလေးတွေလေ။ သူတို့က ဖွဲမကောင်းပါဘူးကွယ်။ မမမြင့်မြင့်ဒဏ်ကို မခံနိုင်တာရော အလကားနေရင်း ကြောက်တတ်နေတာရောပေါ့။ မကြာပါဘူး ပြန်ပြေးကြတာပဲကွယ်။ အခုသမီးလေးရောက်လာမှသာ ဒေါ်လုံးတို့လည်း အဆင်ပြေသွားတာ။ မမမြင့်မြင့်ကိုတော့ သည်းခံပါ သမီးရယ်။ မမမြင့်မြင့်က ဟိုတုန်းကတည်းက သိပ်ပြီးတော့ စိတ်ကြီးတာ။ အခုထိတောင် မာန်ကချသေးတာ မပျောက်ဘူး။ ရောဂါကလည်း


www.burmeseclassic.com

www.burmeseclassic.com

ဖိစီးတော့ သိပ်ပြီးလည်း စိတ်ကမူမမှန်ချင်တော့ဘူးမဟုတ်လား။ ဒီတော့ သမီးလေး ဒဏ်မခံနိုင်မှာ စိတ်ညစ်မှာကို စိုးတယ်ကွယ်"

"ဩော် ဒေါ်လုံးကလည်း သမီးက အဘွားမြင့်မြင့်ကို ချစ်ပါတယ်။ ပြီးတော့ ဒီမိုးမခမြိုင်မှာ နေရတာလည်း ပျော်ပါတယ်။ မိုးမခမြိုင် ၌ ခေမာမြိုင်တို့ကို သမီးလည်း ချစ်ပါတယ် ဒေါ်လုံးရဲ့"

တစ်ကယ်လည်း မိုးမခမြိုင်နှင့် ခေမာမြိုင်တို့ကိုရော မိုးမခမြိုင် မိသားစုကိုပါ ကေသရီ ချစ်ပါသည်။ စိတ်လည်း ဝင်စားမိသည်၊ တစ်ခါတစ်ရံ ထိတ်လန့်ဖွယ်ရာများနှင့် ကြုံလျှင်တော့ ကြောက်ရွံ့မိသည်ပေါ့။ သို့သော် ကြောက်ရွံ့စိတ် ထက်ပို၍ စူးစမ်းလိုစိတ်များကလည်း ရှိနေပြန်သေးသည်။

"ကဲကဲ သမီးလေးရေ မမမြင့်မြင့်အတွက် စွပ်ပြုတ်လေး ယူသွားပေးလိုက်ဦး"

ကေသရီ စွပ်ပြုတ်ပန်းကန်ကိုယူ၍ အဘွားမြင့်မြင့် အခန်းထဲသို့ ဝင်လိုက်လျှင်

"ဟဲ့ ညည်းတို့က ငါ့ကို ဒီအတိုင်း ခုတင်ပေါ်မှာပဲ ပစ်ထားတော့မလို့လား။ ဟဲ့ကောင်မလေး နင်ပဲငါ့ကို ခေမာမြိုင်ကို လိုက်ပို့ပေးမယ်ဆို။ အခုလိုက်ပို့စမ်း။ ဒီခုတင်ပေါ်မှာပဲ ငါအ ဘမ်း မနေနိုင်ဘူးဟဲ့"

"ဩော် မြင့်မြင့်ကလည်း မြင့်မြင့်နေကောင်းတော့ သမီးလိုက်ပို့ပေးမှာပေါ့။ မြန်မြန်နေကောင်းအောင် စွပ်ပြုတ်လေး သောက်လိုက်ဦးနော်"

"အမလေးဟဲ့ မသေ ာ်ချင်ပါဘူး။ နေကောင်းမှ ဒီအိပ်ယာပေါ်က ဆင်းရမယ်ဆိုရင် ဘယ်တော့များမှ



www.burmeseclassic.com

www.burmeseclassic.com


ဆင်းရတော့မလဲ။ ဒီတစ်သက်လည်း နေကောင်းတော့မယ် မထင်ပါဘူးအေ"

ကေသရီလည်း တတ်နိုင်သရွေ့ ချော့မော့ရတော့သည်။

"အဘွားမြင့်မြင့်ရယ် တစ်ရက်နှစ်ရက် နည်းနည်းလေး နေကောင်းတာနဲ့ သမီးလိုက်ပို့ပေးမယ်နော်။ ခုတော့ စွပ်ပြုတ်လေးသောက်လိုက်ပါဦး"

"ညည်းစွပ်ပြုတ်က အရေးမကြီးပါဘူးအေ။ ဒီအရွယ်ကြီး ရောက်မှ အဟာရကလည်း ဘာထူးဦးမှာမို့လဲ။ ငါ့ကို ခေမာမြိုင် လိုက်ပို့ပေးစမ်းပါအေ"

ခက်ပြီ။ ကလေးတစ်ယောက်လို ချော့မော့သော်လည်း မရ။ တစ်ကယ်က အဘွားမြင့်မြင့်မှာ ခေမာမြိုင်ကို မဆိုထားနှင့် အိပ်ယာထဲမှပင် ထဖို့ကမလွယ်။ ဒီတော့ ကေသရီလည်း

"အဘွားမြင့်မြင့် လောလောဆယ်တော့ သမီးအခန်းထဲ သွားကြမယ်။ ပြတင်းပေါက်က လှမ်းကြည့်ရင် ခေမာမြိုင်ဘက်ကို မြင်ရတယ်လေ။ နောက်တစ်ရက်နှစ်ရက်လောက်ဆိုရင် သမီး ခေမာမြိုင်ကို လိုက်ပို့ပေးမယ်နော်"

အဘွားကြီးက အကြာကြီး စဉ်းစားနေပြီးမှ သဘောတူ ဟန်ဖြင့် ခေါင်းငြိမ့်ပြသည်။ အဘွားမြင့်မြင့်ကို ကေသရီလည်း သနားမိပါသည်။ ကာလကြာမြင့်စွာ အိပ်ယာထဲမှာ နေရသည့် ဘဝကို ကေသရီ ကိုချင်းလည်းစာမိသည်။ သို့သော် တစ်ကယ် တမ်းလက်တွေ့မှာတော့ မလွယ်လှပါ။ အဘွားမြင့်မြင့်မှာ ကေသရီ ကူညီနေသော်လည်း အိပ်ယာထဲမှထ၍ လမ်းလျှောက်ဖို့ရန် ခက်ခဲ ပင်ပန်းစွာ ကျိုးစားနေရသည်။ သို့သော် အဘွားကြီး၏



www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့နှင့်မာန်ကသွား အံ့ဩလောက်စရာ။ နောက်ဆုံးမှာ စိတ်က ဆောင်လွန်းနေသဖြင့် ကေသရီ၏ အခန်းထဲသို့ အောင်မြင်စွာ ရောက်ရှိလာပါတော့သည်။ ကေသရီ၏ အခန်းပြတင်းပေါက် ရှေ့သို့ရောက်တော့ အဘွားမြင့်မြင့်မှာ မောဟိုက်၍နေပေပြီ။

"အဘွားမြင့်မြင့် အမောပြေသွားအောင် စွပ်ပြုတ်လေး သောက်လိုက်အုံးနော်"

ဒီတော့မှ အဘွားကြီးက စွပ်ပြုတ်ကို ယူ၍သောက်သည်။ ပြတင်းပေါက်မှနေ၍ ပြင်ပရှုခင်းများကို ကြည့်ရှုရသဖြင့် စိတ်လက် ကြည်လင်သွားဟန်တူသည်။ ကေသရီကို

"ညည်းက ဉာဏ်ကောင်းသားပဲ"

ကေသရီလည်း ကျေနပ်သွားမိသည်။ အဘွားကြီးက ခေမာမြို့ဘက်သို့ လှမ်းကြည့်နေရင်း အနောက်ဘက် လွင်ပြင်ကလေးသို့ လက်ညှိုးညွှန်၍

"တို့တွေငယ်ငယ်တုန်းကဆိုရင် ဒီမြက်ခင်းပေါ်မှာ အမြဲတမ်း ကစားနေကျပေါ့"

"အဘွားမြင့်မြင့်က ဘယ်သူတွေနဲ့ ကစားတာလဲဟင်"

"အဲဒီတုန်းကတော့ ကစားဖော်တွေ အများကြီးပေါ့။ ငါနဲ့ အများဆုံးကစားဖြစ်တာကတော့ ပိုင်ပိုင်ပေါ့ဟယ်"

"ဦးရန်နိုင်ကရော လာမကစားဘူးလား"

"သူက တို့ထက် အသက်နည်းနည်းကြီးတယ်လေ အရွယ်သိပ်မတူတော့ သူက သိပ်ဖြီးမကစားဘူးပေါ့။ သူလူပျိုပေါက် ဖြစ်တော့ ငါက ကစားလို့ကောင်းနေတုန်း။ ပိုင်ပိုင် ဆိုတာ တစ်ကယ့်ကို ငယ်ငယ်လေး ရှိသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


အဘွားကြီးက ရှေးဟောင်းနောင်းဖြစ်များကို ပြန်ပြီး သတိရနေဟန်တူသည်။ ပြတင်းပေါက်ကိုသာ ငေးကြည့်နေရင်း ဘာမှ ဆက်မပြောတော့။ ခဏကြာတော့ ပြတင်းပေါက်ဘေးမှာပင် အိပ်ပျော်သွားတော့သည်။ ကေသရီလည်း ဖွဖွထံသို့ စာတစ်စောင် ရေးနေမိသည်။ ဘာရယ်တော့မဟုတ် သာကြောင်းမာကြောင်းပင်။ အဘွားမြင့်မြင့်နှင့် အဆင်မပြေသည့် အကြောင်းကိုတော့ ဖေဖေစိတ်မကောင်းမည် စိုးသဖြင့် ထည့်မရေးတော့။ ပြီးတော့လည်း ဒီနေ့ဆိုလျှင် အဘွားမြင့်မြင့်က မိမိအပေါ် တော်တော်လေးကို ပျော့ပြောင်းလာသည်ဟု ဆိုရမည်။ ပိုပြီးအံ့ဩမိသည်က ကေသရီ စာရေးနေစဉ်မှာပင် အဘွားမြင့်မြင့် နိုးလာပြီး

"ဟဲ့ကောင်မလေး စာရေးနေတာလား"

ကေသရီလည်း ဘောပန်ကို ပြန်ချထားလိုက်ပြီး အဘွားမြင့်မြင့်အနားသို့ သွားဟန်ပြင်လိုက်တော့

"နေ နေ ရေးစရာရှိတာ ရေးနေပါ"

ကေသရီလည်း ရေးလက်စ စာကို ဆက်၍ရေးနေမိသည်။ အဘွားမြင့်မြင့်က ကေသရီ စာရေးနေသည်ကို ငေးကြည့်နေရင်းမှ

"ဟဲ့ကောင်မလေး၊ အဲဒီ ဘောပန်တွေနဲ့ ရေးမနေပါနဲ့။ သွားသွား ငါ့စားပွဲအံ့ဆွဲထဲမှာ ဖောင်တိန်တွေရှိတယ်။ တစ်ချောင်း ယူပြီးတော့ ရေး"

ကေသရီလည်း အဘွားမြင့်မြင့် စိတ်ကျေနပ်စေရန် သွား၍ယူလိုက်သည်။ အဘွားမြင့်မြင့်၏ စားပွဲအံဆွဲထဲတွင်တော့


www.burmeseclassic.com

www.burmeseclassic.com

သွားရေဖုံး စာအုပ်နှစ်အုပ်။ ဖောင်တိန်များနှင့် အတိုအထွာ ပစ္စည်းကလေးပေါင်းများစွာတို့ကို တွေ့ရသည်။ ကေသရီလည်း ဖောင်တိန်ပေါင်း များစွာ အနက်မှ တစ်ချောင်းကိုဆွဲယူပြီး ပြန်လာခဲ့သည်။ အဘွားမြင့်မြင့်က ကေသရီ၏ လက်ထဲမှ ဖောင်တိန်ကိုကြည့်ပြီး

"ဟဲ့ကောင်မလေး အဲဒ်ဖောင်တိန်ငါ့ကိုပေးစမ်း။ သွားသွား နောက်ထပ်တစ်ချောင်း သွားယူစမ်း"

ကေသရီလည်း အဘွားမြင့်မြင့်အလိုကျ နောက်ထပ် ဖောင်တိန် တစ်ချောင်း ထပ်ယူလိုက်သည်။ ပြီးတော့ ထိုဖောင်တိန်ဖြင့်ပင် ရေးလက်စစာကို ဆက်ရေးလိုက်သည်။ ပလပ်စတစ် ဘောပန်မျိုးစုံဖြင့်သာ ရေးနေကျဖြစ်သော ကေသရီမှာ လေးလံလှသော ဖောင်တိန်ဖြင့်ရေးရသည်မှာ တမျိုးကြီး ဖြစ်နေသည်။ အဘွားမြင့်မြင့်ကတော့ ကေသရီ ဖောင်တိန်ဖြင့် စာရေးနေသည်ကို သဘောကျသလို ကြည့်ပြီး

"တို့များဖြင့် ညည်းတို့ရဲ့ ဘောပန်တွေနဲ့ မရေး တတ်ပါဘူး။ လက်ထဲမှာ ပေါ့ရွှတ်ရွှတ်နဲ့။ ဖောင်တိန်နဲ့ရေးမှ လက်ရေးလှတာအေ့။ အဲဒီဖောင်တိန် ညည်းယူလိုက်"

ဒီနေ့အဖို့တော့ ထူးခြားလှသည်။ အဘွားကြီးက ကေသရီအပေါ် ထူးထူးခြားခြား နွေးထွေးစွာ ဆက်ဆံနေသည်။ သို့သော် ဘယ်အချိန်ကျမှ ထ၍ပေါက်ကွဲမည်ကို မသိ။

အဘွားကြီးက သူ့လက်ထဲမှ ဖောင်တိန်ကို ယုယုယယလေး ကိုင်တွယ်ကြည့်ရှုနေရင်းမှ

"ဒါ ပိုင်ပိုင်ရဲ့ ဖောင်တိန်ပေါ့အေ့။ ငါ့သူငယ်က ခဏငှား



www.burmeseclassic.com

www.burmeseclassic.com


ရေးတာ။ အဲဒီတုန်းက သူကလည်း မပေးဘူးလေ။ ငါကလည်း အတင်းလုတာပေါ့။ ငါလည်း ဒေါသဖြစ်ပြီး သူ့လက်မောင်းကို ဒီဖောင်တိန်နဲ့ ထိုးလိုက်တာပေါ့။ သွေးတွေထွက်လိုက်တာအေ။ ငါလည်း ထိုးမိပြီးမှ သနားလိုက်တာ။ သူ့လက်မောင်းမှာ အမာရွတ်ကြီး သေရာရှင်ရာ ပါသွားတော့တာပဲ"

ဪ် ဒါကြောင့် အဘွားကြီးက အမြတ်တနိုး သိမ်းထားတာကိုး။ အဘွားမြင့်မြင့်က ဦးရန်ပိုင်ကိုတော့ တော်တော် သံယောဇဉ်ရှိပုံရသည်။ ကေသရီ ရောက်လာစဉ် ကတည်းက သူ့အမျိုးသား ဦးရန်နိုင်အကြောင်းကိုပင် သိပ်ပြီးတော့ မပြော။ ဦးရန်နိုင်၏ ညီဖြစ်သူ ဦးရန်ပိုင်အကြောင်းကိုတော့ အမြဲတမ်းလိုလို ပြောတတ်သည်။ ငယ်သူငယ်ချင်း သံယောဇဉ် ဆိုတော့လည်း ကြီးမားပေလိမ့်မည်။ ပြီးတော့ အဘွားမြင့်မြင့်က သူငယ်စဉ်က အကြောင်းအရာများကိုသာ အမြဲတမ်းလိုလို သတိရနေတတ်သည်။

ခဏကြာတော့ အဘွားကြီး အိပ်ပျော်သွားပြန်သည်။ ကေသရီလည်း ရေးလက်စစာကို လက်စသပ်လိုက်ပြီး ပြတင်းပေါက်မှ ငေးမောနေမိသည်။ ထိုစဉ် အဝေးဆီမှလိုလို တေးသွားတစ်ခုကို ကြားလိုက်ရသည်။ တေးသံက ဟိုအဝေးဆီမှ လိုလို. . .။ သေချာနားထောင်ကြည့် ပြန်တော့လည်း အိမ်အောက်ထပ်မှ အသံလိုလို၊ ဘေးခန်းဆီမှ အသံလိုလိုနှင့်။ ပထမတော့ တစ်နေရာရာမှ သီချင်းဖွင့်နေသည်ဟု ကေသရီ ထင်မိသည်။ သေချာနားထောင်လိုက်တော့မှ. . .

အိုး . . . ဒါဟာ တယောသံပဲ။ တစ်ယောက်ယောက်


www.burmeseclassic.com

www.burmeseclassic.com

တယောထိုးနေသည်ပဲ။ ဘယ်သူများပါလိမ့်။ သာယာငြိမ့်ညောင်းသော တယောသံမှာ ကေသရီ နစ်မျောသွားမိသည်။ ပြတင်းပေါက်နားသွား၍ သေချာနားထောင်ကြည့်တော့မှ ထိုတယောသံသည် ခေမာမြိုင်အိမ်ကြီးဘက်ဆီမှ ဖြစ်ကြောင်းကို သိလိုက်ရသည်။ တယောသံ ပြန်လည် တိတ်ဆိတ်သွားတော့ ကေသရီလည်း စိတ်ထဲမှာ နှမျောတမ်းတသလိုလို တစ်ခုခုကို ဆုံးရှုံးသွားသလိုလို ဆွတ်ပျံ့စွာ ခံစားလိုက်ရသည်။ အဘွားမြင့်မြင့် အိပ်ပျော်နေသည်ကို မနှိုးလိုသဖြင့် ခြေကို အသာဖွနင်းကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဒေါ်လုံးထံသို့ သွား၍

"ဒေါ်လုံး ခုနက တယောထိုးနေတာ ဘယ်သူလဲဟင်။ ဒေါ်လုံးသိလား"

"အလိုလေးတော် ဘယ်သူက တယောထိုးနေလို့လည်း သမီးရယ်။ ဒေါ်လုံးတော့ မကြားမိပါလား။ မြို့ထဲက ကောင်လေး တချို့ ဂစ်တာ လာတီးကျတာ နေမှာပေါ့"

"တယောသံမှ တယောသံပါ ဒေါ်လုံးရယ်။ ဂစ်တာသံ မဟုတ်ပါဘူး။ သမီးခွဲတတ်ပါတယ်"

"ဒီတစ်မြို့လုံးမှာ တယောထိုးတတ်တာ ဦးဘမောင်ကြီး တစ်ယောက်ပဲ ရှိတော့တယ်။ သူကလည်း အိုနေပါပြီအေ။ သူနေတဲ့ အရှေ့ပိုင်းကနေ ဒီဘက်အထိတော့ လာနိုင်တော့မယ် မထင်ပါဘူး။ ဒါနဲ့ သမီးလေးက ဘယ်ကနေ ကြားလာတာလဲ"

"ခုလေးတင်ပဲ ခေမာမြိုင်ဘက်က တယောထိုးနေတာ ဒေါ်လုံး မကြားမိဘူးလား"

ဒေါ်လုံး မျက်နှာပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


"မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး"

ဒေါ်လုံးက သူတစ်ယောက်တည်းပြောသလို ရေရွတ်နေသည်။ ပြီးတော့မှ အိမ်ရှေ့ပြန်ဆည်လိုက်ပြီး

"ကဲကဲ သမီးလေး အိမ်ရှေ့မှာ ဒေါ်လုံး ပန်းအိုးတွေ ရွှေ့မလို့။ ကူရွှေ့ ပေးပါဦးကွယ်"

ကေသရီလည်း ဘာမှ ထပ်မေးမနေတော့ဘဲ ဒေါ်လုံးကိုသာ ကူညီလုပ်ကိုင်ပေးနေလိုက်တော့သည်။ ကေသရီ အခန်းထဲကို ပြန်ရောက်တော့ အဘွားမြင့်က နိုးနေပြီ။

"ငါအိပ်ပျော်သွားတာ ကြာပြီလားဟဲ့။ အိပ်မက်တွေ ဘာတွေ မက်နေလိုက်သေးတယ်။ အိမ်မက်ထဲမှာ ငါ့ကိုပိုင်ပိုင်က တယောထိုးပြနေလိုက်သေးတယ်။ ဟိုတုန်းက လိုပါပဲအေ"

ကေသရီ မျက်ခုံးနှစ်ဘက် မြင့်တက်သွားသည်။ သို့သော် ဘာမှတော့ မပြောတော့ပေ။ တိုက်ဆိုင်မှုဆိုတာ... ရာတိုင်းမှာ ရှိတတ်တာပဲ မဟုတ်လား။

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com



"မမ မမ အပြင်မှာ သွားကစားရအောင်"

ကျောင်းပိတ်ရက် မနက်ခင်းမို့ ဖိုးကျော်လေးက ဆော့ကစားဖို့သာ စိတ်စောနေသည်။

"အိမ်စာလေးဘာလေး လုပ်ဖို့ စိတ်မကူးဘူးလား ဖိုးကျော်ရယ်"

"အပြင်ကို လွယ်အိတ်ယူသွားမယ်လေ။ လေကောင်း လေသန့်ရတော့ စာကျက်လို့ ပိုကောင်းတာပေါ့"

ကေသရီ ပြုံးမိသည်။ ဒီကလေးနဲ့ စကားနိုင်လုလို့ကတော့ ကေသရီပဲ ရှုံးမှာ သေချာသည်။

"မမက အဘွားမြင့်မြင့်ကို စောင့်ရဦးမယ်။ တော်ကြာ အဘွားမြင့် ဒီးလာလို့ မမကို မတွေ့ရင် ဆူနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"မဆူပါဘူး မမရာ။ အဘွားမြင့်မြင့် နိုးလာရင် သားတို့ကို ဒေါ်လုံးက လှမ်းခေါ်မှာပေါ့။ လိုက်ခဲ့ပါနော် အဝေးကြီး မသွားပါဘူး။ အနောက်ဘက်ကမြွက်ခင်းပေါ် သွားကြမယ်လေ"

ကေသရီ ဘာမှပြန်မပြောမနေတော့။ ဖိုးကျော်လေးနှင့်သာ အနောက်ဘက် မြက်ခင်းလွင်ပြင်လေးဆီသို့ လိုက်ပါလာခဲ့သည်။ ဖိုးကျော်ကတော့ မျက်ခင်းပေါ်မှာ တဟေးဟေးအော်ပြီး ပြေးလွှားနေလေသည်။ ကေသရီလည်း ရွှင်မြူးလာပြီး ဖိုးကျော်လေးကို မိအောင်လိုက်ဖမ်းနေမိသည်။

"ကဲ မိပြီမိပြီ ကောင်စုတ်လေး။ ဘာတတ်နိုင်သေးလဲ"

"အမယ် မမက သားကိုမမိရင် မခေါ်တော့ဘဲ ပြန်သွားမှာစိုးလို့ အမိခံလိုက်တာ၊ သိလား"

"ကဲပါ ထားပါတော့ အိမ်စာတွေလုပ်မယ်ဆို။ လုပ်တော့လေ"

"ဟုတ်ကဲ့"

ဖိုးကျော် လွယ်အိတ်ထဲမှ စာအုပ်များကို ထုတ်နေချိန်တွင် ကေသရီ ခေမာမြိုင်အိမ်ကြီးကို လှည့်ပတ်၍ ငေးမှုရှုနေမိသည်။ ပျက်စီးနေသော အဆောင်ကြီးမှာ ဈေးသည် အဒေါ်ကြီး ပြောပြသည့် မီးလောင်ထားသည့် အဆောင်ဖြစ်မည်။ ထိုမီးလောင်မှုတွင် ဦးရန်ပိုင် သေဆုံးခဲ့သည်တဲ့။ ဒေါ်လုံး ပြောပြချက် အရတော့ ဦးရန်ပိုင်သေဆုံးချိန်မှာ အသက်သုံးဆယ်ပင် မရှိသေးတဲ့။ ဩော် ငယ်ငယ် ရွယ်ရွယ်နဲ့ ကံဆိုးလှပါလား။

"မမရေ. . ။ မမ သားသင်္ချာမတွက်တတ်လို့ ရှင်းပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



စပ်စု ... ပို့မှ မဆုံးသေး။ ဖိုးကျော်လေး၏ အော်သံကို ကြားလိုက်ရသည်။

"လာခဲ့မယ် ဖိုးကျော်ရေ။ ခဏလေးနေဦး"

ကေသရီ ထိုမျှသာ ပြန်အော်ပြောလိုက်ပြီး နံရံပေါ်ရှိ အပေါက်တစ်ခုမှ မိုးမခမြိုင် အိမ်ကြီးအတွင်းသို့ ချောင်းကြည့်လိုက်သည်။ မှောင်မဲနေသဖြင့် ဘာကိုမှ သေချာမမြင်ရ။ သေချာကြည့်လိုက်တော့ အတွင်းမှ ထုပ်တန်းအချို့ ပြုတ်ကျနေသည်ကို တွေ့ရသည်။ မှောင်ထဲကိုကြည့်ရတာ ကျင့်သားရလာတော့မှ အခန်းထောင့်မှ တစ်စုံတစ်ရာကို ကေသရီ တွေ့လိုက်ရသည်။

"အား"

အခန်းထောင့် ထုပ်တန်းပျက်ကြီး အောက်တွင် လူတစ်ယောက် လဲကျနေသည်။ သေနေပြီလားမသိ။ နေသူမရှိသော ခေမာမြိုင် အိမ်လွတ်ကြီးတွင် ဒီ အလောင်းကောင်ကြီးက ဘယ်လိုလုပ် ရောက်နေပါလိမ့်။ ကေသရီလည်း ဖိုးကျော်လေး ထံသို့ အပြေးပြန်လာခဲ့မိသည်။ ဖိုးကျော်လေးကတော့

"တွေ့လား မမရှင်းမပြလည်း သားတွက်တတ်သွားပြီ"

ဖိုးကျော်လေး၏ စာအုပ်ကို ယူကြည့်မိလိုက်တော့ တစ်ယောက်ယောက်က တွက်ပြသွားပုံရသည်။ လက်ရေးကတော့ လူကြီးလက်ရေးပင်ဖြစ်သည်။

"ဖိုးကျော် သားကို ဘယ်သူက တွက်ပြသွားတာလဲဟင်"

"သားသူငယ်ချင်း ဦးလေးကြီး တွက်ပြသွားတာလေ"

အ... ဘယ်ဦးလေးကြီးက သူ့သူငယ်ချင်း ဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com

ဖြန်ပါလိမ့်။ ကေသရီ မေးကြည့်လိုက်တော့

"ဟို ဒီကို အမြဲတမ်း လာတတ်တယ်လေ။ မမ မသိဘူးလား။ ဟို ဦးထုပ်အမြဲတမ်း ဆောင်းထားတဲ့ ဦးလေးလေ။ ဦးထုပ်အညိုနဲ့"

ဒါဆို သူပဲဖြစ်လိမ့်မည်။ အတော်ပဲ

"သား အဲဒီဦးလေးကြီးရော"

"ဟို အနောက်ဘက် ထွက်သွားတာပဲ"

ကေသရီလည်း ဘာမှစဉ်းစားမနေတော့ဘဲ အနောက်ဘက် ခင်တန်းရှိရာသို့ အပြေးကလေး လိုက်သွားမိတော့သည်။ ဟုတ်ပါသည်။ တောစပ်နားတွင် ကေသရီ သူ့ကို တွေ့လိုက်သည်။

"ဟေး ခဏ ခဏလောက်"

သူကကေသရီကို လှည့်ကြည့်ပြီး လက်လှမ်းပြသည်။ ကေသရီလည်း သူ့ကိုအမှီ ပြေးလိုက်သွားပြီး ခေမာမြိုင်အိမ်ကြီး အတွင်းမှ အလောင်းကောင်ကြီးအကြောင်း ပြောပြလိုက်တော့

"မဖြစ်နိုင်တာဟာ။ နင် မျှောင်ထဲ၊ အမြင်မှားလို့ ဖြစ်ပါလိမ့်မယ်"

"ငါ သေချာ မြင်လိုက်တာပါဟ"

ကေသရီ၏ သွေးဆုတ်နေသော မျက်နှာကိုကြည့်ပြီး

"နင် အရမ်း ကြောက်နေလား။ မကြောက်ပါနဲ့ဟာ။ လာ ငါတို့ သွားကြည့်ရအောင်"

ကေသရီ အလောင်းကောင်ကြီးကို မြင်ခဲ့ရာ နေရာသို့ သူ့ကို လိုက်ပြတော့ သူက နံရံအပေါက်မှ ချောင်းကြည့်လိုက်ပြီး

"ဘာမှ မရှိပါဘူးဟ။ နင် အမြင်မှားလို့ နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com


"ငါ ငါ တစ်ကယ်တွေ့လိုက်တာ"

"နင် အရမ်း ကြောက်သွားလား။ ငါ စိတ်မကောင်း ပါဘူးဟာ။ သေချာထပ်ကြည့်ပါဦး။ ဘာမှ မရှိပါဘူး"

"အမယ် နင်ဘာမှ စိတ်မကောင်းဖြစ်နေစရာ မလိုဘူး။ ငါတစ်ကယ်တွေ့လို့ တွေ့တယ်ပြောတာ"

"ကဲပါလေ ဒါဆိုလည်း ဖိုးကျော်ကို ဓာတ်မီးသွားယူ ခိုင်းလိုက်ပါလား"

ကေသရီလည်း သူအကြံပေးသည့်အတိုင်း

"ဖိုးကျော်ရေ ဟေး ဖိုးကျော် ဓာတ်မီးပြန်ယူ ပေးပါလား"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ဖိုးကျော် ပြန်လာရင် ဓာတ်မီးနဲ့ သေချာထိုးကြည့် တာပေါ့"

ဖိုးကျော် ပြန်လာတော့ ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ ဘာကိုမှ မတွေ့ရ။ အခန်းထဲမှ ထုပ်တန်းပျက်အချို့နှင့် ပရိဘောဂ အပျက်အစီးအချို့သာ တွေ့ရသည်။ အင်း ကေသရီ မျက်စေ့ မှောက်တာဟုပဲ ယူဆရန် ရှိတော့သည်ပေါ့။

"နင့်ကိုငါ မှာချင်တာကတော့ အရမ်းအကြောက်မလွန် ခိုင်ပဲဟာ။ ဒီနေရာတွေက မြို့ထဲနဲ့ဝေးတော့ လူပြတ်တာရယ်၊ လူတွေက ဟိုပြောဒီပြော လျှောက်ပြောတတ်တာရယ်ကြောင့်ပါ။ တခြား ဘာမှ အန္တရယ် မရှိပါဘူး။ အရင် မီလုံးတို့ သီတာတို့ဆိုရင် အလကားနေရင်း ကြောက်လန့်ပြီး ပြန်ထွက်ပြေးကြတာ။ မြင့်မြင့် သနားပါတယ်"

ကေသရီလည်း ကြောက်စိတ်ပျယ်သွားပြီ ဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com

မျက်ခင်းပေါ်တွင် စိတ်လွတ်ကိုယ်လွတ် ထိုင်ချလိုက်သည်။ သူကလည်း မျက်ခင်းပေါ်တွင် ဝင်ထိုင်လိုက်ပြီး ခေမာမြိုင်အိမ်ကြီးကို မော့ကြည့်နေသည်။ ကေသရီလည်း သူက အဘွားမြင့်မြင့် အကြောင်းပြောသဖြင့်

"အဘွားမြင့်မြင့်က တစ်မျိုးပဲနော်။ သူက လူတိုင်းက သူ့အပေါ် မကောင်းဘူးလို့ ထင်နေတာ။ ငါသူ့ကို ချစ်ပါတယ်ဟာ။ ဒါပေမဲ့သူက ငါ သူ့ကိုဘယ်လိုပဲဂရုစိုက်စိုက် သူက အလိုမကျဘူး ဖြစ်နေတာဟ"

ကေသရီလည်း ခံစားနေရသမျှတို့ကို သူ့အား ရင်ဖွင့်၍ ပြောပြနေမိသည်။

"မြင့်မြင့်က သူ့အလိုမကျတာရှိရင် ဆူတတ်ပေမဲ့ သဘောကောင်း ပါတယ်ဟာ။ ဒါပေမဲ့ သူဆူရင်၊ ငေါက်ရင် ကြောက်သလိုလိုနဲ့ မနေနဲ့။ သူက တစ်ခုခုဆိုရင် သူ့ကိုပြန်ငြင်းမှ ကြိုက်တာ။ သူက တစ်ယောက်ယောက်နဲ့ ငြင်းရတာ သဘောကျတယ်လေ"

"ဟုတ်ပါ့မလား၊ သူ့ကို ခံပြီးငြင်းနေရင် ပိုပြီးစိတ်ဆိုးမှာပေါ့"

"မဟုတ်ဘူး။ သူ့ကိုတမင်သက်သက် အလျှော့ပေးတာကို သူက မကြိုက်တာ။ နင်မယုံရင် သူနဲ့ အကျိုးသင့် အကြောင်းသင့် တစ်ခုခုငြင်းကြည့်ပေါ့။ သူ့ကို အလျှော့ပေးမှန်းသိလေ သူက စိတ်ဆိုးပြီး နင့်ကို ပိုအလိုမကျလေ ဖြစ်မှာပဲ"

"အင်း စမ်းကြည့်သေးတာပေါ့"

"တစ်ကယ်ပြောတာပါ။ ဖိုးကျော်လေး ဆိုရင် ဒီနည်းကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သုံးတာလေ။ ဒါကြောင့် ဖိုးကျော်တစ်ယောက်ပဲ မြင့်မြင့်နဲ့ အဆင်ပြေနေတာပေါ့"

သူ ပြောတာတွေလည်း ဖြစ်နိုင်ပါသည်။ အဘွားမြင့်မြင့် မာနကြီးတာ စိတ်ကြီးတာကို ကေသရီ အသိပင် မဟုတ်ပါလား။ မာနကြီးတတ်သူတွေက သူတို့ကို အလျှော့ပေးတတ်တာကို မကြိုက်ကြတတ်ပါ။

"နောက်ပြီး မြင့်မြင့်က သတ္တိရှိမှ ကြိုက်တာ။ ပျော့ညံ့တာကို လုံးဝ မကြိုက်ဘူး"

အမလေး သူ့ရဲ့ ငယ်သူငယ်ချင်း ကျနေတာပဲ။ သိလိုက်တာ။ ကေသရီ စိတ်ထဲမှ မနာလိုချင်သလိုဖြစ်သွားသည်။ သို့သော် အကြိုဥာဏ်ဆောသော သူ့ကို ကျေးဇူးတင်ပါသည်။

"ကဲ ငါသွားမယ်နော်၊ နောက်မှ တွေ့ကြတာပေါ့"

ကေသရီလည်း ထွက်ခွာသွားသော သူ့ကျောပြင်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ထိုစဉ် ဖိုးကျော်လေးလာ၍

"မမ ဓာတ်မီးကြီးကိုင်ပြီး ဘာလုပ်နေတာလည်းဟင်"

"ဟဲ့ နင်မမြင်ဘူးလား။ ငါတို့ ခေမာမြိုင်အိမ်ကြီးထဲကို ချောင်းကြည့်ကြတာလေ"

"ဟင် ဘယ်သူနဲ့လဲ"

"နင့်သူငယ်ချင်း ဦးဦးနဲ့လေ"

ဖိုးကျော်က ခေါင်းကုတ်နေသည်။ ပြီးတော့မှ

"အခု သူရော"

"ပြန်သွားပြီ"

"မမ သားလည်းကြည့်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ကေသရီနှင့် ဖိုးကျော်တို့ ခေမာမြိုင်အိမ်ကြီးထဲသို့ ချောင်းကြည့်ကြပြန်သည်။ အကျိုးအပဲ့ပစ္စည်းများမှအပ ဘာမှမတွေ့။ ဖိုးကျော်က ခေါင်းကိုကုတ်ရင်း

"အဲဒီ ဦးဦးကလည်း သားကို သချာင်္စစ်ပေးမယ် ပြောထားပြီး ဟာ"

"ဟဲ့ သူမပြန်ခင်တုန်းက နင်ပြောလိုက်ပါလား"

"သားမှ သူ့ကို မတွေ့တော့တာ"

"အလိုကော် ဒီမှာ ငါနဲ့အကြာကြီး စကားပြောနေတာပဲ"

"ကဲပါမမရာ မမပဲ စစ်ပေးတော့နော်"

ကေသရီ ဖိုးကျော်လေး၏ လေ့ကျင့်ခန်းစာအုပ်များကို စစ်ဆေးပေးလိုက်သည်။ စစ်လို့မှ မပြီးသေး ဖိုးကျော်က

"မမ စိမ်လိုက်ပြေးတမ်း ကစားကြမယ်"

"နင့်ရဲ့စာတွေကို စစ်ပေးနေတယ်လေ"

"ထားလိုက်ပါဗျာ။ ကစားရအောင်"

"ထားလို့ရမလားဟဲ့ ကျောင်းစာဆိုတာ. . ."

စကားမဆုံးခင်မှာပင် ဖိုးကျော်က ကေသရီ၏ ဆံပင်စည်းထားသော ပုဝါကလေးကို ဖြုတ်၍ ထွက်ပြေး တော့သည်။ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ကေသရီ မခံချင်အောင်လည်း နောက်ပြောင်၍. . .။ ကေသရီလည်း ဖိုးကျော်ကို မိအောင်လိုက်၍ ဖမ်းနေမိသည်။ နှစ်ယောက်စလုံး မောသွားတော့မှ

ဖိုးကျော်ကလေးက မျက်ခင်း ပေါ်တွင် အားပါးတရ ပစ်၍ လှဲချလိုက်သည်။ ကေသရီလည်း မောမောနှင့် ဖိုးကျော်လေး၏



www.burmeseclassic.com

www.burmeseclassic.com


အနားတွင် ဝင်ထိုင်လိုက်သည်။ မျက်ခင်းပေါ်တွင် ပက်လက်လှန်လှဲအိပ်နေသော ဖိုးကျော်လေးက ကေသရီကို လက်တို့ပြီး ညွှန်ပြသည်။ ဖိုးကျော်ညွှန်ပြရာသို့ ကေသရီလှမ်းကြည့်လိုက်တော့

မိုးမခမြိုင် အိမ်ကြီးပေါ်မှ သူတို့ကို လှမ်းကြည့်နေသော အဘွားမြင့်မြင့်။

"မောင်လေးရေ ပြန်ကြရအောင်။ အဘွားမြင့်မြင့် နိုးနေပြီ"

ကေသရီနှင့် ဖိုးကျော်လည်း အဘွားမြင့်မြင့်ရှိရာ မိုးမခမြိုင်အိမ်ကြီးဆီသို့ အပြေးလှမ်းလိုက်ကြတော့သည်။

ကေသရီနှင့် ဖိုးကျော်တို့ အဖွားမြင့်မြင့်၏ ရှေ့သို့ ရောက်သောအခါ

"ဟဲ့ကလေးတွေ ဘာလို့ဆက်မဆော့ကြတော့တာ"

"ဟို အဘွားမြင့်မြင့်နိုးနေ. . . "

ကေသရီစကားမဆုံးခင်မှာပင် ဖိုးကျော်က

"မောလို့ပေါ့ အဘွားမြင့်မြင့်ရဲ့။ မောတော့ ဗိုက်ဆာလာတာပေါ့။ ဗိုက်ဆာတော့ မပြေးနိုင်တော့ဘူးပေါ့"

"ဟဲ့ ဆာရင် မိလုံးဆီမှာ တစ်ခုခုသွားတောင်းကြလေ။ တိုးများငယ်ငယ်တုန်းကလည်း အဲဒီကွင်းပြင်ထဲမှာ ပြေးလို့လွှားလို့ မောပြီဆိုတာနဲ့ ခေမာမြိုင်ဖြစ်ဖြစ် မိုးမခမြိုင်ဖြစ်ဖြစ် နီးတဲ့အိမ်မှာ ဝင်ပြီးတော့ မုန့်တောင်းစားကြတာပဲ"

"ဟေး. . . အဘွားလုံးဆီမှာ မုန့်သွားတောင်းမယ်။ အဘွားမြင့်မြင့် တောင်းခိုင်းတာလို့"

ဖိုးကျော်က အော်ရင်းဟစ်ရင်း အိမ်အောက်ထပ်သို့



www.burmeseclassic.com

www.burmeseclassic.com

ပြေးဆင်းသွားသည်။ အဘွားမြင့်မြင့်က ကေသရီ၏လက်ကို ဆွဲကိုင်ရင်း

"ညည်း တော်တော်ကံကောင်းတဲ့ မိန်းကလေးပဲ။ ဒီအရွယ်ထိ ပြေးလွှားဆော့ကစားလို့ နေနိုင်တုန်း"

"အဘွားမြင့်မြင့်တို့ ငယ်ငယ်ကလည်း ဆော့ရတယ် မဟုတ်လား"

"ခပ်ငယ်ငယ်ကပေါ့အေ။ ပြေးခဲ့လွှားခဲ့ ဆော့ခဲ့ရတာပေါ့။ ညည်းတို့အရွယ်လည်းရောက်ရော ဟင်းဟင်း ကလေးတုန်းကလို ပြေးလွှားရတာမျိုး မဟုတ်ဘူးဟေ့။ အဲဒီကျတော့မှ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ရဆိုင်ရ ပြေးရလွှားရနဲ့။ လောကကြီးနဲ့ အပြေးပြိုင်ရတာ မကောင်းပါဘူးအေ"

"ဟား ဒီနေ့တော့ အဘွားမြင့်မြင့်က တော်တော်လေးကို မော်ဒန်ဆန်ဆန်ပါလား"

ကေသရီတိုးတိုးလေး ရေရွတ်မိသည်။ ဒါကို အဘွားမြင့်က ကြားဖြစ်အောင် ကြားသွားပြီး

"ဘာတုန်းအေ့ မော်ဒန်ဆန်တယ် ဆိုတာ"

"ဟို ဟို အဘွားမြင့်မြင့် ပြောတာတွေက ခေတ်မီတယ်လို့။ ဟို အခုခေတ် ဝတ္ထုတွေထဲကလို..."

"ဟင်းဟင်း အဲဒါ ခေတ်မီတာ မဟုတ်ဘူးဟဲ့။ အသက်ကြီးလာလို့ အရှိကို မြင်တတ်လာတာ။ တစ်ကယ်တော့ ဘယ်ခေတ်မှာဖြစ်ဖြစ် အတူတူပဲ။ ညည်းတို့ အခုခေတ်မှာ ကြုံနေတာတွေကိုပဲ အသစ်လို့ ထင်မနေကြနဲ့။ အလုံးစုံလုံး ဖြစ်ဖူးပြီးသားတွေချည်းပဲ။ ဘာမှ ထူးဆန်းတာ မပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုဖြစ်ဖြစ်၊ ရုပ်ရှင်ဖြစ်ဖြစ် အပြင်က ဂစ်ကယ်လက်တွေ့ဘဝ ဖြစ်ဖြစ် အဖြစ်အပျက်အားလုံးက ဖြစ်လာမယ်။ ဖြစ်ပြီးသွားရင် ပျက်သွားမယ်။ ဒါပဲရှိတယ်။ ညည်းတို့ကသာ အနုမြူလက်နက်တွေကို အံ့ဩနေကြတာ။ ဟိုးကမ္ဘာဦး ကျောက်ခေတ်ကတည်းက တစ်ယောက်နဲ့တစ်ယောက် ခဲနဲ့ပေါက်ပြီး ရန်ဖြစ်လာကြတာပဲ။ ဘာများထူးဆန်းသလဲ

ဒီလို အတွေးအခေါ်ဆန်ဆန် စကားလုံးတို့ကို ကေသရီ သိပ်ပြီးနားမလည်ပါ။ ဒါမျိုးတွေကို ကျောင်းတုန်းက ကဗျာစာအုပ်တွေဘာတွေ ထုတ်ပြီးရောင်းသော ကောင်လေးများ ပြောကြသည်ကိုတော့ ကြားဖူးသည်။

"အဘွားမြင့်မြင့် ငယ်ငယ်က ရန်တွေဘာတွေ ဖြစ်ဖူးလားဟင်"

ဘာရယ်မဟုတ် ကေသရီမေးကြည့်မိတော့

"ဖြစ်ဖူးတာပေါ့အေ ကလေးတွေရန်ဖြစ်မှ ရန်ဖြစ်တာ မဟုတ်ပါဘူး။ လူကြီးတွေ စီးပွားလုတာတို့ နိုင်ငံတွေစစ်ဖြစ်တာတို့လည်း ရန်ဖြစ်တာပဲ မဟုတ်လားအေ့။ ရန်ဖြစ်ခဲ့ရတာမှ အသက်လေးဆယ်ကျော်အထိပဲ ဆိုပါတော့။ နောက်ဆုံးတော့လည်းအေ နိုင်တဲ့သူဆိုတာ မရှိပါဘူး။ အားလုံးပျက်စီးရမှာပဲ မဟုတ်လား"

"အဘွားမြင့်မြင့်ကလည်း ရန်ဖြစ်ပါတယ်ဆိုမှတော့ တစ်ယောက်ကရှုံးရင် တစ်ယောက်က နိုင်မှာပေါ့"

"ဟင်းဟင်း နိုင်တယ်ဆိုတာကရော ဘာလဲ။ ငါ့မှာ အသက်လေးဆယ်ကျော်အထိ သိက္ခာမကျအောင် နာမည်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းရအောင်၊ စိမ်းစိမ်းဥစ္စာ မပျောက်ပျက်အောင် ဖြစ်လိုက်ရတဲ့ ရန်တွေ၊ တိုက်လိုက်ခိုက်လိုက်ရတာတွေ နောက်ဆုံး ငါ့ရန်သူတွေ၊ ပြိုင်ဘက်တွေအကုန်လုံး တစ်ယောက်မကျန် ငါ အနိုင်တိုက်ခဲ့တာချည်းပဲ။ ပြီးတော့ ဘာဖြစ်လာသလဲ။ ဘာမှဖြစ်မလာဘူးအေ့ သိလား။ ဘာမှဖြစ်မလာခဲ့ဘူး။ မိုးမခမြိုင်ရော ခေမာမြိုင်ပါ အခုငါ့လက်ထဲမှာလေ။ စာချုပ်ထဲက ပိုင်ရှင်နာမည်မှာ ငါ့နာမည်နဲ့လေ။ ဒါပေမဲ့ ငါတစ်ကယ်နေရတာက ဟောဒီ ခုတင်တစ်လုံးပေါ်မှာပဲလေ။ ငါငယ်ငယ်က ဆော့ခဲ့တဲ့ မျက်ခင်းပေါ်မှာတောင် အခုငါ ခြေတစ်လှမ်းချနိုင်သေးရဲ့လား။ ဘယ်မှာလည်း ငါပိုင်တာ။ ငါ့ရဲ့ ခြေထောက်ကိုတောင်မှ ငါမသယ်နိုင်တာ။ ငါပိုင်တာ ဟုတ်သေးရဲ့လား"

"အဲဒါကြောင့် ပြောတာပေါ့ မြင့်မြင့်ရဲ့။ အသက်တွေလည်းကြီးပြီ။ အစွဲတွေလည်း လျှော့ပါတော့။ ခုချိန်မှာ မြင့်မြင့် အနေနဲ့ ကိုယ့်နောက်ကိုပါမယ့်၊ သေသွားရင်တောင် ကိုယ်ပိုင်မယ့် ကိစ္စတွေကို အာရုံစိုက်ဖို့ကောင်းပြီ"

ဘယ်အချိန်က ရောက်နေမှန်းမသိသော ဦးအိုက်မောင်း ဝင်ပြောသောအခါ အဘွားမြင့်မြင့်က

"ဟဲ့အိုက်မောင်း နင်ငါ့ကို ဆရာလာမလုပ်နဲ့။ နင်ကတော့ တစ်သက်လုံး အေးအေးလူလူနေပြီးတော့ တရားတွေဘာတွေ လုပ်နိုင်တာကိုး။ ငါလည်း ခေမာမြိုင်ကိစ္စပြီးရင် တရားဘက်ကိုပဲ အာရုံစိုက်တော့မှာပါ"

"နေ့ရွှေ့ညရွှေ့နဲ့ အချိန်ဆွဲမနေပါနဲ့ မြင့်မြင့်ရယ်။ သေတဲ့သူတွေလည်း သေကုန်ပြီပဲလေ။ သိပြီးအစွဲတွေ

www.burmeseclassic.com

www.burmeseclassic.com


ကြီးမနေပါနဲ့တော့။ ပိုင်ပိုင်ကလည်း မမမြင့်မြင့် စိတ်တိုင်းကျ စီမံဖို့ သဘောတူခဲ့တာပဲ"

အဘဦးအိုက်မောင်းနှင့် အဘွားမြင့်မြင့်တို့ အတွင်းရေး စကားများကို ပြောဆိုနေကျသဖြင့် ကေသရီလည်း အခန်းပြင်သို့ ထွက်ရန် ပြင်လိုက်သည်။ ဒါကိုရိပ်မိသော အဘွားမြင့်မြင့်က

"ဟဲ့ကောင်မလေး ဘယ်မှမသွားနဲ့ဦး။ ငါတို့ပြောနေတာတွေကို သေသေချာချာ နားထောင်ထားစမ်း။ ငါတို့က ဘယ်အချိန် သေမှန်း မသိတဲ့သူတွေ။ ဒီကိစ္စက နင်တို့မှာလည်း တာဝန်ရှိတယ်"

"ဟုတ်တယ်သမီး သမီးအဖေက ဒီကိစ္စတွေအားလုံးကို စိတ်မဝင်စားတော့ပေမဲ့ သမီးအနေနဲ့ ဝင်ပြီး ဆုံးဖြတ်ခွင့်ရှိတယ်။ ဝင်ပြီးလည်း အကြံဉာဏ်ပေးပိုင်ခွင့်ရှိတယ်။ မိုးမခမြို့ရဲ့ နောက်ဆုံးမျိုးဆက်ဟာ သမီးနဲ့ ဖိုးကျော်ပဲ ရှိတော့တယ်လေ။ ဖိုးကျော်ရဲ့ မိဘများကလည်း လယ်အလုပ်၊ ကိုင်းအလုပ်ကလွဲရင် ဘာမှ သိရှာကြတာ မဟုတ်ဘူး"

ကေသရီလည်း နားမလည်းပါးမလည်နှင့်ပဲ ဆက်ရပ်နေရတော့သည်။ အဘဦးအိုက်မောင်းကပင်

"ဒီလိုသမီးရဲ့ အောက်ထပ်က ပုံတူပန်းချီကားကြီးကို သမီးသိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ဦးရန်ပိုင် အဖေပုံဖြစ်မယ်လို့ ဒေါ်လုံးက ပြောဖူးပါတယ်"

"ဘယ်က ဟုတ်ရမှာလည်းကွယ်။ မိလုံးကလည်း ရမ်းပြောပြန်ပြီ။ အဲဒါ ဦးစိုင်းလူရဲ့ ပုံပဲကွယ့်"


www.burmeseclassic.com

www.burmeseclassic.com

"ဩြော် ဦးစိုင်းလှအကြောင်းကိုတော့ သမီးနည်းနည်းပါးပါး ကြားဖူးပါတယ်"

"အင်း ဒါဆိုလည်း တိုတိုပဲ ပြောတော့တာပေါ့လေ။ ဦးစိုင်းလှ ဒီအိမ်ကြီးတွေကို လက်လွှတ်ဆုံးရှုံးရတာကိုတော့ သမီးသိပြီးလောက်ရောပေါ့"

"ဟုတ်ကဲ့"

"နောက်ထပ်များရောကွယ်"

"သမီးလည်း နောက်ထပ် မသိတော့ပါဘူး"

"ဒီလိုကွယ့်. . . .

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com

ဦးစိုင်းလူတစ်ယောက် ကိုလိုနီအစိုးရ၏ အကြောင်းရှာပြီး ထောင်ဒဏ်ကျခံစေရန် အပစ်ပေးခံရသောအခါ

ဦးစိုင်းလူမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ ကျဆင်းသွားသော်လည်း သူ့ဘက်တွင် ရပ်တည်မည့်သူနှစ်ဦး ကျန်ရှိပါသေးသည်။

ဦးစိုင်းလူ၏တပည့် လူငယ်များဖြစ်ကြသော ဦးအိုက်စံနှင့် ဦးဘကောင်း။

သူတို့နှစ်ဦးမှာ ဦးစိုင်းလူဘက်က ရပ်တည်ပါသော်လည်း လူငယ်များပင် ရှိသေးသောကြောင့် ဒေါသအပြင် ဘာကိုမှ မတတ်နိုင်။ သို့သော် အတွေ့အကြုံစုံခဲ့ပြီဖြစ်သော ဦးစိုင်းလူကာ သူတို့ကို ဆုံးမသည်။ သူကိုယ်တိုင်၏ ကျဆုံးရခြင်းများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ပြန်၍သုံးသပ်ဖြသည်။ ဒေါသစိတ်တို့ကို မြိုသိပ်ထားရန်၊ ခေတ်ပညာများကို တတ်မြောက်အောင် သင်ယူရန်နှင့် နိုင်ငံအတွက် တက်ကြွသော လူငယ်တို့နှင့် ပူးပေါင်း၍ လုပ်ဆောင်ရန်တို့ ဖြစ်သည်။

ထိုအချိန်မှစ၍ ဦးအိုက်စံနှင့် ဦးဘကောင်းတို့လည်း ဦးဘိုသော်၏ ဆုံးမစကားအတိုင်း ကြိုးစားခဲ့ကြသည်။ အျမ့ားအကျိုးအတွက် ရည်ရွယ်၍ တည်ဆောက်ခဲ့သော ခေမာမြိုင်နှင့် မိုးမခမြိုင်ကိုလည်း ကုလားသူဌေးကြီး၏ လက်မှ ပြန်လည်ရယူရန်လည်း အမိဌာန်ပြုမိကြသည်။

ဘီအိုင်အေ တပ်မတော်ဝင်လာ၍ နယ်ချဲ့တို့ကို တိုက်ထုတ်သောအခါ ဦးအိုက်စံနှင့် ဦးဘကောင်းတို့လည်း တိုင်းပြည်အတွက် ဝင်၍ စစ်မှုထမ်းခဲ့ကြသည်။ ဘီအိုင်အေမှ ဘီဒီအေသို့ ပြောင်းလဲဖွဲ့စည်းသောအခါ ဦးအိုက်စံနှင့် ဦးဘကောင်းတို့လည်း တပ်သားများ လျှော့ချသည့်အထဲတွင် ပါဝင်၍ တပ်မတော်မှ ထွက်ခွာခဲ့ရသည်။ သို့သော် မျိုးချစ်စိတ် ရှိသူများပီပီ တပ်မတော်နှင့် အဆက်အသွယ်မပြတ်စေပဲ လွတ်လပ်ရေးအတွက် နိုးကြားနေခဲ့သည်။ မြန်မာနိုင်ငံတဝှမ်းလုံး လွတ်လပ်ရေးအတွက် ဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက် သောအခါ တပ်မတော်နှင့်ပူးပေါင်း၍ ပျောက်ကျားတိုက်ပွဲများဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့ကြပြန်သည်။ ထိုသို့သော ကမ္ဘာစစ်ကြီးအတွင်းမှာပင် သူတို့လေးစားရသော ဦးစိုင်းညိုမှာ ကွယ်လွန်သွားခဲ့သည်။ ဦးအိုက်စံနှင့် ဦးဘကောင်းတို့၏ ရည်မှန်းချက်များမှာမူ မပျက်စီးကြသေး။



www.burmeseclassic.com

www.burmeseclassic.com


စစ်ကြီးပြီး :သွားသောအခါ သူတို့နှစ်ယောက်မှာ လွတ်လပ်ရေးအတွက်လည်း မျက်ချေမပြတ်ခဲ့သလို သူတို့၏ ရည်မှန်းချက်အတိုင်း အောင်မြင်ရန်လည်း အထူးပင်ကြိုးစား၍ စီးပွားရှာခဲ့ကြသည်။ အရာရာမတည်ငြိမ်သေးသည့်အချိန်မှာပင် သူတို့၏ ဖွဲ့ကောင်းလွန်းစွာ ကြိုးပမ်းမှုတို့ကြောင့် စီးပွားရေးမှာလည်း အတန်အသင့် ကောင်းမွန်လာခဲ့သည်။ နောက်ဆုံးမှာ အင်္ဂလိပ်နှင့်အတူ ပြန်ပါလာခဲ့သော ကုလားသူဌေးကြီးထံမှ မိုးမခမြိုင်ကို ဦးအိုက်စံကလည်းကောင်း၊ ခေမာမြိုင်ကို ဦးဘကောင်းကလည်းကောင်း ပြန်လည်ဝယ်ယူနိုင်ပြီဖြစ်သည်။ လွယ်လွယ်နှင့် ပြန်ရခြင်းတော့ မဟုတ်ပေ။ ထိုအိမ်နှစ်လုံးကို ပြန်လည်ဝယ်ယူရသဖြင့် သူတို့မှာ ယာခင်းအနည်းငယ်စီသာ ကျန်ရစ်တော့သည်။

လွတ်လပ်ရေးရပြီးသောအခါတွင်လည်း နယ်ချဲ့များ၏ ချန်ထားရစ်ခဲ့သော ဆိုးမွေအချို့ကြောင့် ပြည်တွင်းစစ်မီးကြီး တောက်လောင်ခဲ့ရသည်။ ထိုအခါ ဦးအိုက်စံနှင့် ဦးဘကောင်းတို့မှာ သူတို့၏ဆရာကြီး ဦးစိုင်းလူ၏ဆန္ဒအတိုင်း မိုးမခမြိုင်နှင့် ခေမာမြိုင်တို့ကို တပ်မတော်အတွက်လည်းကောင်း ပြည်သူ့စစ်များအတွက်လည်းကောင်း အသုံးချနိုင်ခဲ့ကြသည်။

သို့သော် အချို့အချို့သော နိုင်ငံရေးအမည်ခံ ကိုယ်ကျိုးရှာသူတို့ကလည်း မြို့ကလေး၏ အင်အားတောင့်တင်း၍ လေးစားသူများသော ဦးဘကောင်းနှင့် ဦးအိုက်စံတို့ကို အသုံးချရန် ကြိုးပမ်းလာကြသည်။ ဦးဘကောင်းနှင့် ဦးအိုက်စံတို့ကလည်း သတိဖြင့် သာနေထိုင်၍ နိုင်ငံရေးအရှုပ်အထွေးများတွင်



www.burmeseclassic.com

www.burmeseclassic.com

ဝင်မပါကြသောအခါ ငါနှင့်မတူ ငါ့ရန်သူဟု သဘောထားသူများကလည်း ပေါများလာခဲ့သည်။ ထိုသို့သော အချိန်ကာလတွင် ဦးအိုက်စံတွင် လေးလေးမြင့်နှင့် အိုက်မောင်းဟူသော သားသမီးနှစ်ဦး ထွန်းကားပြီးဖြစ်သလို ဦးဘကောင်းတွင်လည်း ရန်ပိုင်ဟူသော သားတစ်ယောက်ထွန်းကားပြီးဖြစ်သည်။

"အဘအိုက်မောင်း အဘအိုက်မောင်း အနောက်ဘက်ယာခင်းထဲမယ် ဖိုးထင်ကို ကျွဲခတ်လို့"

ကေသရီတို့ စကားကောင်းနေစဉ်မှာပင် အိမ်ရှေ့ဆီမှ အရေးတကြီး အော်သံကို ကြားလိုက်ရသည်။

"ဟေ ဘယ်လိုများ ဖြစ်ရပြန်တာတုန်း။ ဆေးရုံပို့ပြီးကြပြီလား"

အဘဦးအိုက်မောင်းလည်း အပြောလက်စ စကားကို မဆက်တော့ဘဲ ပြေးဆင်းသွားတော့၏။ အဘွားမြင့်မြင့်ကတော့

"ဩော် ဘာများဖြစ်ရပြန်ပြီလဲ။ ဒီ ငယ်လေးနှယ် ဘာမှမဖြစ်ပါစေနဲ့တော်။ ကဲကဲသမီးလေး ရှေး င်းနှောင်းဖြစ်တွေကို နောက်များမှ မြင့်မြင့်ပြောပြမယ်။ လောလောဆယ် ငါ အရင်ကအကြောင်းတွေကို သိပ်ပြီး ပြန်မတွေးချင်သေးဘူးဟဲ့။ ငါ့မှာလည်း တစ်သက်လုံးက စိတ်မာလှပါတယ်မာန်ရှိပါတယ် ဆိုပြီး လက်မထောင်လာတာ ခုများတော့ ခံနိုင်ရည်တွေလည်း သိပ်မရှိတော့ပါဘူးအေ။ အသက်ကြီးတော့ အစွယ်တွေလည်း ကြိုးကုန်ပါပြီ"

"အစွယ်ကြီးတွေကြိုးကုန်တော့ သိပ်ကောင်းတာပေါ့ အဘွားမြင့်မြင့်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com


အခန် ့ ကော်ဖီခွက်များ လာပို့သော ကျော်ကျော်က ဝင်ပြောလိုက်သဖြင့် ကေသရီဟန့်လိုက်သည်။

"ဟဲ့ကျော်ကျော် လူကြီးကို အဲဒီလို မပြောရဘူးလေ"

"ပြောပါစေ ကလေးမရဲ့။ ကဲအစွယ်ကျိုးတာ ဘာများ ကောင်းသတုန်း လူကြီးမင်းရဲ့"

အဘွားမြင့်မြင့်က ဖိုးကျော်လေးကို မေးလိုက်သောအခါ သွက်သွက်လက်လက်ဖြင့်ပင်

"သားရှင်းပြမယ် အဟမ်းအဟမ်း မမကေသရီ တစ်ခွက်ယူလေဗျာ။ သုံးခွက်ကြီးတောင် သားမနည်းယူလာရတာ။ အဘွားမြင့်မြင့်က တစ်ခွက်သောက်"

"အင်းပါ ပညာရှိကြီးရယ် ဈေးကလည်း ကိုင်လိုက်တာ။ ဟောတော်မူပါတော့အေ"

အဘွားမြင့်မြင့်စကားကြောင့် ကျော်ကျော်က ပခုံးနှစ်ဘက်ကို ဟန်ပါပါပင့်လိုက်ရင်း

"အစွယ်ကြီးနဲ့ဆို ကိုယ့်လျှာကိုယ် ပြန်ကိုက်မိတော့ ဘယ်လိုလုပ်မလဲ။ အစွယ်မရှိတော့ ကိုယ့်လျှာကိုယ်ပြန်ကိုက် မိတော့လည်း သိပ်မနာတော့ဘူးပေါ့"

ဒီကောင်လေးဟာလေ လူကြီးကို နောက်သလိုဖြစ်နေပြီ။ အဘွားမြင့်မြင့်ကတော့

"အင်း ငါ့မြေးပြောတာ ဟုတ်တယ်ကလေးမရဲ့။ ဘုရားဘုရား ငါ့မှာ ကလေးလောက်တောင် မသိခဲ့ပါလားနော်။ ကလေးကတောင် လျှောင်စရာဖြစ်ခဲ့ပါပေါ့လား။ သမီးလည်း အစွယ်တွေ ကိုက်နေရင် အခုကတည်းက ချိုးထားချေတော့။

www.burmeseclassic.com

လူဆိုတာ ထက်မြက်ရင်ကောင်းပေမယ့် အစွန်းရောက်လွန်းရင်တော့ ကိုယ့်ကိုကိုယ် ပြန်ပြီးခိုက်တတ်တယ်။ ငါ့မှာလည်းအေ ညည်းတို့ကိုသာ ပြောရတယ်။ ခုထက်ထိ ကြီးလေမိုက်လေ ပါပဲလား"

ဖိုးကျော်လေးကတော့ ကော်ဖီခွက်ကို အနံ့ခံနေရင်းမှ "အဘွားမြင့်မြင့်ပြောမှပဲ သားပြောတာကိုတောင် သားပြန်ပြီး နားမလည်တော့ဘူး"

ကေသရီကတော့ ကော်ဖီခွက်ကို ကိုင်ထားသော်လည်း တစ်စက်မှပင် မသောက်မိသေး။

အဘွားမြင့်မြင့်မှာလည်း ကော်ဖီကိုသာသောက်နေသော်လည်း သူ့စိတ်များကတော့ ကော်ဖီတွင် ရှိနေဟန်မတူပါ။

ခုတလော အဘွားမြင့်မြင့်မှာ အရင်လို စိတ်တိုင်းမကျမှုများ ဒေါသထွက်ခြင်းများ လျော့ပါးလာသည်။ ဆူပူအော်ဟစ်ခြင်းများလည်း သိပ်မရှိတော့။ သို့ရာတွင် စကားပြောသောအခါ အရာရာကို လေးလေးနက်နက်ဖြင့် ပြောတ ်လာသည်။ ကေသရီနားမလည်နိုင်သော စကားများကိုလည ပြောတတ်လာသည်။

ကေသရီအနေဖြင့်တော့ လောကကြီးအကြောင်းကိုလည်းကောင်း လေးလေးနက်နက် အကြောင်းအရာများကိုလည်းကောင်း သိပ်ပြီးမသိချင်ပါ။ သို့သော် အချို့အချို့သော ကိစ္စများကိုတော့ စူးစမ်းချင်သည်။ စပ်စုချင်သည်။ ဒါကလည်း သိချင်မြင်ချင်ယုံလောက်သာ။ တစ်ကယ်တော့ကေသရီသည် ဘာကိုမှ နားလည်ရန် သိပ်ပြီးမကျိုးစားမိ။ ကျိုးစားရန်လည်း



www.burmeseclassic.com

www.burmeseclassic.com


မပံ့မရဲပင် အမြဲဖြစ်နေတတ်သည်။ လောကကြီးကို ရင်ဆိုင်ရန် ကေသရီ မပံ့မရဲဖြစ်နေဆဲပင်။ ချစ်စရာရှိလျှင် ချစ်၍ ပျော်စရာ ရှိလျှင်ပျော်မည်။ ငိုစရာရှိလျှင် ငိုလိုက်ပြီး ကြောက်စရာရှိလျှင် ကြောက်လိုက်မည်။ ပီဘိကလေးငယ်လေး တစ်ယောက်လိုသာ နေထိုင်ချင်ပါသေးသည်။

သို့သော် မိမိမှာ အရွယ်ရောက်လာပြီဖြစ်ကြောင်း၊ တာဝန်ယူစရာတွေ ဆုံးဖြတ်စရာတွေ ရင်ဆိုင်စရာတွေ ရှိလာပြီ ဖြစ်ကြောင်းကိုလည်း နားလည်နေမိပြန်သည်။

"ဘုရားရေ လောကကြီးမှာ ကြောက်စရာတွေ သိပ်ကို ပေါများနေပါလား။ ငါကလွဲလို့ တစ်လောကလုံးက သရဲတွေ၊ တစ္ဆေတွေ ဖြစ်နေကြပြီလား။ မပြောတတ်ပါဘူးလေ။ ငါကိုယ်တိုင် ကလည်း တစ္ဆေတစ်ကောင် ဖြစ်ချင်ဖြစ်နေမှာပေါ့"

အတွေးများဖြင့် မွန်းကျပ်လာသော ကေသရီသည် သူ့ သူငယ်ချင်း ယင်းမာကို သတိရမိသည်။ ကျောင်းတုန်းကတော့ ဘယ်ကိစ္စမဆို ယင်းမာကို တိုင်ပင်နေကျ၊ ရင်ဖွင့်နေကျ။ ယခုလည်း ကေသရီ အဘွားမြင့်မြင့် ပေးထားသော ဖောင်တိန်ကို သတိရကာ. . . .

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com


သို့/

ဟိတ်ကောင်မ ယင်းမာ

ငါလိပ်စာပေးထားရဲ့သားနဲ့ ဘာလို့ စာမရေးတာလဲ။ ဘယ်လိုလဲ နင် အလုပ်ရနေပြီလား။ နင့်ကို လာလာရစ်နေတဲ့ ဟိုကော င် အောင်မျိုးအားကိုးနဲ့ ငါ့ကိုမေ့ထားတယ်ပေါ့လေ။ နင် မကောင်းဘူး။ သိလား. . .

ငါတို့နယ်မှာတော့ နင့်လို အင်တာနက်ကဖေးတွေ ဆိုက်ဘာကဖေးတွေ သွားစရာမရှိဘူးပေါ့။ နင်လည်း ချက်တင် တွေချည့်ပဲ စွတ်ထိုင်မနေနဲ့ဦး။ ဘာသင်တန်းတွေ တက်နေလဲ။ နင့်လို ကောင်လေးမှန်းမသိ၊ ကောင်မလေးမှန်းမသိ၊ အဖိုးကြီးမှန်းမသိ၊ အဖွားကြီးမှန်းမသိတွေနဲ့ အီစီတလီ

www.burmeseclassic.com

www.burmeseclassic.com

မချက်နိုင်တော့လည်း စာတွေပဲရေးရတာပေါ့။(အဲဒါ နင့်ကိုမနာလို လို့ စကားနာထိုးတာ သိလား)

အခု ငါနေတဲ့အိမ်က အကြီးကြီးပဲသိလား။ အဲဒါမျိုး နောက်ထပ်တစ်အိမ်ရှိသေးတယ်။ ကြွားရဦးမယ် အဲဒါတွေကို ငါ့အကွာ ဆိုင်ပေါ့ ...

ငါတို့နေတဲ့ အိမ်က သရဲချောက်တယ်လို့ နာမည်ကြီး တယ်ဟ။ ငါတော့ တစ်ခါမှမကြုံဘူးသေးဘူး။ အဆောင်မှာ သရဲခေါ်ရင် နင် ၁ထိပ်ဆုံးဆိုတော့ နင်စိတ်ဝင်စားမယ်ထင်တယ်။ အိမ်ကြီးတစ်အိမ်မှာ နှစ်လောင်းပြိုင် သေဖူးတယ်တဲ့။ နင့်ရဲ့ အကောင် အောင်မျိုးက စာရေးဆရာရှူးဆိုတော့ သူ့ကိုပြောပြ လိုက်ပေါ့။ ကုန်ကြမ်းရတာပေါ့။ ဒါပေမဲ့ နင်တို့ကို ဖောက်သည်ချဖို့ ငါလည်း အကုန်လုံး ပြည်ပြည့်စုံစုံ မသိသေးဘူး။ ငါ့အဖွားတို့မှာ ဟိုတုန်းက ဇာတ်လမ်းတွေ ရှိခဲ့တယ် ထင်တယ်ဟ။ အခုလည်း သူတို့မှာ အရေးကြီးတဲ့ အတွင်းရေးတစ်ခုရှိပုံရတယ်။ သူတို့က ငါ့ကိုမစိမ်းပါဘူး။ ငါ ဘာမှန်းမသိတဲ့ အဲဒီအတွင်းရေးတွေကို ငါ့ကို ပြောပြမယ်တဲ့။ ပြီးတော့ သူတို့ကိစ္စမှာ ငါလည်းဝင်ပြီး ဆုံးဖြတ်ရမယ်တဲ့။ ဘာတွေမှန်းတော့ မသိသေးဘူးဟ ငါ ကြောက်လာသလိုလိုပဲ။

ငါကနင်သိတဲ့အတိုင်း ဆုံးဖြတ်တာဆိုလို့ မုန့်ဟင်းခါး စားရင် ကောင်းမလား၊ အုန်းနို့ခေါက်ဆွဲစားရင် ကောင်းမလား လောက်ပဲ လုပ်ဖူးတာ။ အရေးကြီးတဲ့ကိစ္စဆိုလို့လည်း စာမေးပွဲ ဖြေတာလောက်ပဲ ရှိဖူးတာ။ ဒီ ခုတော့ အင်း. . . ငါ စိတ်လှုပ်ရှားနေမိတယ်ဟာ။ နင်ရှိနေရင်တော့ တိုင်ပင်ဖော်



www.burmeseclassic.com

www.burmeseclassic.com


ရတာပေါ့။ ပြီးတော့လည်း သံရဲချောက် ၇ယ် ဆိုတာ တစ်ကယ် ဖြစ်နိုင်တယ်လို့ ငါထင်မိတယ်။ ကောင်မ နင် မရယ်နဲ့နော်။ ငါကိုယ်တိုင် မျက်ဝါးထင်ထင် မတွေ့သေးပေမဲ့ ငါ့စိတ်ထဲမှာ ယုံနေသလိုလိုပဲ။ ဘာတွေ ဆက်ဖြစ်မလဲတော့ မသိပါဘူးဟယ်။ ငါ လေးလေးနက်နက် ... ကြောင်းတွေကို သိပ်မတွေးချင်ဘူး။ အသက်ကြီးရတာလည်း မကောင်းပါဘူးနော်။ ဒီမှာ ငါ့မောင်လေး တစ်ယောက်ရှိတယ်ဟဲ့။ သူတို့လို အရွယ်လေးတွေပဲ ကောင်းပါ တယ်။ ကျောင်းစာနဲ့ ဆော့ဖို့လောက်ပဲ သူတို့မှာ တာဝန်ရှိတယ်။ သိပ်ပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ ဇာတ်လမ်းတွေ ငါသိရတော့မယ်။ အဲဒီတော့မှ နင့်ကို စာထပ်ရေးလိုက်ဦးမယ်။

နင်တို့ကို သတိရတယ်ဟာ။ ဝါဝါတို့နဲ့ရော တွေ့ဖြစ် သေးလား။ အဆောင်မှူးမမနဲ့ ရန်ဖြစ်သေးလား။ သည်းခံပါဟ လူကြီးတွေက စိတ်တိုတတ်တာများတယ်။

ငါ့ကိုလည်း စာလေးဘာလေးတော့ ရေးကြပါဦးဟယ်။ ငါ့မှာ တိုင်ပင်စရာ နင်ပဲ သူငယ်ချင်းအရင်းရှိတာမဟုတ်လား။ ထူးဆန်းတာ ပြောရဦးမယ်။ ငါ ဒီမှာနေရတာ ကြောက်လည်း ကြောက်နေသလို ဒီအိမ်ကြီးတွေကိုရော မိသားစုတွေကိုပါ ငါသိပ်ချစ်တာပဲဟ။ ငါ အဆောင်ကနေ ထွက်ကာနီးတုန်းက နင့်ကိုဖက်ပြီး ငိုခဲ့တယ်နော်။ အခုလည်း ဒီအိမ်ကြီးက ထွက်ခဲ့ရင် ငါ ငိုမိမလားမသိဘူး။ ငိုမိမယ်ထင်တယ်။

ဒါပဲဟာ ငါ ငိုချင်လာပြီ။ ငိုလိုက်ဦးမယ်။

သတိရနေတဲ့ နင့်ရဲ့...

ကေသရီ...


www.burmeseclassic.com

www.burmeseclassic.com

သို့

သူငယ်ချင်း ကေသရီ

အရှူးမ

နင် ဘာတွေ အရှူးထနေတာလဲဟဲ့။ နင့်ကို ငါလည်း သတိရပါတယ်ဟာ။ ငါလည်း အလုပ်ရှာနေတုန်းမို့ မအားသေး တာနဲ့ စာမရေးဖြစ်တာပါ။ စိတ်ကောက်တော်မမူမနေပါနဲ့။ နင်မရှိတဲ့နောက်ပိုင်း အင်တာနက်ကဖေးလည်း မရောက်ဖြစ် ပါဘူး။ တစ်နေ့တစ်နေ့ အလုပ်လျှောက်ဖို့ စုံစမ်းရတာနဲ့ သင်တန်း တက်ဖို့ စုံစမ်းရတာနဲ့ ရှုးချင်ချင်ဖြစ်နေတာဟေ့။ နင်က အေးအေးဆေးဆေးနေရပြီးတော့ ငါ့ထက်ပို အကြောင်းဆိုး နေပါလား။

နင်တို့အိမ်က သရဲချောက်တော့ ကောင်းတာပေါ့။ နင်ပဲ သရဲကားတွေ၊ သရဲဝတ္ထုတွေ ကြိုက်တတ်တာလေ။ နင့်ကို သရဲက လာချောက်ပြတော့ ပိုက်ဆံအကုန်ခံပြီး မကြည့်ရတော့ဘူး ပေါ့ဟာ။ နင့်အကြောင်းကို ငါသိပါတယ်။ နင့်ကို သရဲက လာမချောက်သေးလို့ နင်က အချောက်ခံချင်နေတာမဟုတ်လား စပ်စုမရယ်။ တစ်ကယ်တော့ဟာ လောကကြီးမှာ သရဲတွေ တစ်ကယ်ရှိရှိ မရှိရှိ အရေးမကြီးပါဘူး။ သရဲမချောက်လည်း တခြားဟာတွေ ကြောက်နေရတာပဲ။ ဆူနာမီတို့ ဆားရောဂါတို့က နင့်အဘသရဲထက် ကြောက်ဖို့ကောင်းတာ သေချာတယ်။ သရဲချောက်လို့ သေသွားတဲ့မသာလည်း မတွေ့ဖူးပါဘူးဟ။ လူတစ်ယောက် သရဲချောက်ခံရလို့ သေသွားတယ်ဆိုရင် အဲဒီလိုသေသွားတဲ့ အကြောင်းကို ဘယ်သူက ပြန်ပြောပြလို့



www.burmeseclassic.com

www.burmeseclassic.com


သိရတာလဲ။ ငါလည်း သရဲကြောက်တတ်တာပဲဟဲ့။ ဒါပေမဲ့ နင့်လိုတော့ စပ်စုနေဖို့ အချိန်မရှိပါဘူး။

တစ်ကယ်လို့ သရဲချောက်ခံရပြီးသေသွားလည်း ဘာထူးလည်း။ ဘာဖြစ်သေးလည်း။ သေနည်းတစ်မျိုးပဲပေါ့။ လူဟဲ သရဲချောက်မခံရလည်း တခြားနည်းတွေနဲ့ သေနိုင်တာပဲ။ ကားတိုက်မိတာတို့ ကင်ဆာဖြစ်တာတို့လိုပဲ သဘောထားလိုက်ပေါ့။ သေမယ်ဆို သေတတ်တဲ့ကိစ္စတွေ အများကြီး။ သရဲချောက်လို့ သေတဲ့ကိစ္စလေး ထပ်တိုးလာတာနဲ့ အရေးလုပ်မနေနဲ့။ နင်က တခြားကမ္ဘာက ဂြိုလ်သားတွေကို တွေးကြောက်နေသလိုမျိုး ဖြစ်နေပြီ။ တစ်ကယ်ရှိချင်လည်း ရှိမှာပေါ့။ ဒါပေမဲ့ သူဟာသူရှိတာ ငါတို့နဲ့ အဲနေသာကြီးပါဟာ။ ဂြိုလ်သားတွေက လူတွေကို ဒုက္ခပေးချင်မှ ပေးမှာပေါ့။ သရဲထဲမှာလည်း သဘောကောင်းတဲ့သရဲ ရှိချင်ရှိမှာပေါ့။ နင့်ကို သရဲက ရွှေမန်ကျီးတောင် တွေပေးရင် ငါ့ကိုလည်း မမေ့နဲ့ဟော့။

ဘာတဲ့ နင်တို့အိမ်မှာ နှစ်လောင်းပြိုင်သေဖူးတယ်။ ဟုတ်လား။ အထူးအဆန်းလုပ်လို့ဟယ်။ လူမသေဖူးတဲ့နေရာ ဘယ်မှာရှိလို့လဲ။ နင်နေခဲ့တဲ့ အဆောင်ရှေ့ နင့်ကုတင်ဘေးက ပြတင်းပေါက်နဲ့တည့်တည့် ကားလမ်းမပေါ်မှာ ကားအက်ဆီးဒင့်ဖြစ်ပြီး လေးငါးလောင်းပြိုင် သေဖူးတယ်လေ။ နင့်အကောင်တွေ ဂစ်တာလာတီးမလားလို့ ညတိုင်းညတိုင်း နင်မျှော်နေကျနေရာမှာပေါ့။ နောက်ပြီး နင်သိပါတယ်။ ငါတို့အဆောင်ဟာ ဂျပန်ခေတ်တုန်းက ဆေးရုံလုပ်ခဲ့ဖူးတယ်ဆိုတာလေ။ စစ်တုန်းက ဆေးရုံဆိုတော့ နင်စဉ်းစားကြည့်ပေါ့။ အကြိမ်းသေရော

www.burmeseclassic.com

အကျက်သေရော ဟက်ဖရိုက်သေရော ခပ်နွှေးနွှေးသေရော ဧသခဲ့တာမှ စုံနေမှာပဲ။ နင် လေးနှစ်ကျော် ငါးနှစ်လောက် နေလာတာ ဘာဖြစ်ခဲ့လို့လဲ။ ဖုန်းသရဲ၊ စာသရဲ၊ ချက်တင်သရဲ တွေနဲ့ အီစီကလီလုပ်လာခဲ့တဲ့နင်က ဒီသရဲကိုလည်း အီစီကလီ လုပ်ပစ်လိုက်ပေါ့ဟာ။

နောက်ပြီး နင်အရှုံးထတာကလည်း လွန်လှချည်လား။ အိမ်တိုင်းအိမ်တိုင်းမှာ အိမ်တွင်းရေးဆိုတာ ရှိတာပေါ့။ အရေးကြီးချင်ကြီးမယ် မကြီးချင်လည်းမကြီးဘူးပေါ့။ နင်လည်း အဆောင်မှာအနေကြာလို့ အိမ်နဲ့ယာနဲ့ မနေတတ်တော့ဘူး ထင်တယ်။ နင်ကိုယ်တိုင် ဘာမှန်းသေသေချာချာမသိသေးတဲ့ ကိစ္စကို ငါက ဘာအကြံပေးတတ်မှာလဲ ။

နင်ပြောသလို လူကြီးဖြစ်ရတာ မလွယ်တာကတော့ သေချာတယ်ဟာ။ လူကြီးတောင် ကောင်းကောင်းမဖြစ်သေးဘူး အခုကတည်းက အေးအေးမနေရတာကတော့ အမှန်ပဲဟေ့။ တာဝန်ယူရတာတွေကတော့ အများကြီးပေါ့ဟယ်။ ဘာတတ်နိုင် မှာလဲ။ မယူချင်လို့မှ မရတာ။ အခုဆို ငါ့ဘဝကိုငါ တာဝန်ယူဖို့ ကြိုးစားရတော့မယ်။ မချမ်းသာဖူးတော့ ချမ်းသာတဲ့သူတွေတော့ မသိဘူးပေါ့ဟာ။ ငါကတော့ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်ဖို့ တာဝန်ယူရတော့မှာ အမှန်ပဲ။ ချမ်းသာတဲ့သူတွေကလည်း မထူးပါဘူး။ သူတို့က ရည်မှန်းချက်တို့ ရည်ရွယ်ချက်တို့နဲ့ ပိုပြီးတောင် ရှုပ်ယှက်ခတ်နေဦးမယ်။

တတ်နိုင်တဲ့သူတွေ ငယ်ငယ်ကတည်းက ရည်မှန်းချက် ကြီးနဲ့ ကြိုးစားလာတဲ့သူတွေ မပြောနဲ့ ရရာအလုပ်ကလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သလိုနေဖို့လေး လုပ်နေတဲ့ ငါတောင်မှ စဉ်းစားလိုက် ဆုံးဖြတ်လိုက်ရတာတွေ တစ်ပုံကြီးပဲ။ ဟော့ကောင်မ ဆုံးဖြတ်စရာ ရှိရင် ဘာမှ ကြောက်မနေနဲ့။ ဆုံးဖြတ်ချင်ရာ ဆုံးဖြတ်လိုက်။ မှားသွားရင် ပြန်ပြင်လိုက်ပေါ့။ သိပ်ပြီး စိတ်အပင်ပန်းခံမနေနဲ့။ မုန့်ဟင်းခါးဝယ်ပြီးမှ အုန်းနို့ခေါက်ဆွဲ စားချင်ရင် မုန့်ဟင်းခါးကို သွန်ပစ်လိုက်။ အုန်းနို့ခေါက်ဆွဲ ထပ်ဝယ်စားလိုက်။ နှစ်ခါပင်ပန်း တာနဲ့ ပိုက်ဆံပိုကုန်တာအပြင် ဘာမှမဖြစ်ဘူး။ မုန့်ဟင်းခါး ပန်းကန်ကြီးကိုင်ပြီးတော့ တစ်သက်လုံး အုန်းနို့ခေါက်ဆွဲ အုန်းနို့ ခေါက်ဆွဲ လုပ်နေလို့ အလကားပဲ။

လေးလေးနက်နက်ကိစ္စ ဆိုတာကတော့ အင်းဘယ်လို ပြောရမလဲ။ လေးနက်တော့ရော ဘာဖြစ်လဲဟာ လေးနက် လိုက်ပေါ့။ လေးနက်တာလည်း ကြောက်စရာမဟုတ်ဘူး။ ငါးဖြူတာလည်း ကြောက်စရာမဟုတ်ဘူး။ ညည်း ကျောင်းတုန်းက သင်လာခဲ့တဲ့ စာတွေလောက် လေးနက်တာရှိဦးမလား။ ကမ္ဘာနဲ့ ချီပြီး လေးနက်တာတွေလေ။ ငါတို့ဘဝတွေ ငါတို့ကိစ္စတွေထက် ပိုပြီးလေးနက်တာတွေချည်းပဲ။ ဒါတွေတောင် နင်ရင်ဆိုင်လာ ပြီးပြီပဲဟယ်။ စာတွေ့ဆိုတာ လက်တွေ့မဟုတ်ပေမဲ့ လက်တွေ့ တွေကိုရေးထားတာတွေပဲ။ ကျောင်းစာအုပ်ထဲက ဟာတွေကို လက်တွေ့ဘဝမှာ ကူးချလိုက်။ ဒါဆိုအားလုံး လွယ်လွယ်လေး ဖြစ်သွားမယ်။

နင့်မောင်လေးရှိတယ်ဆို ဘယ်အရွယ်လဲ။ ငါ့ကို ပထမ ဦးစားပေးအနေနဲ့ ယောင်းမတော်ရမယ်နော်။ အဆောင်မှူးနဲ့တာ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ပဲဟော့။ ဒီလိုပဲ ချစ်ရာရှိရင်ချစ် မုန်းစရာ



www.burmeseclassic.com

www.burmeseclassic.com

ရှိရင်မုန်းလိုက် ငိုစရာရှိရင်ငို ရယ်စရာရှိရင်ရယ်လိုက်။ ဘာခက်လို့လဲဟယ်။ ကြောက်စရာရှိရင်လည်းကြောက်လိုက်ပေါ့။ လူဖြစ်ရတာကလွယ်ပါတယ်။ နေရထိုင်ရတာကပဲ ခက်နေတာ။ ဒီတော့ ဘာပဲဖြစ်ဖြစ် နေတတ်အောင် နေလိုက်ရင် ကျန်တာတွေက လွယ်လွယ်လေး ဖြစ်သွားလိမ့်မယ်။

နင်တို့အိမ်ကြီးရဲ့ ဇာတ်လမ်းတွေ ငါ့ကိုလည်း ပြန်ပြောပြဦး။ နင်ပြောသလို ဟိုကောင်အောင်မျိုးကို ပြန်ပြောပြပြီး လက်ဖက်ရည်တိုက်ခိုင်းရမယ်။ ဟဲ့ ငါနဲ့ အဲဒီကောင်နဲ့ ရန်ဖြစ်ထားတယ်သိလား။ ဒင်းကိုငါ ဒေါသထွက်နေတယ်။ တစ်လလောက်ကို ဒေါသထွက်လိုက်မလို့။ အခုမှ လေးငါးရက်ပဲ ရှိသေးတယ်။ သိပ်မနေနိုင်တော့ဘူးဟာ။ ခါတိုင်းလိုပဲ လျှော့ရက်ပေးလိုက်မယ်။ နောက်နှစ်ရက်သုံးရက်လောက်တော့ စိတ်ဆိုးချင်ဟန်ဆောင်လိုက်ဦးမယ်ဟေ့။ နင်လည်း နင့်သရဲကြီးဆီက ရွှေမန်ကျီးတောင့်တွေ မရသေးရင် ငါ့လိုစိတ်ကောက် ပြလိုက်ပေါ့။ အကြံပေးခ တစ်ဝက်ပေးရမယ်နော်။

ဒါပါပဲဟာ နောက်မှ ထပ်ရေးလိုက်မယ်။
စိတ်ကိုကောင်းကောင်းထားပါ။
ဘုရားတရားမမေ့နဲ့ပေါ့။

သတိတွေ ဂေါ်ဇီလာလောက်ရနေတဲ့
နင့်ရဲ့
ယင်းမာ

www.burmeseclassic.com

www.burmeseclassic.com

ယင်းမာထံမှ စာကိုဖတ်ပြီး ကေသရီ ပြုံးမိသည်။ သူမ၏ သူငယ်ချင်း ယင်းမာမှာ သူမထက်ပိုပြီး သတ္တိရှိသည်။ ပြီးတော့ ဘာကိုမှလည်း သိပ်ပြီးဂရုမစိုက်တတ်။ ထို့ကြောင့်ပင်ထင်သည်။ အဆောင်မှာ နေစဉ်ကာလတစ်လျှောက် ကေသရီမှာ ယင်းမာကို မှီခိုခဲ့ရသည်များ ရှိသည်။ ယင်းမာကလည်း ကေသရီကို အမြဲပင် အကာအကွယ် ပေးလေ့ရှိသည်။ ယခုလည်း ယင်းမာထံမှ စာကို ဖတ်ရသဖြင့် ကေသရီမှာ အားတက်သလို ခံစားရသည်။ တစ်ကယ်တော့ ယင်းမာပြောသည်မှာလည်း ဟုတ်နေသည်ပင်။ သူမကသာ ဘာကိုမှန်းမသိ စိုးရိမ်ကာ စိတ်လှုပ်ရှားနေခြင်းပင်။

ကေသရီ ယင်းမာ၏စာကို ပြန်လည်သိမ်းဆည်းလိုက်ပြီး နာရီကို မော့ကြည့်မိသည်။ ည ဆယ်နာရီကျော်ပြီ။ ခုည


www.burmeseclassic.com

www.burmeseclassic.com

တယောသံကို မကြားရသေးပါလား။ ခါတိုင်းညများဆိုလျှင် ကိုးနာရီ ကျော်သည်နှင့် တယောသံကို စ၍ကြားရပြီဖြစ်သည်။ သူ ဘာဖြစ်လို့ မလာသေးပါလိမ့်။

ဟိုတစ်နေ့ညကတော့ တယောသံကြားရသည်နှင့် ကေသရီ ပြတင်းပေါက်မှ တယောရှင်ကို ရှာဖွေလိုက်မိသည်။ ခေမာမြိုင် အိမ်ကြီး၏အရှေ့ဘက် လမ်းမန်ဘေးတွင် ကောင်လေး တစ်ယောက် တယောထိုင်ထိုးနေသည်ကို တွေ့ခဲ့ရသည်။ ဟိုကောင်လေးပဲ ဖြစ်ရမည်။ လရောင်အောက်တွင် မျက်နှာကို သေချာစွာ မမြင်ရသော်လည်း သူဆောင်းနေကျ ဦးထုပ်ကိုတော့ ကေသရီ မှတ်မိပါသည်။ ကြည့်စမ်းပါဦး။ ညဘက်ကြီးမှာ ဦးထုပ်ကို မချွတ်ဘူး။ တစ်ခါကလည်း ဖိုးကျော်က သူ့သူငယ်ချင်း ဦးလေးကြီးက သူ့ကို တယောသင်ပေးမည်ဟု ပြောခဲ့ဖူးသည် မဟုတ်လား။ ဒီတော့ သူပဲ ဖြစ်လိမ့်မည်။

"ကေသရီ၊ ဟဲ့ကောင်မလေး ကေသရီ ငါ့ကို နေ့ခင်းက တရားစာအုပ်ကလေး ရှာပေးပါဦး"

"ဟုတ်ကဲ့ လာပြီ အဘွားမြင့်မြင့်"

ကေသရီ အဘွားမြင့်မြင့် အခန်းထဲတွင် စာအုပ်ရှာပေး နေစဉ် လျှပ်စစ်မီးများ ရုတ်တရက် ပြတ်တောက်သွားသည်။ ကေသရီလည်း အမှောင်ထဲတွင် ဖယောင်းတိုင်ကို ရှာဖွေမသည်။ အဘွားမြင့်မြင့် အခန်းထဲတွင် ရှာမတွေ့။ သူမအခန်းထဲရှိ စာကြည့်စားပွဲပေါ်တွင် ဖယောင်းတိုင်နှင့် မီးခြစ်ရှိသည်ကို သတိရပြီး သွားယူလိုက်သည်။ ကေသရီ ဖယောင်းတိုင်မီးဖြင့် စာအုပ်ဆက်ရှာမည်ပြုစဉ်



www.burmeseclassic.com

www.burmeseclassic.com



"အ၀ှ" ဟဲ့ကောင်မလေး အဲဒီမီးကို ပြန်ငြိမ်းလိုက်။ ချက်ချင်းပြန်ငြိမ်းလိုက်စမ်းပါအေ။ ငါကြောက်လွန်းလို့ပါ"

"ရှင်. . . ဟုတ်ကဲ့ ဟုတ်ကဲ့"

ကေသရီလည်း ဖယောင်းတိုင်မီးကို အလျှင်အမြန် ငြိမ်းလိုက်ရသည်။ အဖွားမြင့်က ကြောက်သည်ဆိုတော့ ကေသရီ အံ့ဩမိသည်။ ကေသရီ သိထားသည်မှာ လောကကြီးတွင် အဘွားမြင့်မြင့် ကြောက်လန့်တတ်သည်မှာ ဘာမှမရှိဟု။ ယခုတော့ အဘွားမြင့်မြင့်က ဘာမဟုတ်တဲ့ ဖယောင်းတိုင် မီးလေးကို ကြောက်ရွံ့နေသည်တဲ့။

"ကလေးမရေ ပြတင်းပေါက်ကို ဖွင့်ထားလိုက်။ ဒါဆို လရောင်နဲ့ မြင်ရပါတယ်။ ဖယောင်းတိုင်တို့ မီးအိမ်တို့ဆိုရင် ငါသိပ်ကြောက်တယ်။ ပိုင်ပိုင်လေး သေခဲ့ရတာ အဲဒီ ဖယောင်းတိုင်မီးကြောင့်ပေါ့။ ဖယောင်းတိုင်ဆိုတာထက် ငါ့ကြောင့်ပေါ့။ ပိုင်ပိုင်လေး သေခဲ့ရတာ ငါ့ကြောင့်ပေါ့"

ကေသရီ စိတ်ဝင်စားသွားမိသည်။ ဩော် ခေမာမြိုင် အိမ်ကြီး မီးလောင်ခဲ့ရသည့် အကြောင်းများဖြစ်မည်။ အဘွားမြင့်မြင့်ကတော့

"နင့်ကို အိုက်မောင်းက တို့အဖေများအကြောင်း ပြောပြခဲ့တယ် မဟုတ်လား။ အခုညည်းကို ပိုင်ပိုင်နဲ့ ကိုရန်နိုင်တို့ အကြောင်းကို ငါပြောပြမယ်။ ပြီးရင် ဒီအိမ်ကြီးတွေကို ဘယ်လို ရှေ့ဆက်စီမံရမယ်ဆိုတာ ညည်းလည်းစဉ်းစားကြည့်ပေါ့။

ဟင်း ငါမှတ်မိသေးတယ်အေ။ အဲဒီတုန်းက ငါက ရှစ်နှစ်သမီး လောက်ပေါ့။ နှင်းတွေ အရမ်းကျနေတဲ့ ဆောင်းတွင်း



www.burmeseclassic.com

www.burmeseclassic.com

မနက်ခင်းကြီးပေါ့အေ. . .။ အနောက်ဘက် ကွင်းထဲမှာ တို့မိသားစုတွေ နေစာလှုံနေကြတုန်းမှာပေါ့။ အိုက်မောင်းက ငါးနှစ်လောက်ပဲ ရှိသေးတယ်။ သူနဲ့ငါ ကစားနေကျတုန်းမှာပေါ့။ တို့နဲ့ ကစားဖော် နောက်ထပ်တစ်ယောက် တိုးလာတော့တာပဲ။ ငါတို့မောင်နှမနှစ်ယောက်အတွက် သူငယ်ချင်းတစ်ယောက် ကောက်ရလိုက်သလိုပါပဲ. . .

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com


၂၄

နှင်းထုကို အတင်းထိုးဖောက် ဝင်ရောက်လာသော နေရောင်ခြည်နုနုအောက်တွင် လေးလေးမြင့်မြင့်နှင့် အိုက်မောင်း မောင်နှမနှစ်ယောက် ဆော့ကစား နေကြသည်။ ဦးအိုက်စံ မှာတော့ မျက်ခင်းပေါ်တွင် ပက်လက်ကုလားထိုင်တစ်လုံးချ၍ သတင်းစာဖတ်နေသည်။ ထိုစဉ်မှာပင် ဦးအိုက်စံ၏ ဇနီး ရောက်လာပြီး

"ကိုရေ ကိုဘကောင်းတို့ ပြန်လာပြီ။ ကိုဘကောင်း ပြန်လာပြီ"

ဇနီးသည်၏ အသံကို ကြားလိုက်ရလျှင် ဦးအိုက်စံလည်း သတင်းစာကို ပစ်ချ၍ ခေမာမြိုင်အိမ်ကြီးသို့ ပြေးလေတော့သည်။ လေးလေးမြင့်နှင့် အိုက်မောင်းကလေးတို့လည်း

www.burmeseclassic.com

www.burmeseclassic.com

"လေးလေးဘကောင်း ပြန်လာပြီ။ လေးလေးဘကောင်း ပြန်လာပြီ"

ဟု အော်ဟစ်ကြရင်း ခေမာမြိုင်အိမ်ကြီးဆီသို့ သူတို့အဖေနောက်မှ အပြေး လိုက်သွားကြသည်။ ဦးဘကောင်းမှာ တပ်မတော် စစ်ကြောင်းတစ်ခုနှင့်အတူ ပြည်သူ့စစ်ခေါင်းဆောင် တစ်ဦးအနေနှင့် ရှေ့တန်းသို့ လိုက်ပါသွားရာမှ ပြန်ရောက်လာခဲ့ခြင်းပင် ဖြစ်သည်။

"ဟေး ဘကောင်း အခြေအနေ ဘယ်လိုလဲကွ"

"ကောင်းပါတယ် အိုက်စံရ။ ဒီကောင်တွေ စခန်းကိုပစ်ပြီး ရိုးမပေါ်ကို ဆုတ်ပြေးသွားပြီ"

ဦးဘကောင်းက ဦးအိုက်စံကို နှုတ်ဆက်လိုက်ပြီး တိုက်ပွဲ အခြေအနေများကို ရှင်းပြနေသည်။ လေးလေးမြင့်ကတော့ ဦးဘကောင်း ပွေ့ချီထားသော ကောင်လေးကိုသာ စိတ်ဝင်စား နေမိသည်။ ကောင်လေးက အိုက်စံလောက်ပင် ရှိဦးမည်။

"လေးလေးဘကောင်း သူက ဘယ်သူ ဟင်။ ညစ်ပတ် နေတာပဲ။ ဆံပင်တွေကလည်း အရှည်ကြီး၊ လက်သည်း တွေလည်း မညှပ်ဘူး"

"အေး သူက ဘယ်က ကလေးလဲကွ ဘကောင်းရ။ ငါ့သားအငယ်ကောင်လောက်ပဲ"

ဦးဘကောင်း၏ မျက်နှာမှာ စိတ်မကောင်းသော အသွင်သို့ ရောက်ရှိသွားသည်။ ကလေးကို ချီထားရာမှ ကြမ်းပြင် ပေါ်သို့ ချပေးလိုက်သည်။ ကလေးကတော့ ကြောက်ရွံ့နေသည်။ အိုက်မောင်းက သူနှင့်ရွယ်တူဆိုတော့ စိတ်ဝင်စားနေသည်။



www.burmeseclassic.com

www.burmeseclassic.com


လေးလေးမြင့်ကတော့ ထို ပေတိပေစုတ် ကလေးလေးကို အံ့သြနေမိသည်။

"ဟော့ကောင် အိုက်စံ မင်း ဗိုလ်ဘမြင့်ကို မှတ်မိတယ် မဟုတ်လား"

"ဟာ မှတ်မိတာပေါ့ကွ။ တို့တပ်ခွဲရဲ့ ဗိုလ်ပဲ။ တိုက်ပွဲနဲ့ ကြုံလာပြီဆိုရင် ရှေ့ဆုံးက ခါးရှည်ဆွဲပြီး တက်တော့တာပဲ။ ဂျပန်စစ်ဗိုလ်တွေကတောင် ချီးကျူးရတယ်လေ"

"အေး ဒါ ဗိုလ်ဘမြင့်ရဲ့. . . "

"ဟင် ဒါဆို ဗိုလ်ဘမြင့်က. . . "

"အေးကွာ တောခိုတဲ့အထဲမှာ သူလည်းပါသွားတယ် ထင်တယ်။ တို့တွေ သူပုန်စခန်းကို ဝင်တိုက်တော့ ဗိုလ်ဘမြင့်ရဲ့ အလောင်းဘေးမှာ ငိုနေတဲ့ ဒီကလေးကို ငါတွေ့ခဲ့တာပဲ"

"ဟာ. . . ဘယ်လိုစစ်ကြီးပါလိမ့်။ လွတ်လပ်ရေးအတွက် တစ်တပ်ထဲ တိုက်ခဲ့၊ ငတ်အတူပြတ်အတူ ရဲဘော်ရဲဘက် အချင်းချင်း ရန်သူတွေ ဖြစ်ကုန်ကြပြီလား"

"အေး ငါလည်း အဲဒါကိုပဲ စိတ်မကောင်း ဖြစ်နေတာ။ တပ်မတော်ထဲက သူနဲ့ ရဲဘော်ရဲဘက်အားလုံးလည်း စိတ်မကောင်းဖြစ်နေကြတယ်"

"ဟိုတုန်းက ကြိုးစားပမ်းစား တိုက်ပွဲဝင်လာတဲ့သူတွေ ခုတော့လည်း တောခိုတဲ့သူတွေက တောခိုကြ မြေပေါ်မှာ ကလည်း ပါတီတွေကွဲကြနဲ့။ ရင်လေးတယ်ကွာ။ ဒါနဲ့ ဒီကလေးကို မင်းဘယ်လို. . . "

"ငါပဲ မွေးစားထားလိုက်မယ်ကွာ။ အယူတွေ မှားတော့လို့

www.burmeseclassic.com

ရန်သူဖြစ်ခဲ့ရပေမယ့် တစ်ခါက ရဲဘော်အချင်းချင်းပဲ။ တို့မှာလည်း တာဝန်ရှိသလိုပဲ မဟုတ်လား”

ဤသို့ဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် ညစ်ပေစုတ်ပြတ်နေသော ကလေးငယ်လေးမှာ သွက်လက်ချက်ချာ၍ ချစ်စဖွယ်ကောင်းသော ကလေးလေးအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ခေမာမြိုင်နောက်ဘက် ကွင်းပြင်ထဲတွင် မြင့်မြင့် အိုက်စံတို့နှင့်အတူ ကစားဖော်တစ်ဦး တိုးလာခဲ့ပြီဖြစ်သည်။

ဦးဘကောင်းက ထိုကလေးအား သူ့သား ရန်နိုင်နှင့် ဆင်တူ ရန်ပိုင်ဟူသောအမည်ကို ပေးခဲ့သည်။ ဤသို့ဖြင့် မွေးနေ့ မွေးရက်မသိ၊ မိခင်မည်သူမည်ဝါမသိ။ မည်သည့်ဒေသတွင် ချက်မြှုပ်သည်မသိရသော ကလေးတစ်ဦးမှာ ခေမာမြိုင်အိမ်ကြီးသို့ ရောက်ရှိလာခဲ့တော့သည်။

တစ်နေ့တွင် အိုက်မောင်းနှင့် မြင့်မြင့်တို့ ရန်ပိုင်ကိုခေါ်ရန် ခေမာမြိုင်အိမ်ကြီးသို့သွားရောက်ခဲ့ရာ ငိုကြွေးနေသော ရန်ပိုင်နှင့် သူ့ကိုချော့မော့နေကြသော ရန်နိုင်နှင့် ဦးဘကောင်းတို့ကို တွေ့ရသည်။

“သားလည်းလိုက်မယ်။ ကိုကြီးရန်နိုင်သွားရင် သားလည်း လိုက်မယ်။ သားကိုမခေါ်ရင် ကိုကြီးရန်ပိုင်လည်း မသွား”

မြင့်မြင့် ဦးဘကောင်းကိုမေးကြည့်တော့မှ ရန်နိုင် တက္ကသိုလ်သို့ သွားရောက်ဖို့ ပြင်ဆင်နေကြောင်း သိရသည်။ အိုက်မောင်းကလည်း သူ့သူငယ်ချင်းနှင့်အတူ

“ကိုကြီးရန်နိုင် သားလည်းလိုက်ချင်တယ် အဲဒီ တက္ကသိုလ်က ဘယ်မှာလဲ ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်မှာပေါ့ကွ။ မင်းတို့လိုက်လို့ မရသေးဘူး။ မင်းတို့လည်း ကြီးလာရင် တက္ကသိုလ်သွားရမှာပဲ။ နောက် လေးငါးနှစ်လောက်ဆို မြင့်မြင့်တောင် တက္ကသိုလ်ရောက် တော့မယ်"

ကလေးများထဲတွင် အကြီးဆုံးဖြစ်သော မြင့်မြင့်ကတော့ အငယ်များကို နှစ်သိမ့်နိုင်ခဲ့သည်။

"ပိုင်ပိုင် မငိုနဲ့တော့နော် နောက်ဆို နင်နဲ့အိုက်မောင်းနဲ့ တက္ကသိုလ်ကို အတူတူ သွားရမှာ။ ကျောင်းပိတ်ရင်လည်း ကိုကြီးရန်နိုင်က ပြန်လာမှာပေါ့"

မြင့်မြင့်က နှစ်သိမ့်ချော့မော့ လိုက်သဖြင့် ပိုင်ပိုင်မှာ မငိုတော့သော်လည်း သူ့အစ်ကိုကို ခွဲနိုင်ဟန် မတူသေး။ မြင့်မြင့်လည်း

"ပိုင်ပိုင်ရယ် နင်က ကိုကြီးရန်နိုင်နဲ့ လိုက်သွားရင် မြင့်မြင့် တို့နဲ့ ဆော့လို့ ဘယ်ရတော့မလဲ။ နေခဲ့ပါနော်။ ပိုင်ပိုင် ကြီးလာတော့မှ အိုက်မောင်းနဲ့ သွားပေါ့"

ထိုအခါမှ ပိုင်ပိုင်လည်း ကျေနပ်သွားတော့သည်။ ထို့နောက် သူတို့ ကလေးတစ်သိုက်မှာ ခေမာမြိုင်အိမ်ကြီး၏ နောက်ဘက် ကွင်းပြင်ထဲတွင် ဆော့ကစားကြတော့သည်။ ထိုနေရာရှိ သစ်ပင်တိုင်းမှာ သူတို့မတက်ဖူးသော သစ်ပင်မရှိ။ အနောက်ဘက် ခင်တန်းတွင်လည်း သူတို့ မပုန်းခိုဖူးသောနေရာ မရှိ။ ထိုအနောက်ဘက်တစ်ခွင်လုံး ဆော့ကစားလာကြသည်မှာ ဆော့ကစားနည်း မျိုးစုံနှင့် နှစ်ကာလများသာ ပြောင်းထဲ သွားသည်။ ကျောင်းမှအိမ်သို့ ပြန်ရောက်သည်နှင့် ထိုကွင်းပြင်



www.burmeseclassic.com

www.burmeseclassic.com

တွင် ဆော့ကစားကြတော့သည်။

ထိုသို့ ပျော်ရွှင်စွာ ဆော့ကစားနေရာမှ ပထမဆုံး လျော့ပါးသွားသူက မြင့်မြင့်။ အထက်တန်းကျောင်းသူ ဖြစ်လာသော မြင့်မြင့်မှာ ကလေးများနှင့် သိပ်ပြီး ဆော့ကစားလေ့ မရှိတော့။ သို့ရာတွင် ကျောင်းပိတ်ချိန်များ၌တော့ မောင်ငယ်များ နှင့် ဆော့ကစားမြဲပင်။

ကလေးများ၏အစ်ကို ကိုရန်နိုင်မှာ ဘွဲ့ရရှိပြီးနောက် မြို့ကလေးသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ရန်နိုင်ပြန်လာလျှင် သူတို့နှင့် ခါတိုင်းလို ပြန်လည်ဆော့ကစားလိမ့်မည်ဟု မျှော်လင့် နေကြသော ကလေးများ၏ဆန္ဒမှာတော့ ထင်သလို မပြည့်ဝပါ။ ရန်နိုင်က တက္ကသိုလ်တွင် တွေ့ခဲ့သော တစ်မြို့တည်းသူ ရှယ်လီ နှင့်သာ အတွဲများလာခဲ့သည်။ အိမ်တွင်လည်း အနေနည်း လာသလို မြို့ထဲတွင် လည်ပတ်ရင်းနှင့် အချိန်ဖြုန်းလာတတ်ပြီ ဖြစ်သည်။

ရှယ်လီက ပိုင်ပိုင်ကို အခြေအမြစ်မရှိဟုဆိုကာ အရောတဝင် မနေလို။ ရန်နိုင်မှာ ညီငယ်အပေါ် အချစ်အခင် မပျက်သော်လည်း ရှယ်လီက ပိုင်ပိုင့်ကို အထင်အမြင်သေးသည့် အပေါ်တွင်တော့ မည်သို့မျှ မတတ်နိုင်ခဲ့။ မြင့်မြင့်ကိုလည်း ကလေးစိတ်မကုန်သေးသူဟု နှိမ့်ချဆက်ဆံလေ့ရှိသည်။ အရာရာတွင် မာနကြီးသော မြင့်မြင့်ကလည်း ရှယ်လီကို လုံးဝ ကြည့်မရခဲ့။အိုက်မောင်းနှင့် ပိုင်ပိုင်မှာတော့ အတွဲညီစွာ ကစားမပျက်။

ထိုခေတ်က မက်ထရစ်တန်းကို အောင်မြင်ပြီးချိန်

www.burmeseclassic.com

မှာတော့ မြင့်မြင့်လည်း တက္ကသိုလ် ဝင်္ဂ(?)သွားရန် မိုးမခမြိုင်၊ ခေမာမြိုင်နှင့် မြို့ကလေးကိုပါ စွန့်ခွာခဲ့တော့သည်။ ထိုစဉ်မှာပင် မြင့်မြင့်၏ မိခင်ကွယ်လွန်ခဲ့သလို ဖခင်မှာလည်း ကျန်းမာရေး ချို့ယွင်းလာခဲ့ပြီ ဖြစ်သည်။ ထိုသို့အခြေနေများကြားမှပင် မြင့်မြင့်တစ်ယောက် ဘွဲ့တစ်ခုကို အရယူခဲ့ကာ မြို့ကလေးသို့ ပြန်လာနိုင်ခဲ့သည်။

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com


ကားဂိတ်ပေါ်မှ ဆင်းလျှင်ဆင်းချင်း မောင်ဖြစ်သူ အိုက်မောင်းက မြင့်မြင့်ကို လာ၍ကြိုသည်။ ပိုင်ပိုင်တို့ ညီအစ်ကို လာမကြို၍ စိတ်ကောက်မိသေးသည်။ ကိုကြီးရန်ပိုင်ကတော့ ဟိုမကောင်းဆိုးဝါး ရှယ်လီနှင့်သာ လျှောက်လည်နေပေလိမ့်မည်။ ပိုင်ပိုင်ကရော

"ဟဲ့အိုက်မောင်း ပိုင်ပိုင်ရော. . ."

"အိမ်မှာ ဖေဖေ့ကို ကြည့်ပေးနေရတယ်။ ဖေဖေက အလုပ်တောင် ကောင်းကောင်းမလုပ်နိုင်တော့ဘူး။ ကျွန်တော် ကူပြီး လုပ်ပေးနေရတယ်။ ပိုင်ပိုင်နဲ့ လေးလေးဘကောင်းတို့ ဝင်ပြီးကူနေရတယ် မမမြင့်"

မြင့်မြင့် ရင်မောသွားမိသည်။ သို့သော်မာန်ကို



www.burmeseclassic.com

www.burmeseclassic.com

တင်းလိုက်ပြီး ရေရွတ်လိုက်မိသည်။

"ငါပြန်ရောက်လာပြီ။ ငါက အကြီးပဲ။ အားလုံးကို ငါဦးဆောင်ရမှာပေါ့"

မြင့်မြင့်မှာ အိမ်ရှေ့သို့ ရောက်ကတည်းက တယောသံကို ကြားလိုက်ရသည်။ ဘယ်သူများပါလိမ့်။

မြင့်မြင့် ဧည့်ခန်းတွင်းသို့ ဝင်လိုက်သောအခါ ကျောခိုင်းထားသော ကောင်လေးတစ်ယောက်က တယောထိုးနေပြီး ဖေဖေက သီချင်းတစ်ပုဒ်ကို လိုက်၍ညည်းနေသည်။ မြင့်မြင့်လည်းဖေ့ဖေ့ကို ပြေး၍ပွေ့ဖက်လိုက်သည်။ အို ဖေဖေ့မှာ အတော်ကို အိုစာသွားပါလား။

မြင့်မြင့် ဖေဖေ့ကိုနှုတ်ဆက်ပြီး တယောထိုးနေသော ကောင်လေးကို လှည့်ကြည့်လိုက်သောအခါ

"ဟယ် ပိုင်ပိုင် နင်ကတယောတွေဘာတွေတောင် တတ်နေပြီပေါ့။ လူကလည်း ထွားလာလိုက်တာဟယ်"

ပိုင်ပိုင်ကတော့ မြင့်မြင့်ကို ပြုံး၍ကြည့်နေသည်။ ကောင်လေးက တော်တော်တော့ ရင့်ကျက်လာပုံရသည်။

"သမီးရေ နောက်နှစ်ဆို အိုက်မောင်းလည်း တက္ကသိုလ် သွားရတော့မယ်။ ဖေဖေ့ အခြေအနေကလည်း အားမရ ပါဘူးကွယ်။ ခုများတောင်မှ ဘကောင်းတို့ သားအဖတွေက အစစအရာရာ လိုက်ပြီးကူညီနေလို့သာ။ ဒီတော့ သမီးကပဲ အစစအရာရာ ဦးဆောင်ရတော့မှာပဲ။ သမီးကို ဖေဖေမှာချင်တာ ရှိတယ်။ ဒီက ပိုင်ပိုင်တို့ကိုလည်း ဖေဖေ အမြဲတမ်း မှီခိုနေကျပဲ။ ဖေဖေနဲ့ ဘကောင်းတို့မှာ ရည်ရွယ်ချက်တစ်ခုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

မြင့်မြင့် စိတ်ဝင်စားစွာ နားထောင်နေမိသည်။ ခုလို ခရီးရောက်မဆိုက်မှာပင် မှာကြားနေသောကြောင့်လည်း ထိုကိစ္စကို ဖေဖေမည်မျှအရေးထားနေကြောင်း ရိပ်မိလိုက်သည်။

"သမီးတို့ကို ဖေဖေ ဆရာကြီး ဦးစိုင်းလူအကြောင်း ခဏခဏ ပြောဖူးတယ်မဟုတ်လား။ ဆရာကြီးရဲ့ ရည်ရွယ်ချက်တွေကိုလည်း သမီးတို့ သိပြီးသားပဲ။ ဒီတော့ ဖေဖေတို့ သွေးနဲ့ ချွေးနဲ့ ပြန်ပြီးရယူထားရတဲ့ ဒီအိမ်ကြီးတွေကို သမီးတို့လက်မှာလည်း ဆက်ပြီး တည်မြဲနေစေချင်တယ်။ ဆရာကြီးရဲ့ ရည်မှန်းချက်အတိုင်း ဒီအိမ်ကြီးတွေကို အသုံးချပြီး တိုင်းပြည်နဲ့ လူမျိုးကို အကျိုးပြုစေချင်တယ်ကွယ်။ အခုဆိုရင် ရောင်စုံသောင်းကျန်းသူတွေရဲ့ ရန်ကလည်း ရှိတယ်မဟုတ်လား။ နောက်ပြီး ဖေဖေနဲ့ ကိုဘကောင်းတို့ရဲ့ အရှိန်အဝါကို အသုံးချချင်တဲ့ ကိုယ်ကျိုးရှာ နိုင်ငံရေးသမားတချို့ကိုလည်း သတိထားပြီး နေရမယ်။ သတိမလစ်စေချင်ဘူးကွယ်"

"စိတ်ချပါ ဖေဖေ"

နောက်ပိုင်းတွင် ဦးအိုက်စံ၏ အခြေအနေမှာ ပို၍ဆိုးဝါးလာနေသည်။ လုပ်ငန်းကိစ္စအားလုံးမှာ မြင့်မြင့်၏ ခေါင်းပေါ်သို့ ပုံကျလာတော့သည်။ မည်မျှပင် အားတင်းထားပါသော်လည်း ငယ်ရွယ်သူ မိန်းကလေးတစ်ယောက်အနေဖြင့် စီးပွားရေး လူမှုရေး ကိစ္စများကို ဦးစီးဆောင်ရွက်ရသည်မှာ မလွယ်ကူလှပါ။ ဦးဘကောင်းတို့ သားအဖများနှင့် မောင်လေးအိုက်မောင်းရှိနေ၍သာ ဆက်လက်ရပ်တည်နိုင်ခြင်းဖြစ်သည်။ အိုက်မောင်းတာ မက်ထရစ်တန်းအောင်ပြီးသောအခါ လုပ်ငန်းခွင်အတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်တော့မည်ဟု ပြောလာသည်။ မြင့်မြင့် လက်မခံခဲ့။ အိုက်မောင်းနှင့် ပိုင်ပိုင်တို့ တက္ကသိုလ်သို့ သွားကြသောအခါ မြင့်မြင့်အားငယ်မိသည်မှာ အမှန်ပင်။

ကိုကြီးရန်နိုင်နှင့် ဦးဘကောင်းတို့က အစစအရာရာ ကူညီကြပါသည်။ သို့ရာတွင် မလိုလားအပ်သော ပြဿနာတစ်ခု ဘလည်း ဝင်ရောက်လာပြန်သည်။ ၎င်းမှာ မြင့်မြင့်နှင့် ရွှယ်လီတို့ ဆိပ်တိုက်တွေ့ကြခြင်းပင်။ ဘယ်လိုဘဝဘဝတွေက အကျိုးပေး ေရစက်များကြောင့်မသိ။ လတ်တလောတွင် စီးပွားရေးအရရော အသက်အရွယ်အတွေ့အကြုံအရပါ အသာစီးရထားသော ရွယ်လီမှာ မြင့်မြင့်ကို အစစအရာရာ နှိမ့်ချချင်သည်။ မြင့်မြင့် ဝလည်း နေရာတကာ မာန်မာနကိုမချ။အဆိုးဝါးဆုံး ပြဿနာမှာ ကိုကြီးရန်နိုင်က မြင့်မြင့်ကို ကူညီနေခြင်းအား ရွှယ်လီက လုံးဝ နှစ်မမြို့ခြင်းပင်။

ထိုစဉ်မှာပင် ကျန်းမာရေးချို့ယွင်းနေသော ဦးအိုက်စံက ဘမှမဖြစ်ဘဲ ဦးဘကောင်းမှာ ရုတ်တရက် ကွယ်လွန်သွား သည်။

ထိုအခါ တရားဝင်လက်ထပ်ထားခြင်းမျိုး မဟုတ်သေး သော်လည်း ရွှယ်လီ၏ ဩဇာအာဏာမှာ ကိုရန်နိုင်အပေါ် ၌သိသာသာ သက်ရောက်လာတော့သည်။ မြင့်မြင့်အပေါ် သိုလာခြင်းကိုလည်း သိသိသာသာ ပြသလာခဲ့သည်။ တစ်ဦးနှင့် တစ်ဦး စောင်းမြောင်းတိုက်ခိုက်ကြရာမှ သိသိသာသာ ထိပ်တိုက် င်ဆိုင် တိုက်ခိုက်ကြသည်အထိ ဖြစ်လာခဲ့သည်။

ပိုင်ပိုင်နှင့် အိုက်မောင်းတို့ ကျောင်းပြီးသွားချိန်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြင့်တို့၏ဖခင်ကြီး ဦးအိုက်စံမှာ သူ့ရင်ဆိုင် တိုက်ပွဲဝင်ခဲ့သော လောကကြီးအား အရှုံးပဲပေးသွားသည်လား၊ အနိုင်နှင့်ပဲ ပိုင်းသွားသည်လားတော့မသိ။ သံသရာသို့ တဖန်ပြန်ကာ ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

ရန်နိုင်နှင့် ရန်ပိုင်တို့ ညီအစ်ကို နှစ်ဦး၏ ကြိုးပမ်းမှုကြောင့် ခေမာမြိုင်၏စီးပွားရေးမှာ သိသိသာသာဦးမော့လာသော်လည်း မိုးမခမြိုင်မှာတော့ လုပ်ငန်းလည်ပတ်ဖို့ မနည်းပင် အသက်ဆက်နေခဲ့ရတာအမှန်ပင်။ ကျဆင်းနေသော စီးပွားရေးကို အကြောင်းပြကာ အိုက်မောင်းမှာလည်း နယ်စပ်သို့ စီးပွားရှာရန် ထွက်သွားခဲ့သည်။ မြင့်မြင့်မှာ တားလိုသော်လည်း မတားမြစ်တော့။

ပိုင်ပိုင်၏ လူငယ်ပီပီ စွန့်စားမှု၊ ဆန်းသစ်တီထွင်တတ်မှုတို့ကြောင့် ခေမာမြိုင်၏စီးပွားရေးမှာ အရှိန်အဟုန် မြင့်မားလာခဲ့သည်။ ငယ်စဉ်ကတည်းက လက်တွဲညီခဲ့သော မြင့်မြင့်နှင့် ပိုင်ပိုင်တို့မှာ စီးပွားရေးလုပ်ငန်းများတွင်လည်း ဆက်လက်၍ လက်တွဲညီခဲ့ကြသည်။

တစ်နေ့ မြင့်မြင့်တစ်ယောက် ပိုင်ပိုင်ကိုခေါ်ရန် ခေမာမြိုင်သို့အလာ ဧည့်ခန်းအတွင်းမှ စကားသံတို့ကြောင့်

"ကိုနိုင် ကိုနိုင်ကို ရှယ်လီ သတိပေးထားတယ်နော်။ နောက်မှသာ ဟင်း ဟင်း"

"ကိုယ့်ညီလေးက ဒီလိုတော့ မဟုတ်ပါဘူးကွာ"

"ရှယ်လီကလည်း သူ့ကိုစွပ်စွဲတာ မဟုတ်ပါဘူးနော်။ ဖြစ်တတ်တာကို ပြောပြတာပါ။ ဘာပဲပြောပြော သူကတစ်မေးပဲ မဟုတ်လား။ လူဆိုတာ ဗီဇကဖျောက်မရဘူး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

အမေဆိုတာ ဘယ်သူမှန်းမသိ။ အဖေကလည်း ကိုနိုင်သိတဲ့ အတိုင်း လူတွေကို ဒုက္ခပေးခဲ့တဲ့ သူပုန်တစ်ယောက်လေ။ ကိုနိုင်တို့ရဲ့ ခေမာမြိုင်က အစဉ်အလာကြီးခဲ့တော့ ဘယ်သူ့ ကြောင့်မှ အမည်းစက် မထင်စေချင်လို့ပါ"

မြင့်မြင့်တစ်ယောက် မုန်းတီးစိတ်တို့ကြောင့် ပျို့အန်ချင် သလိုပင်ဖြစ်လာခဲ့သည်။ စိတ်ထဲမှလည်း

'အလကား ဘာစေတနာလဲ၊ ဒါပိုင်ပိုင်ကို သက်သက် စော်ကားနေတာ။ ဒီမြို့မှာ သူတို့နဲ့ ကိုရန်နိုင်တို့က စီးပွားရေး အင်အားအကြီးဆုံး။ ဒင်းဘာအကြံနဲ့ ကိုကြီးရန်နိုင်နား ကပ်နေ တယ်ဆိုတာ သိသားပဲ'

မြင့်မြင့်က စိတ်ထဲမှ ရန်တွေ့နေမိသော်လည်း ရှယ်လီကတော့

"ဟိုကောင်မလေး မြင့်မြင့်ကလည်း အဲဒီကောင်လေးနဲ့ တွဲလွန်းနေတယ်နော်။ သူတို့နှစ်ယောက်ပူးပေါင်းပြီး ဟင်း ဟင်း လောကကြီးမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူးနော်။ ရှယ်လီက သူများမကောင်းကြောင်းကို ပြောနေတာ မဟုတ်ဘူးနော်။ သူတို့ကို စွပ်စွဲနေတာလည်း မဟုတ်ဘူး။ ဒါပေမဲ့ သတိဆိုတာတော့ ပိုတယ်မရှိဘူးလေ။ ကိုနိုင်လည်း ခေတ်ပညာတတ်တစ်ယောက် မဟုတ်လား။ ဆင်ချင်နိုင်အောင်လို့ပါ"

မြင့်မြင့် နှုတ်ခမ်းကို ကိုက်ထားမိသည်။ ဒီလို စကားပြော နည်းတွေကို ကြုံတွေ့ဖူးပေါင်းများလှပြီ။ သတိပေးတာ သတိပေးတာဆိုပြီး သူလိုချင်တာတွေကို နားထဲရိုက်သွင်းနေတာ။ သူ့စကားကို သူများနားဝင်အောင် မီးကျိုးမောင်းပျက်



www.burmeseclassic.com

www.burmeseclassic.com


ဒဿနတွေနဲ့ နှစ်ပေါက်တစ်ပြားတန် လူတိုင်းသိတဲ့ အမှန်တရားဆိုတာလေးတွေရောပြီးတော့ ကျူးသွင်းနေတာ။

မြင့်မြင့်တစ်ယောက် ဒေါ်သတွေထွက်လို့မှ မဆုံးသေးခင် ရှယ်လီကတော့

"ဒါပေမယ့် ကိုနိုင်သိပ်ပြီးလည်း စိုးရိမ်စရာ မရှိပါဘူးလေ။ မျိုးစေ့မမှန် ပင်မသန်တဲ့။ ဒီကောင်လေးက တယောထိုးပြီး အချိန်ဖြုန်းနေဖို့လောက် တတ်တာပါ။ ဟိုကောင်မလေးကတော့ ဟင်းဟင်း ဘာတွေအထင်ကြီးပြီး ကပ်နေလည်းတော့ မသိပါဘူး။ မင်္ဂလာဆောင်လို့မှ အမေနာမည်ထည့်စရာမရှိ၊ အဖေနာမည် လူသိအောင်မထည့်ဝံ့တဲ့ သူကိုများ၊ ဒါနဲ့ ကိုနဲ့ရှယ်လီတို့ ဘယ်တော့လောက် လက်ထပ်ကြမလဲဟင်။ အတွင်းဝန်ကတော် ဒေါ်စိန်စိန်ကတောင် မေးနေသေးတယ်။ သူက ပြောသွားသေးတယ် ကိုနိုင်ရဲ့။ စိန်ကောင်းကြောက်ကောင်းဆိုတာ ရွှေနဲ့ ကွပ်မှ မြတ်တာတဲ့"

မြင့်မြင့် ရှယ်လီကို ဝင်ရောက်ကုတ်ဖဲ့ပစ်လိုက်ချင်သည်။ သို့သော် စိတ်ကိုချုပ်တီးလိုက်ပြီး ဆုံးဖြတ်ချက်တစ်ခုကိုလည်း

မြင့်မြင့် နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားပြီး မိုးမခမြိုင်သို့ ပြန်လာခဲ့တော့သည်။ အနောက်ဘက်ကွင်းပြင် လေးထဲတွင် တယောထိုင်ထိုးနေသော ပိုင်ပိုင်ကို ရိပ်ကနဲ မြင်လိုက်သည်။ ပိုင်ပိုင်တစ်ယောက် သူ့ကို မြင်သွားလား မမြင်ဘူးလားဆိုတာကိုတော့ မြင့်မြင့်မသိတော့။ ခါတိုင်းဆို အမြဲလိုလို တကူးတက နားဆင်နေတတ်သော ပိုင်ပိုင်၏ တယောသံကလည်း နားထဲကိုမဝင်။ မြင့်မြင့်၏ နားထဲတွင်


www.burmeseclassic.com

www.burmeseclassic.com

ရှယ်လီ၏ စကားသံများက ပဲ့တင်ထပ်လျှက်. . .။

ဒေါသတို့ဖြင့် လောင်မြိုက်နေသော မြင့်မြင့်မှာ စိတ်သက်သာရာ ရသောအချိန်တွင် ညည့်နက်လှပြီဖြစ်သည်။ ယခုမှပင် ပိုင်ပိုင်၏ တယောသံကို သတိထားမိတော့သည်။ ဒီကောင်လေး ညနေကတည်းက ခုချိန်ထိ အနောက်ဘက်ကွင်းထဲမှာ ထိုင်နေခဲ့တာလား။ နောက်ထပ်တစ်ခေါက်ပဲ ပြန်လာတာလား။ မတော် အအေးမိနေမှဖြင့်။ မြင့်မြင့် အိပ်ယာပေါ်မှ ထလိုက်ပြီး အနောက်ဘက် ကွင်းပြင်ထဲသို့ ထွက်လာခဲ့မိသည်။

ပိုင်ပိုင်၏ဘေး မျက်ခင်းပြင်ပေါ်တွင် မြင့်မြင့် ဝင်ထိုင်လိုက်ချိန်အထိ ပိုင်ပိုင်က ဘာမှမပြော။ တယောကိုသာ ဆက်၍ထိုးနေသည်။ ပိုင်ပိုင်၏တေးသွားကို မြင့်မြင့်သိပါသည်။ ထိုတေးသွားကို ပိုင်ပိုင်ကိုယ်တိုင် ရေးသားထားပြီး ပိုင်ပိုင်နှင့် သူ့ကိုတယောသင်ပေးသော အဘညို၊ သူ့နှင့်အတူ တယောပညာ သင်ဘက် ကိုအမောင်တို့ သုံးယောက်ထဲသာ သိသော၊ တီးတတ်သော တေးသွားတစ်ပုဒ်ပင်။ ထိုတေး [illegible]းကို ကြားရရင် အရင်ကတော့ တက်ကြွသလို အားမာန်ပြည့်လ [illegible] လို ခံစားရ၏။ ယခုတော့ ရင်ထဲမှာ ဖြည့်ကျပ်လာသလို ကြေကွဲလာသလို ခံစားနေရသည်။

တေးတစ်ပုဒ်လုံး ပြီးဆုံးသွားသော်လည်း ပိုင်ပိုင်က ဘာမှ မပြောသေး။ မြင့်မြင့်ကိုသာ ငေးကြည့်နေသည်။ မြင့်မြင့်လည်း ပိုင်ပိုင်ကို ရင်ဖွင့်ရန်

"ပိုင်ပိုင် နင့်ကို. . ."

ပိုင်ပိုင်က မြင့်မြင့်ကို ဘာမှ မပြောစေလိုသည့်



www.burmeseclassic.com

www.burmeseclassic.com

သဘောဖြင့် နှု ပေါ် လက်ညှိုးကို ကန့်လန့်ဖြတ်တင်ပြသည်။ သူကိုယ်တိုင် ည်း မြင့်မြင့်ကိုဘာမှမပြောဘဲ ငေး၍သာ ကြည့်နေသည်။

"ကျွန်တော်သိပါတယ်မြင့်မြင့်. . ."

ပိုင်ပိုင် ဘာတွေကိုသိထားပြီလဲ. . .

"မြင့်မြင့်ကတော့ ပိုင်ပိုင့်ကို. . . ."

"ထားလိုက်ပါ မြင့်မြင့်ရယ်၊ ဘာမှ . . . ."

မြင့်မြင့်လည်း မနေနိုင်တော့ဘဲ ပိုင်ပိုင့်ကိုဖက်ကာ သည်းထန်စွာ ငိုကြွေးလိုက်တော့သည်။ ပိုင်ပိုင်၏ မျက်နှာကို မမြင်ရသဖြင့် သူငိုနေလား၊ မငိုဘူးလားကိုတော့ မြင့်မြင့်လည်း မသိတော့။ ငိုရလွန်းသဖြင့် ကောင်းကောင်းပင် မရှိုက်နိုင်တော့မှ ပိုင်ပိုင်က မြင့်မြင့်ကို အသာအယာ ဖယ်ခွာလိုက်ပြီး

"မြင့်မြင့် ကျွန်တော်သွားတော့မယ်။ နှုတ်ဆက်ခဲ့ပါတယ်"

ဘယ်ကိုသွားမှာလဲ ဘာကြောင့်သွားမှာလည်း မြင့်မြင့်မမေးမိတော့ပါ။ လတ်လောမှာ မြင့်မြင့်လည်း ဘာကိုမှ ပြောလိုစိတ် မရှိတော့ပါ။

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မနက်တွင်တော့ ပိုင်ပိုင်တစ်ယောက် အလုပ်သွားလုပ်မည်ဟု အကြောင်းပြကာ အိုက်မောင်းရှိရာ နယ်စပ်မြို့ကလေးသို့ ထွက်သွားလေတော့သည်။ ကိုကြီးရန်နိုင်က

"ညီလေးရာ တို့ညီအစ်ကိုနှစ်ယောက် ဒိုးတူပေါင်ဖက် လုပ်ကိုင်စားလည်း ရသားနဲ့ကွာ"

ရှယ်လီကဝင်၍

"ဟုတ်သားပဲ ငါ့မောင်ရယ်။ ဒီမှာလည်း မမရှယ်လီတို့ ကိုရန်နိုင်တို့က ပစ်ထားမှာမှ မဟုတ်တာ"

ရှယ်လီက စေတနာစကားလိုလိုဖြင့် ဆိုသည်။ သို့သော် အမွေစားအမွေခံကိစ္စများကိုပါ ရည်ရွယ်ကြောင်းကို ယခုမှ တောကတက်လာသည့် ရိုးအလွန်းသော အဒေါ်ကြီးဝင်



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မနက်တွင်တော့ ပိုင်ပိုင်တစ်ယောက် အလုပ်သွားလုပ်မည်ဟု အကြောင်းပြကာ အိုက်မောင်းရှိရာ နယ်စပ်မြို့ကလေးသို့ ထွက်သွားလေတော့သည်။ ကိုကြီးရန်နိုင်က

"ညီလေးရာ တို့ညီအစ်ကိုနှစ်ယောက် ဒိုးတူပေါင်ဖက် လုပ်ကိုင်စားလည်း ရသားနဲ့ကွာ"

ရှယ်လီကဝင်၍

"ဟုတ်သားပဲ ငါ့မောင်ရယ်။ ဒီမှာလည်း မမရှယ်လီတို့ ကိုရန်နိုင်တို့က ပစ်ထားမှာမှ မဟုတ်တာ"

ရှယ်လီက စေတနာစကားလိုလိုဖြင့် ဆိုသည်။ သို့သော် အမွေစားအမွေခံကိစ္စများကိုပါ ရည်ရွယ်ကြောင်းကို ယခုမှ တောကတက်လာသည့် ရိုးအလွန်းသော အဒေါ်ကြီးပင်

www.burmeseclassic.com

ရိပ်မိသည်ဟု မြင့်မြင့်ကို ပြန်၍ဖောက်သည်ချသည်။ ပြီးတော့လည်း ရှယ်လီက

"အင်းလေ လူငယ်ဆိုတော့လည်း စွန့်စားချင်မှာပေါ့။ ခုလို ကိုယ့်ဒူးကိုယ်ချွန်စိတ်ဓာတ်ရှိတာကို မမတို့က အားပေးပါတယ်"

ဟု ဆက်ပြောခဲ့သေးသည်ကို မလုံးထံမှ မြင့်မြင့် ကြားခဲ့ရသည်။ တစ်ကယ်တော့ ပိုင်ပိုင်မှာ သူ့ဆန္ဒနှင့်သူ ထွက်သွားသော်လည်း ရှယ်လီ၏ သဘောထားများ၊ စွပ်စွဲချက်များ ကြောင့်ဟုသာ မြင့်မြင့် ကြိုမြင်းသေပေါက် သိနေခဲ့သည်။

ထို့နောက်တွင်တော့ မြင့်မြင့် ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာ ချမှတ်လိုက်တော့သည်။ စီးပွားရေးကိုလည်း သေချာ ဖိဖိစီးစီး လုပ်ခဲ့သည်။ ပြီးတော့ မြင့်မြင့်တစ်ယောက် ကိုကြီးရန်ပိုင်ကို လက်ထပ်လိုက်သည်။ မှန်သည်မှားသည်တို့ကို နောက်မှ စဉ်းစားပါမည်။ တိုက်ပွဲပြီးသောအခါ နောင်တရချင်ရပါလိမ့်မည်။ လတ်တလောမှာတော့ စိမ်ခေါ်လာသူကို တိုက်ပွဲဝင်ဖို့သာ. . .။

အချို့က ရှယ်လီ ကိုရန်နိုင်နှင့် မြင့်မြင့်တို့၏ ဇာတ်လမ်းကို အမျိုးမျိုး ဝေဖန်ကြသည်။ အချို့ကလည်း မိုးမခမြိုင်နှင့် ခေမာမြိုင်တို့၏ ပေါင်းစည်းခြင်းအဖြစ် ဝမ်းသာကြသည်။ ကိုရန်နိုင်နှင့် မြင့်မြင့်တို့ကလည်း မြို့ပြကာကွယ်ရေးအ‌ ကြ် ပြည်သူ့စစ်အတွက် အားကျိုးမာန်တက် ပါဝင်ဆောင်ရွက်ခဲ့သည်။ ကွယ်လွန်သူတို့၏ ဆန္ဒများကို အကောင်ထည်ဖော် ဆောင်ရွက် လာခဲ့သည်၊ ထိုအခါ စီးပွားရေးအရရော လူမှုရေးအရပါ အောင်မြင်နေသောသူတို့၏ထုံးစံအတိုင်း ကိုရန်နိုင်နှင့် မြင့်မြင့်တို့မှာ ငယ်ရွယ်စွာဖြင့် ‌ င် မြို့မျက်နှာဖုံးသဖွယ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာခဲ့ကြသည်။ ထုံးစံအတိုင်းပင် အဖွဲ့အစည်းအမျိုးမျိုး၊ အယူဝါဒအမျိုးမျိုးတို့က မဖိတ်ခေါ်ပါပဲ ချဉ်းကပ်လာကြသည်။ မြင့်မြင့်အဖို့တော့ ဂရုမစိုက်ပါ။ အလုပ်ထဲတွင်သာ အာရုံကို နှစ်မြှုပ်ထား၍ သတိဖြင့် နေထိုင်နိုင်ခဲ့သည်။

သို့သော် ကိုရန်နိုင်မှာ . . .

ကိုရန်နိုင်မှာ မြို့ကလေးတွင် အနေနည်းလာပြီး အလုပ်ကိစ္စကို အကြောင်းပြကာ ရန်ကုန်သို့ အသွားများလာသည်။ အသိမိတ်ဆွေများ လုပ်ဖော်ကိုင်ဖက်များထံမှတဆင့် ကိုရန်နိုင်နှင့် ရှယ်လီတို့၏ ဇာတ်လမ်းများကို နားနှင့်အပြည့် ကြားလာရသည်။ သို့သော် မြင့်မြင့်ဂရုမစိုက်ပါ။ မြင့်မြင့်မှာ သဘောထားကြီးခြင်း မဟုတ်သော်လည်း ဘာမှမပြောလိုတော့ပြီ။ သူတို့ဟာသူတို့ ဖြစ်ချင်ရာဖြစ်ကြ။ ဘာကိုမှ ခေါင်းထဲထည့်မထားလိုတော့။

ကိုရန်နိုင်ကလည်း အရာရာတွင် တွေဝေလာပြီး အရက်နှင့်သာ အချိန်ကုန်လာတော့သည်။ နေချင်သလို နေပါစေ။ မြင့်မြင့် ဘာမှမပြောလို။ မြင့်မြင့်ဘက်က ဤသို့သဘောထား သော်လည်း ရှယ်လီကတော့

ရှယ်လီက လူမှုရေးတွင်သာမဟုတ် နိုင်ငံရေးသမားအချို့ နှင့်ပါ ခြေရှုပ်လာခဲ့တော့သည်။ အခြေအနေတွေကလည်း ရှုပ်ထွေးလာပြီး ရောင်စုံသူပုန်တို့၏ အန္တရာယ်ကလည်း မကင်း နိုင်သေးသလို အဖွဲ့အစည်းအမျိုးမျိုး ပါတီအမျိုးမျိုးတို့ကလည်း ကွဲသည်ထက်ကွဲ များသည်ထက်များနှင့် . . .။

မြင့်မြင့် သည်းမခံနိုင်တော့။ ရှယ်လီ၏ လူမှုရေး စည်းကျော်မှုကို ဘာမှမပြောလိုသော်လည်း ကိုရန်နိုင်အား



www.burmeseclassic.com

www.burmeseclassic.com

သူတို့၏ အရှုပ်အထွေးများကြားတွင် ကြီးကိုင်လာခြင်းကိုတော့ လုံးဝသည်းမခံနိုင်တော့ပေ။ ထိုအခါ ကိုရန်နိုင်နှင့် စကားများကြတော့သည်။ စကားများကြရင်းမှ ကိုရန်နိုင်က

"မင်း ငါ့ကိစ္စတွေမှာ ဘာမှဝင်ပါစရာ မလိုပါဘူး။ မင်းကြောင့် ငါ့ညီအိမ်ကနေထွက်သွားခဲ့ရပြီးပြီ။ အခုလည်း ငါ အိမ်ကနေ ထွက်သွားချင်စိတ် ပေါက်နေပြီ"

မြင့်မြင့် နားမလည်။ မြင့်မြင့်သိထားသည့် ထင်ထားသည့် ပိုင်ပိုင်အိမ်ပေါ် ဆင်းသွားသည့်အကြောင်းက တစ်မျိုး၊ ခု ကိုရန်နိုင် ပြောသည်ကတစ်မျိုး။

နောက်ဆုံးတော့ ကိုရန်နိုင်မှာ အိမ်ကို လုံးဝပြန်မကပ်တော့ဘဲ ရှယ်လီတို့၏ အထက်တန်းအလွှာခေါ် နိုင်ငံရေးသမားများ၊ အမတ်မင်းများ၊ ကိုယ်စားလှယ်များ၊ နိုင်ငံခြားကုမ္ပဏီများမှ ကိုယ်စားလှယ်ဆိုသူများ ကြားတွင်သာ ပျော်မွေ့နေတော့သည်။ သို့သော် ပြန်လည်ကြားရသော သတင်းများအရ ကိုရန်နိုင်မှာ မည်သူက မည်သို့ပင်ဆွယ်စေကာမူ မည်သည့်ဘက်သို့မှ ဆွဲဆောင်၍မရဟု ကြားသိရသည်။ နောက်ဆုံး ရှယ်လီ၏ဖခင် အမတ်မင်းကြီးကိုယ်တိုင် စိတ်ပျက်လာသည် ဟု။ ဒီတစ်ချက်ကိုတော့ မြင့်မြင့်ကိုယ်တိုင် ကိုရန်နိုင်၏စိတ်ဓာတ်ကို လေးစားမိပြန်သည်။

သို့သော် လှည့်ကွက် တိုက်ကွက်များက ပြောင်းလဲသွားပြန်သည်။ ကိုရန်နိုင်အား လောင်းကစားနွံ့အတွင်းသို့ ဆွဲနှစ်လိုက်ခြင်းပင်။ မိုးမခမြို့သို့ရော ခေမာ ်င်သို့ပါ ပြန်မလာနိုင်တော့လောက်အောင် ကိုရန်နိုင်သည် ပဒေသရာဇ်လက်ကျန်များ၊



www.burmeseclassic.com

www.burmeseclassic.com


ရင်းတို့ကို မြှောက်ပင့်ပေးနေသည့် နိုး ရေးလူ့ရှုပ်များ ဦးစီး၍ အကြောင်းအမျိုးမျိုးပြ လောင်းကစားပွဲများ၌သာ အချိန်ကုန်နေလေတော့သည်။ နောက်ဆုံးတော့ ကိုရန်နိုင်သည် ခေမာမြိုင်အိမ်ကြီးကို နိုင်ငံခြားသား ကိုယ်စားလှယ်တစ်ယောက်ထံ၌ အပေါင်ဆုံးသွားပြီဟ . . ။ ကိုရန်နိုင်မှာ မိုးမခမြိုင်သို့ ပြန်မလာတော့ဘဲ ရှမ်းပြည်နယ် တစ်နေရာတွင် ဒုက္ခရောက်နေပြီဟု ကြားသိလိုက်ရခြင်းပင်။ ရှယ်လီနှင့်တော့ အဆက်အသွယ်ရှိသည်ဟု ကြားသိရသည်။ သို့သော် မြင့်မြင့်မှာ ရှယ်လီ့ထံသို့လည်း မဆက်သွယ်ချင်၊ ကိုရန်နိုင်အတွက်လည်း အလွန်ပင်စိတ်ပူနေခဲ့တော့သည်။ ကြံရာမရသည့်အဆုံး အိုက်မောင်းနှင့် ပိုင်ပိုင်ကို ပြန်ခေါ်လိုက်ရတော့သည်။

အိုက်မောင်းနှင့် ပိုင်ပိုင်တို့ ပြန်ရောက်လာသောအ ကိုရန်နိုင်အား လိုက်လံရှာဖွေကာ ပြန်ခေါ်လာခဲ့ကြတော့သည်။ ရှယ်လီကတော့ ပဒေသရာဇ် ဇာတ်ပျက်တစ်ဦးနှင့် အရှုပ်တော်ပုံ ဇာတ်လမ်းခင်းနေသည်ဟု ကြားသိလိုက်ရတော့သည်။

ကိုရန်နိုင်မှာ မည်သူ့ကိုမှ စကားမပြောတော့။ မြင့်မြင့်ကိုလည်း မျက်နှာချင်းမဆိုင်။ မိုးမခမြိုင်၏ အခန်းတစ်ခန်းအတွင်းမှာ အရက်ပုလင်းကိုသာ အဖော်ပြုနေတော့သည်။

ပိုင်ပိုင်လည်း စုဆောင်းလာသော ငွေကြေးအချို့နှင့် ကိုရန်နိုင်၏လက်ကျန် လယ်ယာအချို့ကိုဦးစီး၍ ကျဆင်းနေသော စီးပွားရေးကို ပြန်လည်တည့်မတ်စေရန် ကြိုးစားနေရတော့သည်။ မြင့်မြင့်မှာ အသက်ပင်သုံးဆယ်မပြည့်သေးခင်မှာပင် နိုင်ဝန်ကို ထမ်းနေရသော ပိုင်ပိုင့်ကိုသာ သနားလှတော့သည်။ ပိုင်ပိုင်၏

www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ကျိုးစားမှု မြင့်မြင့်နှင့် အိုက်မောင်းတို့၏အကူအညီတို့ကြောင့် ခေမာမြိုင်ကို ပြန်လည်ရယူနိုင်ခဲ့တော့သည်။အလွယ်တကူ တော့မဟုတ်။ ပိုင်ပိုင်၏ဆန္ဒကို သိနေသော ကိုယ်စားလှယ်ဆိုသူ၏ ကာလပေါက်ဈေးထက် အဆမတန်တင်ထားသော ဈေးနှုန်းဖြင့် ပြန်လည်ရယူခဲ့ရခြင်း ဖြစ်သည်။ ထိုအခါ ကိုရန်နိုင်မှာ ပို၍ပင် နေ့ဝင်တတရား၏ ရိုက်နှက်မှုကို ခံခဲ့ရကာ. . .။

တစ်ရက်တွင် မြို့ကို သူပုန်များဝင်စီးကျသည်။ ထိုအခါ လှပပြောင်မြောက်သော စကားတို့ကို ပြောခဲ့ကြသော နိုင်ငံရေးလူရှုပ်များမှာ ကြက်ပျောက်ငှက်ပျောက်။ တပ်မတော်နှင့် ပိုင်ပိုင်တို့လို လူငယ်ပြည်သူ့စစ်များကသာ မြို့ကိုကာကွယ်ခဲ့ကြရသည်။ မဲများရယူဖို့အတွက် ပြည်သူ့အကျိုးကို ကာကွယ်ဆောင်ရွက်ပါမည်ဟု ကတိတွေအထပ်ထပ်ပေးခဲ့သော ရှယ်လီ၏ ဖခင်မှာလည်း အကြောက်လွန်ကာ ရှောင်တိမ်းဖို့ ကြိုးစားရင်းက သူပုန်များ၏ လက်ချက်မိကာ သေဆုံးခဲ့ရသည်။

ထို့နောက်တော့ အရာရာသည် ပုံမှန် ပြန်လည်တည်ငြိမ်နေခဲ့ပြန်သည်။ တစ်နေ့. . .

♠♠♠♠♠

www.burmeseclassic.com

www.burmeseclassic.com


မြင့်မြင့် ဧည့်ခန်းထဲတွင် စာဖတ်နေစဉ် ရှယ်လီတစ်ယောက် မိုးမခမြိုင်သို့ ရောက်လာသည်။ ကိုရန်နိုင်ကလည်း အပေါ်ထပ်သူ့အခန်းထဲမှာ. . .။ ပိုင်ပိုင်နှင့် အိုက်မောင်းကလည်း ခေမာမြိုင် အိမ်ကြီးကိုပြင်ဆင်ရန် ခေမာမြိုင်သို့ ရောက်နေကြသည်။

"မြင့်မြင့် ညီမလေး. . ."

ဩော် အရှက်မရှိ မျက်နှာပြရဲသေးတယ်။ မြင့်မြင့် စကားမပြောလိုသဖြင့်

"အပေါ်ထပ်မှာ ကိုကြီးရန်နိုင်ရှိတယ်။ သွားတွေ့လိုက်ပေါ့"

"မြင့်မြင့် ညီမလေးကို မမရှယ်လီ. ."



www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီးရန်နိုင်နဲ့ အရင်သွားတွေ့လိုက်ပါ"

မြင့်မြင့်မှာ ဒေါသကြောင့် အသားများပင် တဆတ်ဆတ် တုန်နေသည်။ မျက်လုံးကလည်း နံရံပေါ်မှာ ချိတ်ထားသော ငှက်ကြီးတောင်ခါးဆီသို့

ထိုစဉ် ပိုင်ပိုင်ရောက်လာပြီး

"မြင့်မြင့် ဘာဖြစ်လို့လဲ"

အပေါ်ထပ်မှ ရှယ်လီ၏ တောင်းပန်နေသံ၊ ကိုရန်နိုင်၏ ဒေါသတကြီး မောင်းထုတ်နေသံတို့ကို ကြားနေရသည်။ ဘာတွေပြောနေကြမှန်းတော့ သေချာမသိရ။ ပိုင်ပိုင်သဘော ပေါက်သွားသလို

"မြင့်မြင့်ရယ် ပြီးတာတွေလည်း ပြီးပါစေတော့၊ ကျွန်တော်ဆို မြင့်မြင့်ထက် ပိုပြီး အများကြီးခံခဲ့ရတာပါ။ ဒါပေမဲ့ ရန်ငြိုးထားနေတာ မကောင်းပါဘူး။ ခုချိန်မှာ သူ့မှာလည်း ဒုက္ခတွေနဲ့ မဟုတ်လား"

"ငါကတော့ နင့်လိုလို ပျော့ပျော့ညံ့ညံ့နဲ့ သူတော်ကောင်း လို မနေနိုင်သေးဘူးဟေ့။ ရန်သူကို ရန်သူလို သဘောထားရမှာပဲ"

ထိုစဉ်မှာပင် ရှယ်လီတစ်ယောက် ငိုယိုကာဆင်းလာပြီး အပြင်သို့ပြေးထွက်သွားတော့သည်။

ထိုနေ့ညက ကိုရန်နိုင် ညစာဆင်းမစား။ ထို့ကြောင့် မြင့်မြင့်လည်း မနေနိုင်တော့ဘဲ ကိုရန်နိုင်၏အခန်းသို့ တက်သွားကာ

"ကိုကြီးရန်နိုင် ထမင်းလေးဘာလေး စားဦးမှပေါ့။ ဒီအတိုင်းဆို ကျန်းမာရေးကို ထိခိုက်နေဦးမယ်။ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်တော့ ဂရုစိုက်ဦးမှပေါ့"

ကိုရန်နိုင်မှာ မြင့်မြင့်ကို ဘာမှပြန်မပြော။ မြင့်မြင့်က ဖြောင်းဖျသော်လည်းမရ။ ကိုရန်နိုင်မှာ မည်သူနှင့်မျှလည်း စကားမပြော ဘာကိုမှလည်း မစားသောက်တော့ဘဲ အရက်ကိုသာ အဖော်ပြုနေတော့သည်။ နောက်ဆုံးတော့ ပိုင်ပိုင်ကပင် ချော့မော့ကာ ကိုရန်နိုင်အလိုကျ ခေမာမြိုင်သို့ ပြန်လည်ခေါ် ယူထားတော့သည်။

ပိုင်ပိုင်နှင့် ကိုရန်နိုင်တို့ ညီအစ်ကိုနှစ်ယောက် ခေမာမြိုင်သို့ ပြန်သွားပြီးနောက် မြင့်မြင့်လည်း ကိုရန်နိုင်ကို တစ်ခါတစ်ရံ သွားရောက်ပြုစုသည်။ ယခင်က တစ်အိမ်တည်း နေပြီး ကိုရန်နိုင်နှင့် စကားမပြောဖြစ်ကြတော့သော်လည်း ယခုတော့ မြင့်မြင့်လည်း ကိုရန်နိုင်ကို သွားရောက်ပြုစု နေမိတော့သည်။ ကိုရန်နိုင်နှင့် မြင့်မြင့်တို့ အိမ်ထောင်ရေးမှာ ပြန်လည်ကာ အဆင်ပြေလာလို ရှိလာသည်။ အိုက်မောင်းမှာ နယ်စပ်မြို့ကလေးမှ သူ၏စည်းပွားရေးလုပ်ငန်းများကို စိတ်မချဟု ဆိုကာ ပြန်သွားခဲ့သည်။ ပိုင်ပိုင်ကတော့ ပြန်မလိုက်တော့ဘဲ ခေမာမြိုင်၏ စည်းပွားရေးလုပ်ငန်းကိုသာ ဦးဆောင်ကာ ကျန်ရစ်ခဲ့သည်။

ပိုင်ပိုင်မှာ ဟိုစဉ်ကလို တက်ကြွရှင်လန်းသော အသွင်တို့ကို မတွေ့ရ။ အရွယ်နှင့်မလိုက်အောင် အတွေ့အကြုံများ ရရှိထားသောကြောင့် တည်ငြိမ်လာသည်ဟု ထင်မိသော်လည်း တစ်စုံတစ်ရာကို အလေးနက်စဉ်းစားနေဟန် သောက်ရောက် နေဟန်မှာ ဖုံးကွယ်၍မရ။ ရှယ်လီမှာလည်း ကိုရန်နိုင်နှင့်


www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေပုံမရ။ မြင့်မြင့်လည်း ရှယ်လီအကြောင်းကို ခေါင်းထဲပင် မထည့်လိုတော့သဖြင့် ကိုရန်နိုင်ကိုရော ပိုင်ပိုင်ကိုပါ ဘာတစ်ခုမှ မမေးဖြစ်။ လတ်တလောတွင် ငယ်စဉ်ကတည်းက မောင်ငယ် ကလေးလို ရင်းနှီးခဲ့သော ပိုင်ပိုင်ကလည်း သူမနှင့် စည်းပွားတူ တက်ညီလက်ညီ အလုပ်လုပ်နေပြီ မဟုတ်ပါလား။ လောကကြီးမှာ သူမ ဂရုစိုက်စရာ ဘာကိုမှ မရှိတော့ဟု ထင်မိသည်။ သို့သော် ကံကြမ္မာမှာ သူမက ဂရုမစိုက်သော်လည်း သူမထံသို့ ထင်မှတ် မထားသော အရာများကို သယ်ဆောင်လာခဲ့ပြီ။

တစ်ခုသောည အားလုံး၏ ကံကြမ္မာတို့ကို ပြောင်းလဲ လိုက်သောည. . .။ ထိုညကို မြင့်မြင့်မှာ မေ့မရသေး။ အသက် အရွယ်ကြီးရင့်၍ ဘဝနေဝင်ချိန်ရောက်အောင် တစ္ဆေခြောက် နေသလို ခြောက်လှန့်လျက်ရှိသောည. . .။

ပိုင်ပိုင်နှင့် ရှယ်လီတို့ လက်ထပ်တော့မည်တဲ့။ ထိုသတင်းကို မြင့်မြင့်ပြန်ကြားရသည်မှာ နှစ်ရက်ခန့်ရှိပြီ။ ထိုနှစ်ရက်လုံးလည်း ပိုင်ပိုင်ကိုမတွေ့ရ။ မြင့်မြင့် ဒေါသထွက် မိသည်။ တစ်ကယ်ဆို ခေမာမြိုင်၏ သတင်းစကားကို အပြင်လူပြန်ပြောမှ ကြားရသည်ကိုလည်း စိတ်တိုမိသည်။

ပြီးတော့ ပိုင်ပိုင်ကို ရှယ်လီဘယ်လိုဆက်ဆံခဲ့သည်ကို မြင့်မြင့်အသိ။ မိမိ၏ခင်ပွန်းနှင့် ဇာတ်ရှုပ်ခဲ့သည်က ငယ်ရည်းစားမို့ ထားတော့။ အခုမှ ပိုင်ပိုင်ကို ဘာသဘောနှင့်

မြင့်မြင့် တစ်ယောက် ရှယ်လီကိုရော ပိုင်ပိုင်နှင့် ကိုရန်နိုင် အားလုံးကို ဒေါသထွက်မိသည်။ စိတ်မြန်သူ တစ်ဦးပီပီ. . .

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com

# ရင်ခွင်မှာစီးသွားကို အလျားလိုက် ဖြတ်သန်းသွားတဲ့ တစ္ဆေ

မြင့်မြင့်တစ်ယောက် ခေမာမြိုင်သို့ မှောင်ထဲတွင်ပင် မီးအိမ်ကိုဆွဲ၍ တစ်ယောက်ထဲ လျှောက်လာခဲ့သည်။ စုန်းပူးနေသူတစ်ဦးပမာ တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်နေသည်။ လက်ထဲတွင်လည်း ၄က်ကြီးတောင်ဓားကို စွဲကိုင်လျက်။ ဒေါသတရားက လွှမ်းမိုးထားသောကြောင့် အသိရော သတိပါ ကွယ်ပျောက်လျက် ရှိသည်။

ခေမာမြိုင် အိမ်အတွင်းသို့ရောက်တော့ မည်သူ့ကိုမျှ မတွေ့ရ။ ထိုစဉ် အပေါ်ထပ်ဆီမှ

"မဟုတ်သေးဘူးညီလေး ဒီကိုယ်ဝန်ကလည်း . . ."

ကိုရန်နိုင်၏ စကားသံ တစ်ဝက်တစ်ပျက်နှင့် ပိုင်ပိုင်၏ ဘာမှန်းမသိ ပြန်ပြောလိုက်သံတို့ကို ကြားလိုက်ရသည်။ မြင့်မြင့်မှာ

www.burmeseclassic.com

www.burmeseclassic.com

ဒေါသပိုထွက်လာပြီး အပေါ် ထပ်သို့ ပြေးတက်သွားလိုက်မိသည်။ မီးအိမ်ကိုလည်း ဘယ်မှာ ချခဲ့မှန်းမသိတော့။

"ဟဲ့ပိုင်ပိုင် မင်း မင်း မိုက်လှချည့်လား။ ရှယ်လီမင်းကို ဘယ်လိုပြောခဲ့ ဘယ်လိုဆက်ဆံခဲ့တယ်ဆိုတာ မင်း မမှတ်မိတော့ဘူးလား"

"မှတ်မိပါတယ်မြင့်မြင့် ကျွန်တော် နောက်ထပ် အဖေမှသိ၊ အမေမသိနဲ့ ကလေးတစ်ယောက် ကမ္ဘာပေါ်မှာ ထပ်မရောက်လာစေချင်တော့ဘူး။ ဘယ်ကလေးကိုမှလည်း ကျွန်တော့လို မခံစားစေချင်တော့ဘူး။ ဒါကြောင့်. . ."

"သြော် မင်းက ဒါကြောင့် ဘယ်သူနဲ့ရမှန်းမသိတဲ့ ကိုယ်ဝန်နဲ့ မိန်းမတစ်ယောက်ကို. . ."

မြင့်မြင့်လည်းဒေါသဖြင့် ပိုင်ပိုင့်ကို ဓားဖြင့် လိုက်ခုတ်မိသည်။ ထိုစဉ်မှာပင် မီးတောက်မီးလျှံများက ခေမာမြိုင် ကို ဝါးမြိုစ ပြုနေပြီ။

"မြင့်မြင့် ဒါတွေအားလုံး ကိုကြီးရန်နိုင်ကြောင့်. . ."

ကိုရန်နိုင်၏ အသံကိုလည်း မြင့်မြင့် ကြားတစ်ချက် မကြားတစ်ချက်။

ထိုစဉ် ရှယ်လီ၏အရိပ်ကို တွေ့လိုက်ရသည်။ မြင့်မြင့်လည်း ရှယ်လီ့နောက်သို့ ပြေးအလိုက်

"မောင်ရန်နိုင် အပြင်ထွက်ခဲ့တော့ မီးအရမ်းပြင်းနေပြီ"

ခေမာမြိုင်၏ အိမ်ထောင်ထိမ်းအဒေါ်ကြီး အသံ၊ ထို့နောက် မိုးမခမြိုင်၊ ခေမာမြိုင်တို့မှ အလုပ်သမားများနှင့် အနီးပတ်ဝန်းကျင်မှ လူများ၏ အော်ဟစ်သံများ. . .



www.burmeseclassic.com

www.burmeseclassic.com

"လုပ်ကြ ၇ဦး ရှယ်လီ အနောက်ဘက်ရေတွင်းထဲ ခုန်ချသွားလို့"

ထို့နောက်တော့ မီးလောင်နေသော ထုပ်တန်းကြီး တစ်ခုက မြင့်မြင့်ပေါ်သို့

မြင့်မြင့်သတိရလာတော့

"ပိုင်ပိုင် ပိုင်ပိုင်ရော. . ."

"မမြင့်မြင့်ကို ဝင်ကယ်ရင်းက ကိုလေးရန်ပိုင် မီးထဲမှာ ဆုံးသွားပါတယ်"

အလုပ်သမားတစ်ယောက် ဝင်ဖြေလိုက်သောကြောင့် မြင့်မြင့်မှာ

"ပိုင်ပိုင် ငါကနင့်ကို မားနဲ့လိုက်ခုတ်တယ်။ ငါ့မားချက်နဲ့ မသေဘဲ ငါ့ကိုကယ်ရင်း သေပြီတဲ့"

ထိုစဉ်မှာပင်

"ဆရာ ရန်နိုင် ရှယ်လီအလောင်းကို ရေတွင်းထဲက ပြန်ဆယ်ပြီးပါပြီ"

"ဟင်း တစ်ကယ်ဆိုင်ငါပါ. . ."

"ကဲကဲ သက်ဆိုင်ရာကို အကြောင်းကြားဟော့၊ ဆေးရုံပို့ဖို့ လုပ်ကြတော့"

♠♠♠♠♠


www.burmeseclassic.com

www.burmeseclassic.com

အဘွားမြင့်မြင့်တို့၏ ဇာတ်လမ်းကို သိရပြီးနောက် ကေသရီမှာ

သနားလည်း သနားမိသည်။ ဆွတ်ပျံ့စွာလည်း လွမ်းမောမိသည်။ ထိုနေ့ညမှာပင် တယောသံကလည်း လွမ်းမောဖွယ်ကောင်းလေစွ။ တယောသံဆိုမှ ဦးရန်ပိုင်ကလည်း တယောထိုးတတ်သည်ဆိုတော့. . .၊ ဘုရားဘုရား ဒါဆို သူများတွေပြောကြသလိုများ. . .။ ကေသရီ ပြတင်းပေါက်မှ စူးစမ်းကြည့်လိုက်တော့. . .။ ခေမာမြိုင် အိမ်ကြီးနောက်ဘက်တွင် တယောထိုးနေသူတစ်ဦး။ သက္ကလပ်ဦးထုပ် အညိုကလေးနှင့် ရှမ်းသမ်း၍ ကြောက်ရွံ့နေသော ကေသရီတစ်ယောက် ပြ၍ အကြောက်ပြေသွားသည်။


www.burmeseclassic.com

www.burmeseclassic.com

အို ခုတယောထိုးနေသည်မှာ ကေသရီ၏ သူငယ်ချင်း ဟိုကောင်လေးပဲ ဖြစ်ရမည်။ တိုက်ဆိုင်မှုပဲ ဖြစ်မှာပါ။ နောက်တွေ့ရင်တော့ သူ့ကို တယောထိုးတတ်မထိုးတတ် သေချာ မေးကြည့်ရဦးမည်။

ဒါဆို ဟိုတစ်ခါက 'ဟဲ့ရှယ်လီ ထွက်သွားစမ်း' ဟုဆိုကာ အဘွားမြင့်မြင့်တစ်ယောက် ကျိမ်းမောင်းနေသည်မှာ. . .

ကေသရီ ဆက်မတွေးတော့ အိပ်ပျော်အောင်သာ ကြိုးစားလိုက်တော့သည်။

နောက်တစ်နေ့မနက် ကေသရီ ဦးအိုက်မောင်းနှင့်အတူ ကျွဲခတ်ခံရသည့် ကိုဖိုးထင်ကို သတင်းမေးရန် ဆေးရုံသို့ လိုက်ပါလာခဲ့သည်။ ကိုဖိုးထင်မှာ ကေသရီတို့နှင့် မတိမ်းမယိမ်း ရွယ်တူခန့် ဖြစ်သည်။ ကိုဖိုးထင်နှင့် လုပ်ဖော်ကိုင်ဖက် အဘဦးအိုက်မောင်း၏ တပည့်များစွာကိုလည်း တွေ့ရသည်။ ကိုဖိုးထင်၏ ဖခင်ဖြစ်သူ ဦးဘမောင်ကိုလည်းတွေ့ရသည်။ ကေသရီလည်း

"အဘက ဟို တယောထိုးတတ်တယ်ဆိုတဲ့ ဦးဘမောင် လားဟင်"

"ဟုတ်တာပေါ့ ကလေးမရယ်။ ဟိုတုန်းကတော့ တယောပဲအမြဲထိုးနေခဲ့တာပေါ့။ ခုတော့ တယောကို မကိုင်ဖြစ်တာ ကြာပါပြီကွယ်။ ကလေးမတို့ ခေမာမြိုင်က မောင်ပိုင်ပိုင်နဲ့ဆို သိပ်အတွဲညီတဲ့ တယောထိုးဖက်တွေပေါ့။ သူရေးခဲ့တဲ့ တေးသွားတစ်ပုဒ်တောင် ခုထိသတိရနေတုန်းပဲ"

"သမီး နားထောင်ချင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com


"အင်း တစ်နေ့နေ့ အဘတို့ ယာခင်းဘက်ကို လာခဲ့ပေါ့ကွယ်။ အသက်သာကြီးတာ အဘလည်း တစ်ခါတစ်လေ လက်စွမ်းပြချင်သေးသကွယ့်"

"ဟုတ်ကဲ့ သမီးလည်း စိတ်ဝင်စားပါတယ်"

ထို့နောက် ကိုဖိုးထင်တို့နှင့်လည်း ရောက်တတ်ရာရာတို့ ပြောဆိုဖြစ်ကြသည်။ ကိုဖိုးထင်က

"ကျွန်တော်တော့ ကိုယ့်ကိုကိုယ် သေပြီလို့ထင်တာ မမလေးရဲ့။ ကျွန်တော့်ကို အစ်ကိုတစ်ယောက် ကယ်ပေလို့ပေါ့ဗျာ။ သူက လှမ်းပြီးကျွန်တော့်ကို တွန်းလိုက်လို့ပေါ့ဗျာ။ ဘယ်က အစ်ကိုလည်းမသိဘူးဗျ။ သက္ကလပ်ဦးထုပ် အညိုလေးနဲ့"

"ဟင် ဟို ဘောင်းဘီအညိုလည်း ဝတ်တတ်တယ်လေ"

"ဟုတ်တယ်ဗျ။ ဘောင်းဘီအညိုနဲ့ပဲ။ မမလေးနဲ့သိလား"

"အင်း သိပါတယ်။ ကျွန်မကသူ့ကို အစ်ကိုတို့အလုပ် ထဲကလို့ ထင်နေတာ"

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်တို့လို ယာလုပ်၊ ကိုင်းလုပ်နေတဲ့သူတွေထဲမှာ အဲဒီလို စတိုင်ကျကျလူမျိုး မရှိပါဘူးဗျာ"

အဘဦးဘမောင် ကတော့ ခေါင်းတယမ်းယမ်းဖြင့်

"ဖိုးထင်ရယ် ငါလှမ်းမြင်တာတော့ နင်နဲ့ကျွဲနဲ့ နှစ်ကောင် ထဲပါကွယ်။ နင့်ကို ကျွဲကလှမ်းခတ်လိုက်တော့ ငါ ဖုန်လုံးကြီးပဲ တွေ့တာပဲ။ နင် ကယောင်ကတမ်း လျှောက်ပြောနေတယ်လို့ ထင်တာ"

"ဟာ အဘကလည်း အဲဒီအစ်ကိုလေးကို ဒီက မမလေးက



www.burmeseclassic.com

www.burmeseclassic.com

သူ ပြုံးသည်။ ထို့နောက်

"အခုလောလောဆယ်တော့ အလုပ်လက်မဲ့ပေါ့။ ဘာလဲ နင်က အလုပ်မရှိ အကိုင်မရှိဆိုရင် အပေါင်းအသင်း မလုပ်ချင် လို့လား"

ကေသရီ မျက်လုံးပြူးသွားသည်။ စပ်စုတာ လွန်သွားပြီ လားမသိ။

"အဲဒီလို မဟုတ်ပါဘူးဟယ်။ သူငယ်ချင်း အချင်းချင်း ဆိုတော့ တစ်ယောက်အကြောင်းကို တစ်ယောက်က သိထားသင့် တယ် ထင်လို့ပါ"

"ငါ့အကြောင်းက ဘာမှလည်း အထူးအဆန်းတော့ မဟုတ်ပါဘူးဟာ။ ဟိုတုန်းကတော့ စိတ်ဝင်စားစရာ စိတ်လှုပ်ရှား စရာတွေ ရှိခဲ့ဖူးပါတယ်။ အခုတော့ ပျင်းစရာဘဝကြီးနဲ့ပေါ့ဟာ။ အပေါင်းအသင်းမရှိတဲ့ အထီးကျန်ဘဝမျိုးပါ"

"နင်ကလည်း ဒီမြို့ထဲမှာ ရွယ်တူတွေ အများကြီးပါဟဲ့။ သဘောလည်း ကောင်းကြပါတယ်"

"ဟုတ်ပါတယ်။ သဘောကောင်းကြပါတယ်။ မကြုံကြိုက် သေးလို့ပါ။ လောလောဆယ်တော့ နင်ရယ်၊ နင့်မောင်လေးရ ်နဲ့ ကျောင်းဆရာတစ်ယောက်ရယ်ပဲ အပေါင်းအသင်းရှိသေးတယ်"

"နောက်တော့လည်း အပေါင်းအသင်းတွေ များလာ မှာပေါ့ဟာ။ ငါလည်း ဒီမြို့မှာ အပေါင်းအသင်း သိပ်ပြီး မရသေးပါဘူး"

ကေသရီ သူ့ကိုနှစ်သိမ့်မိသ ည်။ ကြည့်ရတာ သူလည်း ကေသရီလို ဧည့်သည်ပဲထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ နင်က တယောထိုးဘ ဘယ်နှော်"

"အင်း တစ်ယောက်ထဲဆိုပေ ့ ပျင်းရင် တယောပဲ ထိုးနေရတာပေါ့ဟာ"

ကေသရီ စိတ်အေးသလို ဖြစ်သွားသည်။ အို နဂိုကလည်း စိတ်ပူစရာ ဘာမှမရှိတာ။ အလကား အဓိပ္ပါယ်မရှိတာတွေ တွေးနေတာ။ ယင်းမာက ၁၈နှစ်ထက်ကိုပြောလည်း ပြောချင်စရာ။ ယင်းမာ၏စာကို သတိရမိပြီး

"နင် သရဲကြောက်တတ်လားဟင်"

ကောင်လေးက ကေသရီစကားကို ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဘာလဲ နင်ကလည်း သရဲကြောက်တတ်တဲ့ ကောင်မလေးပဲလား"

ကေသရီလည်း သူနှင့်အတူ ရယ်မောလိုက်ပြီး

"မကြောက်ပါဘူးဟာ။ ငါက သရဲနဲ့တွေ့ရင် ရွှေမကျည်း တောင့်တွေ တောင်းမလို့ပါ။ ပုံပြင်တွေထဲကလိုလေ"

ကေသရီ၏ ဟာသကို သူကလည်း သဘောကျသည် ထင်သည်။ လိုက်၍ရယ်မောနေ၏။

"တစ်နေ့နေ့တော့ ရမှာပေါ့ဟာ။ သရဲဆိုတာက ရွှေမန်ကျီးတောင့်တွေလည်း ပေးတတ်တယ်။ သူ့ကို ကြောက်နေရတာကလည်း စပ်ဖျင်းဖျင်းနဲ့။ ဒီတော့ အရသာ နှစ်မျိုးနဲ့ မကျီးတော်ဖီပေါ့ဟာ"

သူ၏ ဟာသကိုလည်း ကေသရီလိုက်လံ၍ ရယ်မော မိသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com

"နင် မြင့်မြင့်နဲ့ အဆင်ပြေသွားပြီလား"

အိုး သူမရဲ့ ကိစ္စတွေကို သူ အလေးအနက်ရှိသားပဲ။ ကေသရီ ကြည်နူးသွားမိသည်။

"အဆင်ပြေသွားပြီဟ။ တစ်ကယ်ပဲသိလား"

"ငါပြောသားပဲလေ ခေတနာမှန်ရင် အကျိုးပေး မှန်ပါတယ်လို့"

"အဘွားမြင့်မြင့်က ငါ့ကို သူငယ်ငယ်က အကြောင်းတွေ ပြောပြတယ်ဟ"

"နင့်ကိုပြောပြတယ်"

သူက ထူးဆန်းသလို မေးတော့ ကေသရီလည်း ဂုဏ်ယူဝံ့ကြွားစွာဖြင့်

"ဟုတ်တာပေါ့ဟ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခု ချဖို့တောင် ငါ့ကို အကြံဉာဏ်တောင်းဦးမယ်တဲ့"

"တစ်ကယ် ဘာကိစ္စများပါလိမ့်"

"မသိသေးပါဘူးဟာ ခေမာမြိုင်နဲ့ ပတ်သက်လို့ ဖြစ်မှာပေါ့"

"ခေမာမြိုင်နဲ့ ပတ်သက်လို့ကတော့ ဘာများအရေး ကြီးတာ ရှိလို့လဲဦးဟာ။ အခုမြင့်မြင့် ပိုင်နေတာပဲ။ သူကြိုက်သလို စီစဉ်လို့ ရတာပဲ"

"ငါလည်း သေချာတော့ မသိပါဘူးဟာ"

"အင်း အခက်အခဲရှိရင်တော့ ငါလည်း တတ်နိုင် သလောက် အကြံဉာဏ်တော့ ပေးနိုင်မှာပါ။ ကဲ နင်လည်း ရွှေမန်ကျည်းတောင့်တွေ ပြန်မျှော်လိုက်ဦး။ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com


သွားလိုက်ဦးမယ်"

သူက ပြောပြောဆိုဆို လှည့်ထွက်သွားတော့ ကေသရီက

"ငါ မန်ကျည်းတောင့်မှာ့ အများကြီးရရင် နင့်ကူသယ်ပေးရမယ်နော်"

သူက လက် ကြွက်သားကို ညွှစ်ပြလိုက်သည်။ အိုသူ့လက်မောင်းမှာ အမာရွတ်တစ်ခု၊ လက်မောင်းမှာ အမာရွတ်တစ်ခု ကေသရီ ဘယ်မှာကြားဖူးပါလိမ့်။

ကေသရီ အိမ်ပြန်ရောက်တော့ သူနှင့်စကားပြောခဲ့သည်တို့ကို ဒိုင်ယာယီတွင်း၌ ရေးမှတ်ရန် စိတ်ကူးရမိသည်။ စာရေးရန် အဘွားမြင့်မြင့်၏ အံဆွဲအတွင်းမှ ဖောင်တိန်ကို ယူလိုက်သောအခါတွင်မှ

"ဒါ ပိုင်ပိုင်ရဲ့ ဖောင်တိန်ပေါ့အေ့။ ငါသူ့ဆီက ခဏရေးတာ။ အဲဒီတုန်းက သူကလည်း မပေးအူးလေ။ ငါကလည်း အတင်းလုတာပေါ့။ ငါလည်း ဒေါသဖြစ်ပြီး သူ့လက်မောင်းကို ဒီဖောင်တိန်နဲ့ ထိုးလိုက်တာပေါ့။ သွေးတွေထွက်လိုက်တာအေ။ ငါလည်း ထိုးမိပြီးမှ သနားလိုက်တာ။ သူ့လက်မောင်းမှာ အမာရွတ်ကြီး သေရာရှင်ရာ ပါသွားတော့တာပဲ"

အဘွားမြင့်မြင့် ပြောခဲ့သည်တို့ကို ပြန်သတိရမိပြီး ကေသရီ ကြက်သီးကလေးများ ဖြန်းကနဲ ထသွားသည်။ အို အမာရွတ်ဆိုတာ လူတိုင်းမှာ ရှိနိုင်တာပါပဲ။

ခုမှသတိရသည်။ သူ့နာမည်ကိုလည်း မမေးမိ။ သူတို့ဧည့်သည်ဟု ထင်မိသည်။ ဧည့်သည်ဆို မိုးမခမြိုင်တို့ ဘောမြိုင်တို့ အကြောင်းများကို ဘာလို့သိနေပါလိမ့်။ ဧည့်သည် မဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com

ဘာလို့များ တစ်ယောက်ထဲ အထီးကျန် နေ နေရပါလိမ့်။ နယ်မြို့တွေဆိုတာ တစ်ယောက်နဲ့တစ်ယောက် အကုန်လုံး သိနေကြတာ။ ဟို စုံထောက်ဝတ္ထုတွေထဲကလိုများ. . .။ မဖြစ်နိုင် ဝတ္ထုတွေက ဝတ္ထုတွေပဲ။ အပြင်မှာ တစ်ကယ်မဖြစ်နိုင်။ ယုတ္တိရှိစွာ စဉ်းစားရမည်။

ဘာပဲပြောပြော သူမအဖို့ သူကတော့ ခင်မင်နှစ်လိုဖွယ် ကောင်းသလို ထူးဆန်းနေသည်မှာလည်း အမှန်ပင်။

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com

"သမီး ကေသရီ၊ သမီးကို အဘရော မြင့်မြင့်ပါ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောခဲ့ပြီးပြီနော်"

"ဟုတ်ကဲ့အဘ"

"ဒီတော့ အဘပြောချင်တာက အဘလည်း အသက်ကြီးပြီ။ မြင့်မြင့်ကလည်း ကျန်းမာရေးတကောင်းတာမဟုတ်ဘူး။ ဒီတော့ ဘာလုပ်ငန်းကိုမှလည်း မလုပ်ချင်တော့ပါဘူးကွယ်။ ဘုရားရိပ် တရားရိပ်မှာပဲ သံသရာအတွက် အလုပ်တွေ လုပ်ချင်တော့တယ်"

အဘဦးအိုက်မောင်းက အလေးအနက် ပြောနေသဖြင့် ကေသရီလည်း ငြိမ်သက်စွာပင် နားထောင်နေလိုက်သည်။ ဦးအိုက်မောင်းကပင်

www.burmeseclassic.com

www.burmeseclassic.com

"အဘတို့ရဲ့ ငွေ ့ငပ် လုပ်ငန်းတွေနဲ့ ဒီမိုးမခမြိုင့် အိမ်ကြီးကိုတော့ ဖိုးကျော်လေးတို့ အမေအဖေများကိုပဲ လွှဲပေးခဲ့မယ်ကွယ်။ အတွင်းပစ္စည်းတွေကိုတော့ ဆွေမျိုးတွေ အကုန်လုံးကို ခွဲပေးခဲ့မယ်ကွယ်။ ဒါကို မြင့်မြင့်ကလည်း သဘောတူပါတယ်။ ကောင်းတယ်မဟုတ်လား သမီးရဲ့"

"ကောင်း ကောင်းပါတယ် အဘ။ အဘတို့ စိတ်တိုင်းကျသာ စီမံပါ"

"အင်း ခက်နေတာက ခေမာမြိုင်ပဲကွယ့်။ ခေမာမြိုင်ကို အဘတို့က ဒီအတိုင်းကြီးလည်း ပစ်မထားရက်ပြန်ဘူး။ ပြီးတော့ ဒီခေမာမြိုင်က ပိုင်ပိုင်တို့အိမ် ဆိုတော့ ဘယ်သူ့ကိုမှလည်း မပေးခဲ့ချင်ဘူးကွယ်။ မြင့်မြင့်ကလည်း ပိုင်ပိုင် ဒါမှမဟုတ် ကိုရှန်နိုင်တို့သဘောပဲဆိုပြီး ဘယ်သူ့လက်ကိုမှ ပေးဖို့သဘော မတူဘူး။ အင်း ကိုရှန်နိုင်ကလည်း ဒီအိမ်ကို ပိုင်ပိုင်က ပြန်ပြီးရအောင်ယူပေးခဲ့တာဆိုတော့ သူ့သာသေသွားတယ်။ ပိုင်ပိုင်သဘောအတိုင်းပဲ စီမံပါဆိုပြီး ဘာတစ်ခုမှ မစီမံနိုင်ခဲ့ဘူး။ ဒီတော့ကွယ် သေသူတွေရဲ့ ဆန္ဒအတိုင်းလည်း ဖြစ်စေချင်တယ်။ ဘယ်လိုလုပ်ရမှန်းလည်း မသိဘူး။ ဒီတော့ မိသားစုဝင် တစ်ယောက်အနေနဲ့ သမီးလည်း အကြံပေးစေချင်တယ်ကွယ်"

"ဒါတော့ သမီးလည်း. . ."

"ဟုတ်ပါတယ်လေ သေပြီးသွားတဲ့သူရဲ့ ဆန္ဒတွေ ကိုတော့ ဘယ်သူက သိနိုင်ပါ့မလဲ။ အဘဆိုလိုတာက အားလုံးက အကြံဉာဏ်ဝိုင်းပြီး ပေးကြပေါ့ကွယ်။ အများလည်း သဘောတူ နိုင်မယ်ဆိုရင် အဲဒီအတိုင်း စီမံကြတာပေါ့။ ဟဲ့ မြင့်မြင့်



www.burmeseclassic.com

www.burmeseclassic.com


အရေးအကြီးဆုံးက နှင်ပဲလေ။ နှင်လည်း စဉ်းစားပါဦး"

"ဟဲ့ အိုက်မောင်းရဲ့ ငါက မျက်နှာလွှဲခဲပစ်နဲ့ ပြောနေတာ မဟုတ်ဘူး။ အဓိက ပိုင်ပိုင်ရဲ့ သဘောထားပဲ။ နှင်တို့ အဲဒါကို သိအောင်လုပ်ကြ။ ဒါပဲ"

အဘ ဦးအိုက်မောင်းရော ကေသရီပါ သက်ပြင်းချ မိသည်။ မလွှယ်ပါ။

"ကဲပါလေ ဝိုင်းပြီးစဉ်းစားကြည့်တာပေါ့။ ကဲ ဒါနဲ့ ငါ့မြေး ကျော်ကျော်ကရော. . . လူကြီးမင်းလေး ဘာအကြံဥာဏ် ဝင်ပေးချင်သေးလဲ"

အဘဦးအိုက်မောင်းက ငြိမ်ပြီးနားထောင်နေသော ကျော်ကျော်လေးကို မေးလိုက်တော့

"ဒါများအဘရာ မြင့်မြင့်ပြောသလို အဘပိုင်ပိုင်ရဲ့ သဘောကို စုံစမ်းကြည့်လိုက်ပေါ့"

"ကဲ ဘယ်လိုစုံစမ်းရမလဲ လူကြီးမင်းရဲ့"

"အဘကလည်း ဟိုတုန်းက ဘုရင်ကြီးတွေ ပြောခဲ့တာတို့ ဘုရားလူခဲ့တဲ့သူတွေ ပြောခဲ့တာတို့တောင် သားတို့သမိုင်းမှာ သင်နေရတာပဲ။ အဘပိုင်ပိုင် ပြောခဲ့တာတွေကို လိုက်ရှာ ကြည့်ပေါ့"

"အင်း မင်းရဲ့အဘပိုင်ပိုင်ကလည်း ကျောက်စာတွေ ဘာတွေ မထိုးခဲ့တော့ ခက်တယ်ကွာ"

ကေသရီလည်း စိတ်ကူးတစ်ခုရလာပြီး

"ဟို ဦးရန်ပိုင်က သေတမ်းစာလိုမျိုး. . ."

"မရှိပါဘူး သမီးရယ်။ အဘတို့က သေတမ်းစာ


www.burmeseclassic.com

www.burmeseclassic.com

ရေးလေ့မှ မရှိတာ။ နောက်ပြီး ပိုင်ပိုင်ကလည်း ရုတ်တရက် ကွယ်လွန်ခဲ့တာ မဟုတ်လား"

"ဟို မှတ်တမ်းတို့ ဒိုင်ယာယီတို့ ကျန်ခဲ့တာ မရှိဘူးလား"

"ဟင်း ပိုင်ပိုင်ရဲ့ အခန်းက မီးလောင်တဲ့အထဲမှာ ပါသွားပြီ။ ဘာမှ အကောင်းတိုင်း မကျန်ရစ်ပါဘူးကွယ်"

ဤသို့ မရေမရာနှင့်ပင် စကားဝိုင်းသိမ်းလိုက်ရသည်။ အိပ်ယာဝင်သည်အထိ ကေသရီမှာ အတွေးများဖြင့် အိပ်၍ မပျော်နိုင်သေး။ ဦးရန်ပိုင်၏ ဆန္ဒတို့ကို မည်သို့ရှာဖွေရမည်နည်း။ ထိုစဉ်မှာပင် ကြားနေကျ တမယာသံကို ကြားလိုက်ရပြန်သည်။

အို သူလာပြီ။ သူ့ကို အကြံဉာဏ်တောင်းလျှင် ကောင်းမည်။ သူတစ်စိမ်းကို အိမ်ဟွင်းရေးတွေပြောလို့ သင့်တော်ပါ့မည်လား။ အင်း တစ်စိမ်းသာဆိုရတယ် သူက ကေသရီထက်ပင် မိုးမခမြိုင်တို့ ခေမာမြိုင်တို့အကြောင်းကို ပိုသိနေသေးသည်ပဲ။ အကြံဉာဏ်တောင်းသည်ပဲလေ။ မကြိုက်တော့လည်း လိုက်မလုပ်ရုံပေါ့။ ပြီးတော့ သူ့ကိုလည်း ကေသရီ မေးလိုသည်တို့ ရှိသေးသည်။ ကေသရီ ယခုချက်ချင်းပင် သူ့ကို သွားမေးလိုက်ချင်ပါသည်။ သို့ရာတွင် မိမိက မြန်မာ မိန်းကလေး မဟုတ်လား။ နောက်တစ်နေ့မှ သူ့ကို မေးကြည့်ရမည်။ နောက်တစ်နေ့ သူနှင့် တွေ့နိုင်သေးသည်ပဲ။ နောက်တစ်နေ့. . . နောက်တစ်နေ့

ယခုတော့ သူ၏တေးသံကို နားဆင်လိုက်ပါဦးမည်။ သူတီးခတ်နေသော သီချင်းကို ကေသရီမသိသော်လည်း နားဆင်၍တော့ကောင်းသည်။ တော်တော်ကြာပြီး နားယဉ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

နောက်[illegible]နေ့ မနက်တွင်တော့

ကေသရီတစ်ယောက် အဘွားမြင့်မြင့်အိပ်နေချိန်တွင် အဘဦးအိုက်မောင်းကို ခွင့်တောင်းကာ ယာတောသို့ လိုက်လာခဲ့သည်။ ဆေးရုံမှဆင်းလာသော ကိုဖိုးထင်ကလည်း ကေသရီကို ဆီးကြိုသည်။ အားလုံးက ကေသရီကို ဆည်းကြို နှုတ်ဆက်ကြ ဒေသထွက် အစားအစာ ရှိတာလေးတွေနှင့် ဧည့်ခံနေကြသည်မှာ ပျော်ရွှင်စရာ။

အားလုံးကို နှုတ်ဆက်ပြီး ကေသရီလည်း အဘဦးဘမောင်ရှိရာသို့ လာခဲ့တော့သည်။

“ဟေး သမီးလေး ဒီကိုလာကွယ့်။ အကြွမ်းရေလေးလည်း သောက်ဦး၊ ဖိုးထင်ရေ မြေပဲတွေ ကြော်ပါဟ”

“နေပါစေအဘ သမီးက တယောသံပဲ နားထောင်ချင်တာ”

“မဟုတ်တာကွယ်။ မြေပဲကြော်လေးစားရင်း အကြမ်းရေလေး သောက်ရင်း နားထောင်ပေါ့ကွယ်”

အဖိုးကြီးက ပြောပြောဆိုဆိုနှင့် တဲနံရံရှိ တယောဆီသို့ လက်လှမ်းလိုက်လေတော့သည်။ အဖိုးကြီးက တယောကို အသံစမ်း ကြိုးညှိလိုက်ပြီး ရှေးသီချင်းအချို့ကို တီးခတ်ပြနေလေသည်။

“အင်း တယောနဲ့ဝေးနေတာ ကြာတော့ လက်တွေလည်း ပျက်နေပြီကွယ့်။ ဒါပေမဲ့ သမီးကို အကောင်းဆုံးတီးပြနိုင်တဲ့ သီချင်းတစ်ပုဒ်ရှိတယ်ကွယ့်။ ရန်ပိုင် ရေးခဲ့တဲ့ သီချင်းပေါ့ကွယ်။ စာသားတော့ မပါဘူးကွယ့်။ သံစဉ်တွေချည်းပဲ။ နားထောင်


www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပေါ့။ ဒီတေးသွားရဲ့ နာမည်က 'ဘဝနဲ့ ည၊ ညနဲ့ လ' တဲ့"

အဖိုးကြီးကတော့ စကားအဆုံးမှာ တေးသွားကို စလိုက်ပြီ။ အံ့ဩသွားရသည်မှာ ကေသရီ။ ထိုတေးသွားကား ညတိုင်းလိုလို ကြားနေကြတေးသွားပင်။

ဒါဆိုသူဟာ. . .

"အဘ ဒီသီချင်းကို နောက်ထပ် ဘယ်သူရသေးလဲ"

"အဘ သိသလောက်တော့ ဒီသီချင်းကို ရေးခဲ့တဲ့ ပိုင်ပိုင်ရယ်၊ အဘရယ် အဘတို့ရဲ့ ဆရာကြီးရယ် ဒီသုံးယောက် ပါပဲ။ ဆရာကြီးနဲ့ ပိုင်ပိုင်ကတော့ ဆုံးသွားကြရှာပြီ။ အဘသိသလောက်ကတော့ ဒီသီချင်းကို ရတဲ့သူ မရှိတော့ပါဘူး။ ဆရာကြီးမဆုံးခင် တစ်ယောက်ယောက်ကို သင်ပေးခဲ့ရင်တော့ မသိဘူးပေါ့လေ"

ဒါလည်း ဖြစ်နိုင်သည်ပဲလေ။ သို့ရာတွင် ကေသရီ၏ ဦးနှောက်ထဲမှာ ရှုပ်ထွေးသွားသည်ကတော့ အမှန်ပင်။ ရှုပ်ထွေးလျက် ရှိနေသေးသော စိတ်တို့ဖြင့် ပင် ကေသရီ ပြန်လာခဲ့တော့လေသည်။

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com

ကေသရီတစ်ယောက် စောင့်မျှော်နေဆဲ အချိန်မှာပင် သူ့ကို ခေမာမြိုင် အနောက်ဘက်တွင် လှမ်း၍တွေ့လိုက်ရသည်။ ကေသရီလည်း အိမ်ပေါ်မှ အပြေးအလွှားဆင်းသွားလိုက်ပြီး သူ့နောက်သို့ လိုက်သွားကာ

"ဟဲ့ နှင် ဘာဝနဲ့ည၊ ညနဲ့လ သီချင်းကို ဘယ်လိုလုပ်တီးတတ်နေတာလဲ"

ကေသရီ၏ အမေးကို သူပြန်မဖြေ။ ရယ်ကျဲကျဲဖြင့်သာ

"နှင် ရွှေမန်ကျီးတောင့်တွေ မရသေးဘူးလား"

"နောက်မနေစမ်းပါနဲ့ဟာ ငါမေးတာသာ ဖြေစမ်းပါ"

"နှင် ရွှေမန်ကျီးတောင့်တွေ မကြာခင် ရတော့မှာပါ။ သီချင်းကိစ္စကို သိပ်စိတ်ဝင်စားမနေပါနဲ့။ သီချင်းကိုတီးတတ်တဲ့


www.burmeseclassic.com

www.burmeseclassic.com

သူတစ်ယောက်ကို ဘယ်လိုလုပ်ပြီး သိချင်းရလဲလို့ မေးနေဖို့ သိပ်မလိုပါဘူးဟာ”

ကေသရီ ထပ်ပြီးမမေးတော့။ စိတ်ထဲကတော့ သိပ်ပြီး မကျေနပ်။

“မြင့်မြင့်တို့မှာ ဘာအခက်အခဲတွေ ရှိနေလဲဟင်”

ကေသရီလည်း သူ့ဆီက အကြံဉာဏ်တောင်းမည်ဟု စဉ်းစားမိပြီး ခေမာမြိုင်အိမ်ကြီးကို မည်သို့စီမံရမည် မသိသောကြောင့် ဦးအိုက်မောင်းတို့ စိတ်ညစ်နေကြောင်း ပြောပြလိုက်မိသည်။

“လောလောဆယ် ဘယ်လိုစီမံရမယ်ဆိုတာထက် ခေမာမြိုင်ကို သန့်ရှင်းရေးလုပ်ဖို့ နည်းနည်းပါးပါး ပျက်စီးနေတာတွေကို ပြုပြင်ဖို့ အရင်လုပ်သင့်တယ်ဟ။ တဖြည်းဖြည်းနဲ့ ဒီအတိုင်းပစ်ထားလို့ ပျက်စီးသွားရင် နှမျောစရာကြီး”

သူ့အကြံပေးချက်က ခေမာမြိုင်အိမ်ကြီး မည်သို့မည်ပုံ စီမံရမည်နှင့် မသက်ဆိုင်သော်လည်း အရေးတစ်ကယ် လိုအပ်ချက်တစ်ခု ဖြစ်နေကြောင်းကို ကေသရီ သတိထားမိသည်။ အဘဦးအိုက်မောင်းကိုလည်း သတိပေးရမည်ဟု စဉ်းစားမိသည်။ သူကတော့ ကေသရီကို

“ငါ့မှာတော့ နင့်ကိုပေးစရာ ရွှေမန်ကျီးတောင့်တွေတော့ မရှိဘူး။ ဒါပေမဲ့ ငါနင့်ကို မနက်ဖြန်ကျရင် လက်ဆောင်ပေးစရာ ရှိတယ်။ ရွှေမန်ကျီးတောင့် လောက်တော့ အသုံးဝင်မှာပါ”

“ရပါတယ်ဟာ လက်ဆောင်တွေဘာတွေ ပေးစရာ



www.burmeseclassic.com

ရေစွေတေစလွှားကို အလျှားလိုက ဖြတ်သန်းသွားတဲ့ တချို့

www.burmeseclassic.com

မလိုပါဘူး”

“တန်ဖိုးကြီးကြီး မဟုတ်ပါဘူးဟာ”

“အင်းလေ တန်ဖိုးကြီးကြီးမဟုတ်ရင်တော့ ပေးချင်ရင် ပေးပေါ့”

ကေသရီလည်း ထိုမျှသာ ပြောပြီးပြန်လာခဲ့တော့သည်။ အိမ်ပြန်ရောက်၍ အဘဦးအိုက်မောင်းနှင့် အဘွားဒေါ်မြင့်မြင့် တို့ကို ခေမာမြိုင်အိမ်ကြီးကို ပြန်လည်ပြုပြင်ဖို့ သန့်ရှင်းရေးလုပ်ရန် ပြောပြသောအခါ အဘဦးအိုက်မောင်းကလည်း သဘောတူ ညီသည်။

“ဟုတ်တာပေါ့ကွယ်။ မီးလောင်ပြီးနောက်ပိုင်း နှစ်ခါသုံးခါလောက်တော့ သန့်ရှင်းရေးလုပ်ဖြစ်သေးတယ်။ အခုလောက်ဆိုရင် သန့်ရှင်းရေးလုပ်ပေးဖို့ လိုလာပြီပေါ့လေ။ ပြန်ပြင်သင့်တာတွေလည်း ပြန်ပြင်ရတော့မှာပေါ့”

“ဟဲ့ အိုက်မောင်းရဲ့ နင်က လယ်ကွင်းထဲမှာပဲ အချိန်တွေကုန်နေတာကိုး။ မနက်ဖြန်ကျရင် ကောင်လေးတွေ တစ်ယောက်နှစ်ယောက် ခေါ်ပြီးတော့ သွားပြီး ရှင်းလင်းလိုက်”

အဘွားမြင့်မြင့်ကပါ တိုက်တွန်းနေသောအခါတွင်တော့ ဦးအိုက်မောင်းနှင့် ကေသရီတို့လည်း နောက်တစ်နေ့ သန့်ရှင်းရေး လုပ်ရန် အဘွားမြင့်မြင့်ကိုဂတိပေးလိုက်တော့သည်။

အဘဦးအိုက်မောင်း ပြန်ထွက်သွားပြီး ခဏကြာတော့ အဘွားမြင့်မြင့်လည်း အိပ်ပျော်သွားသည်။ ကေသရီလည်း သူ့အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ အိပ်မပျော်သေး၍ ပြတင်းပေါက်မှနေ ငေးချင်ရာငေးနေမိတော့သည်။ ထုံးစံအတိုင်း

www.burmeseclassic.com

www.burmeseclassic.com
တယောသံကို ကြားရပြန်လေသည်။ ထိုးစအတိုင်းပင် ကေသရီလည်း တယောသံတွင် နစ်မျောသွားပြန်တော့သည်။

ညဉ့်ကလည်း တဖြေးဖြေးနက်လာလေပြီ။ ကေသရီလည်း ပြတင်းပေါက်တွင် လက်ထောက်နေရင်းမှ တဖြေးဖြေးနှင့် အိပ်ငိုက်လာမိတော့သည်။ မည်မျှကြာအောင် အိပ်ငိုက်နေမိသည် မသိ။ အဘ မြင့်မြင့်၏ အော်သံကို ကြားရတော့မှ. . .

ကေသရီ အလန့်တကြားနှင့် အဘွားမြင့်မြင့် အခန်းထဲသို့ ပြေးဝင်လိုက်သောအခါ စူးစူးဝါးဝါး ညှော်နံ့တို့က ဆီးကြိုနေသည်။ မီးခိုးငွေ့များကြား တွင် အဖွားမြင့်မြင့်ကို ကေသရီပြေး၍ ဖက်ထား လိုက်မိသည်။ အခန်းထောင့် မီးခလုတ်နေရာမှ မီးပွားများ လွင့်လာနေသည်ကိုလည်း တွေ့လိုက်ရပြန်လေသည်။ ဝါယာရှော့ဖြစ်ပြီ။ ကေသရီ ထိတ်လန့်သွားပြီး ဘာလုပ်ရမှန်းမသိ။ အဘွားမြင့်မြင့်က ကေသရီကို ဖက်ထားပြီး

"ရှယ်လီ ရှယ်လီ ငါ့ကိုသတ်ဖို့ လာနေပြီ"

မီးခိုးငွေ့များကြားတွင် အရိပ်လိုလို သဏ္ဍာန်များကို ကေသရီလည်း တွေ့လိုက်ရ၏။ ဘာမှန်း သေချာ မသိသော်လည်း ကေသရီ ကြောက်အားလန့်အားနှင့် အော်ဟစ်လိုက်မိသည်။

ထိုစဉ်မှာပင် အခန်းတွင်းသို့ တစ်စုံတစ်ယော က် ပြေးဝင်လာပြီး မီးကြိုးများ မီးခလုတ်များကို ဆွဲဖြုတ်နေသည်ကို တွေ့လိုက်ရသည်။ အို ဦးထုပ်အညိုလေးနှင့်။ ဒါဆို သူပါလား။

"ပိုင်ပိုင်ရေ ပိုင်ပိုင်"

အဘွားမြင့်မြင့်ကြာတော့ ကေသရီကို ဖက်ထားပြီး ကယောင်ကတန်းဖြင့် အော်နေ သည်။ အိမ်ပေါ်ထပ်သို့


www.burmeseclassic.com

www.burmeseclassic.com


ပြေးတက်လာသော ခြေသံများကိုလည်း ကြားလိုက်ရသည်။

"မြင့်မြင့် မြင့်မြင့် သမီးလေးကေသရီ ဘာဖြစ်သွား သေးလဲ"

အဘ ဦးအိုက်မောင်း၏ အသံကို ကြားလိုက်တော့မှ ကေသရီ မျက်လုံးကို ပြန်၍ဖွင့်ကြည့်မိတော့သည်။ အန္တရာယ် မရှိတော့။ ဦးအိုက်မောင်း၏ လက်ထဲမှ မီးအိမ်အလင်းရောင်ဖြင့် အခန်းတွင်းသို့ ဝေ့ဝဲ၍ ကြည့်လိုက်သောအခါ ဘာကိုမှ မတွေ့ရတော့။ သူ သူရော ဘယ်ကို ရောက်သွားပြီလဲ။

"တော်သေးတာပေါ့ကွယ် သမီးလေးရှိပေလို့။ အချိန်မီ မိန်းခလုတ်ကို ချနိုင်လို့ပေါ့ကွယ်"

"ရှင်"

ကေသရီမှာ ဘွားမြင့်မြင့်၏ အခန်းတွင်းသို့ စရောက်ကတည်းက ကြောက်ကြောက်လန့်လန့်နှင့် ဘာမှ မလုပ်ဖြစ်။ အင်း သူကရော ဘယ်ကနေဘယ်လို ဒီအိမ်ပေါ်ကို ရောက်လာရတာလဲ။ အခုရော ဘယ်ကို ရောက်သွားပြီလဲ။ ကေသရီ အကြောက်လွန်ပြီးတော့များ အမြင်တွေမှားခဲ့သည် သားမသိ ဒါဆို ဘယ်သူကနေပြီး မီးခလုတ်တွေကို. . .

ကေသရီ မတွေးတတ်တော့။

"ကဲ သမီးလေးရော မြင့်မြင့်ရော ပြန်အိပ်ကြတော့။ ဘာမှ အန္တရာယ်မရှိတော့ပါဘူး။ မီးကြိုးတွေ မီးခလုတ်တွေကိုတော့ နက်မှပဲ ပြင်ခိုင်းလိုက်တော့မယ်"

အဘဦးအိုက်မောင်း ပြန်ထွက်သွားသောအခါ ကေသရီလည်း



www.burmeseclassic.com

www.burmeseclassic.com

"အဘွားမြင့်မြင့် မကြောက်နဲ့တော့နော်"

"မကြောက်ပါဘူး သမီးလေးရယ်။ မြင့်မြင့်မှာ ဘာမှ ကြောက်စရာမရှိတော့ပါဘူးကွယ်"

ကေသရီ မော့ကြည့်လိုက်သောအခါ သူမကို ပြုံး၍ငုံ့ကြည့်နေသော အဘွားမြင့်မြင့်ကို တွေ့လိုက်ရသည်။ အဘွားမြင့်မြင့်၏ အပြုံးမှာ လရောင်အောက်တွင် ကြည်လင်၍ ရှင်းသန့်နေပေသည်။ ကေသရီ ကြောက်လန့်ခဲ့ရသော စိတ်အလိုမကျမှုများကိုလည်း မတွေ့ရတော့။

"သမီးလေး အိပ်ချေတော့။ မြင့်မြင့်လည်း နားတော့ မယ်ကွယ်။ အနားယူချင်နေပြီ။ လိမ်လိမ်မာမာ နေရစ်ပေါ့ကွယ်"

"ရှင်"

"မောတယ်ကွယ်"

အဘွားမြင့်မြင့်က ပြုံးပြီး ပြောနေရင်း မျက်လုံးကို မှိတ်ထားတော့သည်။ ကေသရီလည်း ခြေကိုဖွနင်းကာ မိမိအခန်းသို့ ပြန်လာခဲ့တော့သည်။ သူမမှာလည်း အတွေးများဖြင့် မောပန်းနေပေပြီ။ အိပ်စက်၍ အနားယူရန် လိုအပ်နေပေပြီ။

♠♠♠♠♠



www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်း၏ နေချည်နုနုကလေးများက မျက်နှာပေါ်သို့ ဖျာကျလာသောအခါ ကေသရီလည်း အိပ်ယာမှ နိုးလာခဲ့သည်။ အဘွားမြင့်မြင့် အခန်းထဲသို့ ရောက်သောအခါ အဘွားမြင့်မြင့်မှာ မနိုးသေး။ ကေသရီလည်း အဘွားမြင့်မြင့်ကို မနှိုးတော့ဘဲ ကိုယ်လက်သန့်စင်၍ နံနက်စာစားရန် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ကေသရီ နံနက်စာ စားနေစဉ် အဘဦးအိုက်မောင်း ရောက်ရှိလာပြီး

"သမီးရေ မြင့်မြင့် နိုးနေပြီလား"

"မနိုးသေးဘူးအဘ"

"ဒါဆိုလည်း မိလုံးကိုသာ ခဏစောင့်ခိုင်းထားလိုက်မယ်။



www.burmeseclassic.com

www.burmeseclassic.com

သမီးနဲ့ အဘတို့ ခေမာမြိုင်ကို သန့်ရှင်းရေးသွားလုပ်ကြရအောင်ကွယ်။ နေ့ခင်းကျမှ ပြင်စရာရှိတာပြင်ဖို့ ကောင်လေးတွေကို ခေါ်လိုက်မယ်"

ကေသရီနှင့် ဦးအိုက်မောင်းတို့ ခေမာမြိုင့်ကို ထွက်လာတော့ ဖိုးကျော်လေးကလည်း လိုက်ပါလာခဲ့သည်။ ခေမာမြိုင်အိမ်ကြီးကတော့ ဖုန်အလိမ်းလိမ်းဖြင့် ကေသရီတို့ကို ကြိုဆိုနေသည်။ ကေသရီတို့ ကြိုးစား၍ ရှင်းလင်းလိုက်သောအခါ တစ်နာရီခန့်အတွင်းမှာပင် အတော်လေးကို ရှင်းလင်းသွားပြီ။ ဖိုးကျော်လေးနှင့် ကေသရီတို့မှာ သူတို့စိတ်ဝင်စားနေသော ခေမာမြိုင် အိမ်ကြီးအတွင်းသို့ ရောက်ရှိနေသဖြင့် မောရမှန်းမသိ ပျော်နေကြသည်။ ကေသရီမှာ စိတ်လှုပ်ရှားနေသည်။ ကြောက်လန့်စိတ်တော့ မရှိ။

"သမီးရေ အနောက်ဘက်အဆောင်ကို သွားပြီးတော့ ရှင်းကြသေးတာပေါ့"

အနောက်ဘက်အဆောင်၊ မီးလောင်ထားသောအဆောင်။ တစ်ခါက ကေသရီ မျက်စေ့မှားသလိုလို ဖြစ်ခဲ့သောအဆောင်။ အလောင်းကောင်ကြီးများ ရှိနေဦးမည်လားဟု စိုးရိမ်စိတ်ကလေး ဝင်မိသေးသည်။ အနောက်ဘက်အဆောင်ကိုရောက်တော့

"ဒီနားမှာပေါ့ကွယ်။ ပိုင်ပိုင်ရဲ့ အလောင်းကို ပြန်ရခဲ့တာ"

"ရှင်"

ကေသရီ အံ့ဩသွားမိသည်။ အဘဦးအိုက်မောင်း ပြသောနေရာမှာ ဟိုတစ်ခါက ကေသရီ အလောင်းကောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ခဲ့သည့် နေရာ ဖြစ်နေသည်။

"အပေါ်ထပ်ကနေ မြင့်မြင့်ကို ပွေ့ချီပြီး ဆင်းအလာ ဒီနားမှာ ထုပ်တန်းကပြုတ်ကျလာပြီးတော့. . .။ ဟင်း အခုတော့ သူကယ်ထုတ်လိုက်တဲ့ မြင့်မြင့်က အသက်ရှင် ကျန်ရစ်ခဲ့ပေမယ့် သူကတော့ ဆုံးသွားခဲ့ပါယ်ကွယ်။ ဒီနားမှာ ဆုံးတယ် ဆိုတာတောင် အလုပ်သမားတွေ ပြန်ပြောပြလို့ သိရတာပါကွယ်။ အဲဒီတုန်းက အဘကလည်း နယ်စပ်ကို ရောက်နေတယ်လေ"

ဖိုးကျော်လေးကတော့ အဘဦးအိုက်မောင်းညွှန်ပြသော ထုပ်တန်းကြီးကို အနီးကပ်သွား၍ စပ်စုကြည့်နေသည်။ ကေသရီနှင့် အဘဦးအိုက်မောင်းကတော့ ပြတင်းပေါက်များကို ဖွင့်ပြီး အခန်းတွင်းရှိ ဖုန်များ အမှိုက်များကို ရှင်းလင်းနေကြသည် ထိုစဉ် ဖိုးကျော်လေးက

"မမကေသရီ မမကေသရီ ဒီမှာစာအုပ်လေးတစ်အုပ်ဗျ။ သားကိုလာယူပေးပါဦး"

ဖိုးကျော်လေးထံသို့ ကေသရီရော ဦးအိုက်မောင်းပါ သွား၍ကြည့်လိုက်ကြသည်။ ဒိုင်ယာရီလို မှတ်တမ်းလို စာအုပ် တစ်အုပ်က ထုပ်တန်းကြီး၏အောက်တွင် တစ်ပိုင်းတစ်စ ပိမိနေသည်။

"အလိုလေး ဒီအခန်းထဲကို ခဏခဏ လာရှင်းပေး ဖူးပါတယ်။ တစ်ခါမှ ဒီစာအုပ်ကို မတွေ့မိပါလား"

အဘဦးအိုက်မောင်းကတော့ တအံ့တဩ ရေရွတ် နေသည်။ ကေသရီကတော့ စပ်စုလိုစိတ်နှင့် ထုပ်တန်းကြီးကို မရွှေ့ပြီး စာအုပ်လေးကို ယူကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါ ဒါဟာ ပိုင်ပိုင်ရဲ့ စာအုပ်ပဲ၊ အဘ မှတ်မိတယ်"

ပိုင်ရှင်မရှိတော့သည့် မှတ်တမ်းစာအုပ်တစ်အုပ်အား ဖတ်ရှုခွင့်ရှိမရှိ လူမှုရေးကျင့်ဝတ်တို့က ခေါင်းထဲသို့ ရောက်လာသေးသော်လည်း စူးစမ်းလိုစိတ်တို့ဖြင့် ကေသရီ စာအုပ်ကို လှန်ကြည့်လိုက်မိသည်။

BURMESE CLASSIC

စာအုပ်မှာ ဟောင်းနွမ်း၍ ဆွေးမြေ့နေသည့်အပြင် ထောင့်စွန်းများမှာလည်း မီးစွဲထားသေးသည်။ အချို့သော စာရွက်များမှာ ဖတ်၍ပင် မရတော့။ အများအားဖြင့်တော့ ကေသရီ နားမလည်သော စီးပွားရေးအလုပ်များအကြောင်းနှင့် ကိန်းဂဏန်းအချို့။ အချို့စာမျက်နှာများမှာတော့ ရေးထားသူသာ နားလည်မည့် အတိုကောက် မှတ်သားထားသည်များကို တွေ့ရသည်။ နေ့စဉ်မှန်မှန် ရေးသားထားသည့် မှတ်တမ်းများတော့ မဟုတ်ချေ။ မှတ်စရာရှိမှ ရက်စွဲထိုးကာ မှတ်သားထားသော မှတ်တမ်းပင်။ အချို့စာမျက်နှာများတွင် ရက်စွဲထိုးထားသည်ကိုပင် မတွေ့ရ။ တစ်မျက်နှာတွင်

"ခေမာမြိုင်ဟာ အစ်ကိုကြီးရန်နိုင် ပိုင်ရမယ့်အိမ်ပဲ။ သူများလက်ထဲကနေ အစ်ကိုကြီးရန်နိုင်လက်ထဲပြန်ရောက်အောင် ကြိုးစားရမယ့်တာဝန် ငါ့မှာရှိတယ်။ ငါဟာ ခေမာမြိုင်ကို သစ္စာရှိရမယ်"

ဟု ရေးသားထားသည်ကို တွေ့ရသည်။ အခြားသော စာမျက်နှာ တစ်ခုတွင်လည်း

"ကိုကြီးရန်နိုင်ကလည်း လောကကြီးတစ်ခုလုံးကို စိတ်ကုန်နေပြီထင်တယ်။ မြင့်မြင့်ကလည်း စီးပွားရေးအပြင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခြားဘာကိုမှ စိတ်ဝင်စားပုံမရဘူး။ ကိုကြီးရန်နိုင်နဲ့ မြင့်မြင့်တို့မှာ သားသမီးကလည်း မထွန်းကားတော့ နောက်ပိုင်း တို့တွေအားလုံး မရှိတော့ရင် ဒီခေမာမြိုင်အိမ်ကြီးဟာ. . . အင်း ငါ့ရဲ့သဘောအတိုင်းဆိုရင်တော့ ဒီခေမာမြိုင် အိမ်ကြီးကို မိဘမဲ့ကလေးတွေအတွက် အသုံးချစေချင်တယ်။ အကြောင်းကြောင်းကြောင့် အမေရယ် အဖေရယ်လို့ အခေါ်ခံစရာ မရှိတော့တဲ့ ကလေးတွေအတွက် ခေမာမြိုင်ဟာ အုပ်တစ်ချပ်၊ သဲတစ်ပွင့်အနေလောက်နဲ့ အသုံးဝင်ရင် ဘယ်လောက်ကောင်းလိမ့်မလဲ။ ဒါကို အဘဦးစိုင်းလူတို့ ဖေဖေတို့ကလည်း သဘောကျမှာ သေချာပါတယ်။ ကိုကြီးရန်နိုင်နဲ့ မြင့်မြင့်တို့ ကလည်း သဘောတူကြမှာပါ။ လောလောဆယ်မှာ အရေးအကြီးဆုံးကတော့ ကိုကြီးရန်နိုင်ရဲ့ ကျန်းမာရေးပဲ။ ကိုကြီးရဲ့ ကျန်းမာရေး ပြန်ကောင်းလာရင် ငါ့ရဲ့အစီအစဉ်တွေကို ပြောပြရမယ်။ ပြီးရင် တို့ညီအစ်ကိုနှစ်ယောက် အတောင်အထည် ဖော်ရမယ်။ ငါဆိုတဲ့ အမေအဖေမရှိတဲ့သူတစ်ယောက်ကို ခေမာမြိုင်က နွေးထွေးစေခဲ့ပြီးပြီ။ နောက်ထပ် ငါ့လိုက်ဆိုးမယ့် မျက်နှာငယ်ရမယ့် ကလေးပေါင်းများစွာကိုလည်း ခေမာမြိုင်က နွေးထွေးစေချင်သေးတယ်"

အခြားသော စာမျက်နှာများကတော့ ဦးရန်ပိုင်၏ အတွင်းရေးများ ခံစားမှုများကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ကေသရီလည်း ဖတ်မကြည့်တော့ဘဲ အဘဦးအိုက်ခေါင်း၏ လက်ထဲသို့ အပ်လိုက်လေတော့သည်။ ထိုစဉ် ဖိုးကျော်လေးက ကေသရီထံသို့ ပြေးဝင်လာပြီး



www.burmeseclassic.com

www.burmeseclassic.com

"မမကေသရီ ရေ့.. ဒီဦးထုပ်ကို မမကေသရီ ယူလိုက်။ သွားနဲ့မတော်ဘူး။ ဒီလေးခွလေးကိုတော့ သွားဆော့ဖို့ ယူထားမယ်နော်"

ဖိုးကျော်ငလေးက သူတွေ့လာခဲ့သော လေးခွကို ကြွားရင်း ကေသရီ့ကိုလည်း ဦးထုပ်တစ်လုံး အတင်းထိုးပေးနေသည်။ ဘုရားဘုရား သက္ကလပ်ဦးထုပ် အညိုရောင်တစ်လုံး။ ဖုန်အလိမ်းလိမ်းနှင့် နှစ်ပေါင်းများစွာ မဆောင်းဘဲ ပစ်ထားပုံရသည်။

"ဗြော် ဒါ ပိုင်ပိုင်ရဲ့ ဦးထုပ်ပဲကွယ်။ အသစ်တုန်းက ဆိုရင်တော့သမီးလေးနဲ့ သိပ်လိုက်မှာပေါ့ကွယ်။ ခုတော့"

"ခုလည်း အမှတ်တရပေါ့ အဘရယ်"

သေချာပါတယ် ဒါ သူဆောင်းနေကျဦးထုပ်။ သို့ရာတွင်ယခု ကေသရီလက်ထဲမှာတော့ နှစ်ပေါင်းများစွာ ဆောင်းသူကင်းမဲ့နေသည့် လက္ခဏာတို့က အထင်အရှား။ အို ဒါလည်း နောက်ဆုံးမှာတော့ တိုက်ဆိုင်မှုဟုယူဆရတော့မည်ပင်။ နောက်ပြီး ဖိုးကျော်လေး၏ လေ့ကျင့်ခန်းစာအုပ်အတွင်းမှ သူ့လက်ရေးများ။ ကေသရီ မှတ်မိပါသေးသည်။ ယခု မှတ်တမ်းစာအုပ်ထဲမှ လက်ရေးများ။ ဒါကိုလည်း လူတူမရှာ လက်ရေးတူးမရှားဟုပင် သတ်မှတ်ရတော့မည်ဟု စဉ်းစားမိတော့ ကေသရီ ဝမ်းနည်းလာသလိုလို ခံစားရတော့သည်။

"အင်းလေ အခုလည်း သမီးပဲ အမှတ်တရ ယူထားလိုက်ပေါ့"

အဘဦးအိုက်မောင်း ပြောသည်ကို ကေသရီခေါင်းငြိမ့်၍



www.burmeseclassic.com

www.burmeseclassic.com


မိသည်လား မပြမိတော့သည်လား ကေသရီ သူ့ကိုသူ သတိမထားမိတော့။

"ငါ့မှာတော့ နင့်ကိုပေးစရာ ရွှေမန်ကျီးတောင့်တွေတော့ မရှိဘူး။ ဒါပေမဲ့ ငါနင့်ကို မနက်ဖြန်ကျရင် လက်ဆောင်ပေးစရာ ရှိတယ်။ ရွှေမန်ကျီးတောင့် လောက်တော့ အသုံးဝင်မှာပါ"

သူ့ စကားများက နားထဲသို့ ပြန်ဝင်လာသည်။ အဘဦးအိုက်မောင်းက မှတ်တမ်းစာအုပ်ကို ဖတ်ကြည့်ပြီး

"အင်း ဒီနေ့ ခေမာမြိုင်ကို သန့်ရှင်းရေးလုပ်ဖို့ သမီးပေးတဲ့ အကြံကတော့ တစ်ကယ့်ကို အဖိုးတန်တာပဲဟေ့"

တစ်ကယ်က ဒီအကြံကို သူကစတင်ပေးခဲ့ခြင်းပင်။

"နင်က သရဲကိုတော့ ကြောက်တယ်။ ငါ့ကိုတော့ မကြောက်ဘူးလား"

ကေသရီ သူနှင့်တွေ့စက သူပြောခဲ့သော စကားတစ်ခွန်းကိုလည်း ပြန်သတိရမိသည်။ နောက်ပြီးတော့

"တစ်နေ့နေ့တော့ ရမှာပေါ့ဟာ။ သရဲဆိုတာက ရွှေမန်ကျည်းတောင့်တွေလည်း ပေးတတ်တယ်။ သူ့ကို ကြောက်နေရတာကလည်း စပ်ဖျင်းဖျင်းနဲ့။ ဒီတော့ အရသာ နှစ်မျိုးနဲ့ မကျည်းတော်ဖီပေါ့ဟာ"

အို နောက်ဆုံးတော့လည်း တိုက်ဆိုင်မှုပါပဲလေ။ ခေမာမြိုင်အကြောင်း ကောင်းကောင်းသိတဲ့ တောင်လေး တစ်ယောက်က သူမနှင့် ခင်မင်ခဲ့သည်ပေါ့။ ဒါဟာ အမှန်ဆုံး လေ။ ကမ္ဘာကြီးဟာ တိုက်ဆိုင်မှုတွေနဲ့ ပြည့်နှက်နေတာပဲဟု မဆုံချင်သော်လည်း အတင်းပင်ယုံကြည်ပစ်လိုက်ရဦးတော့မည်။


www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွေ့ ကေသရီလည်း မိုးမခမြိုင် ရှိ မျက်နှာနေရာ ဆေးသားပျက်နေသော ခါတ်ပုံကိုတစ်လှည့် သူမ၏ သူငယ်ချင်းကိုတစ်လှည့် ပြန်မြင်ယောင် နေမတော့သည်။ ကေသရီတို့သုံးယောက်လည်း မိုးမခမြိုင်သို့ ပြန်လာခဲ့ပြီး အဘွားမြင့်မြင့်လက်ထဲသို့ ဦးရန်ပိုင်၏ မှတ်တမ်းစာအုပ်ကို အပ်ခဲ့လိုက်သည်။ အဘွားမြင့်မြင့်က

"ကဲ သမီးလေး ဖိုးကျော်လေးနဲ့ ဆော့နေရစ်နော်။ ညနေရောက်မှ မြင့်မြင့်ဆီကို ပြန်လာခဲ့"

ကေသရီတို့ကို ထိုမျှသာ ပြောပြီး ဦးရန်ပိုင်၏ မှတ်တမ်းစာအုပ်ကို ဖတ်နေလေတော့သည်။ ကေသရီလည်း အလိုက်တသိပင် အောက်သို့ဆင်း၍လာခဲ့ကြတော့သည်။

ညနေရောက်၍ ကေသရီနှင့် ဖိုးကျော်လေးတို့ အဘွားမြင့်မြင့်အခန်းသို့ တက်လာခဲ့သောအခါတွင်တော့. . .

အဖွားမြင့်မြင့်မှာ ဦးရန်ပိုင်၏ နေ့စဉ်မှတ်တမ်းကလေးကို ပိုက်၍ပြုံးနေသည်။ အရာရာကို စိတ်တိုင်းကျ၍ ကျေနပ်နေသော အပြုံးမျိုး။ အဘွားမြင့်မြင့်၏ အပြုံးမှာ လွန်စွာပင် လှပ၍ အသက်ဝင်နေသော်လည်း. . .

အဘွားမြင့်မြင့်မှာတော့ မိုးမခမြိုင် ခေမာမြိုင်နှင့် ကမ္ဘာကြီးကိုပါ ချန်ထားရစ်ခဲ့၍. . .

ကေသရီနှင့် ဖိုးကျော်တို့လည်း အဘွားမြင့်မြင့်၏ အသက်မဲ့ခန္ဓာကြီးကို ပွေ့ဖက်၍ ငိုကြွေးမိကြတော့သည်။

♠♠♠♠♠

www.burmeseclassic.com

www.burmeseclassic.com

ကေသရီ ကားပေါ်သို့ တက်လိုက်သောအခါ ဒေါ်လုံး ဖိုးကျော်နှင့် ဖိုးကျော်၏ မိဘနှစ်ဦးက ကေသရီကို လက်ပြ၍ ကျန်ရစ်ခဲ့ကြသည်။

အဘွားမြင့်မြင့်၊ ဦးရန်ပိုင်နှင့် ဦးရန်နိုင်တို့အပါအဝင် မိုးမခမြို့နှင့် ခေမာမြို့ရှိ ကွယ်လွန်ပြီးသူတို့အား ရည်စူး၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ကာ အမျှအတမ်း ပေးဝေပြီးပြီ။ အဘဦးအိုက်မောင်းမှာလည်း သာသနာ့ဘောင်သို့ အပြီးတိုင် ခိုလှုံသွားခဲ့ပြီ။ ကွယ်လွန်သူတို့၏ ဆန္ဒအရ မိဘမဲ့ကလေးများ ဂေဟာအတွက် သက်ဆိုင်ရာသို့ လှူဒါန်းပြီးပြီ။ ညှိုသည်ဖြစ်သော ကေသရီမှာလည်း အချိန်တန်တော့ အိမ်ပြန်ရလေပြီ။

အဝေးပြေးကားကြီးက စတင်ထွက်ခွာသောအခါ



www.burmeseclassic.com

www.burmeseclassic.com

ကားပြတင်းမှ အေးစက်နေသော လေများက တိုးဝှေ့ဝင်ရောက်လာတော့သည်။ ကေသရီလည်း သက္ကလပ်ဦးထုပ်အညိုလေးကို ဆောင်းလိုက်သောအခါ တစ်ကိုယ်လုံး နွေးထွေးသွားတော့သည်။

'ရန်ကုန်ပြန်ရောက်လျှင်တော့ ရွှေမန်ကျီးတောင့်တွေကို ရှာပြီးပြန်လာခဲ့သည်'ဟု ယင်းမာကို ကြွားနိုင်မြဲဖြစ်သည်။



www.burmeseclassic.com